# အင်ဒိုနေးရှားသာသနာပြု
# မှတ်တမ်း

# မာတိကာ


သာသနာပြုကြွခြင်း၏ အကြောင်းရင်း

သာသနာပြုမည့်ပုဂ္ဂိုလ် ရဟန်းခံခြင်း

အင်ဒိုနေးရှားအကြောင်း အကျဉ်းချုပ်

ရာသီဥတု

ရုပ်ရေနှင့် အလုပ်အကိုင်

ဗုဒ္ဓဘာသာနိုင်ငံဖြစ်ဘူးခြင်း

ဟိန္ဒူနိုင်ငံဖြစ်ခြင်း

မူစလင်နိုင်ငံဖြစ်သွားခြင်း

ဘာသာနှင့် လူဦးရေ

အရှင်ဇိနရက္ခိတ သာသနာပြုပုံ

သာသနာပြုကြွရန် ပင့်လျှောက်ခြင်း

ဗုဒ္ဓသာသနာအဖွဲ့မှ ဆောင်ရွက်ခြင်း

သာသနာပြုကြွတော်မူခြင်း

ဂျဝါး၌ အံ့ဘွယ်

ပဌမဆုံး ရှင်ပြုပွဲ

အတိတ်နိမိတ်ကောင်းသော အမည်

သက်သတ်လွတ်ဆွမ်းဟင်း

ခရီးစဉ် ထွက်ပြီ

ကြည်ညိုဘွယ် ကောင်းသည်

ဆမာရမ်သို့ ခရီးဆက်ပြန်ခြင်း

သိမ်နေရာ ကြည့်ရှုကြခြင်း

ဒုတိယရှင်ပြုပွဲ

သိမ်သမုတ်ပွဲ

တတိယ ရှင်ပြုပွဲ

သိမ်သမုတ်ပွဲ

ဗုဒ္ဓဂယာကျောင်း၌ ဝေသာခပွဲတော်

မဟာစည်ဆရာတော်၏ သီးခြားတရားပွဲ

ပဌမ ရဟန်းခံပွဲ

ဗောရောဗုဒူးသို့ ကြွခြင်း

ကျန္ဒီမင်နွတ်ပူဇော်ပွဲ

ဗောရောဗုဒူး၌ ဝေသာခပွဲတော်

ဗောရောဗုဒူးပူဇော်ပွဲ

စေတီတော်ကြီး၏ ပုံသဏ္ဌာန်

ဆင်းတုတော် လေးမျိုး

ရုပ်လုံး ဇာတ်ကားတွေ

ခုနှစ်နှင့် ဒါယကာ

စေတီကြီးပေါ်၌ ဘာဝနာပွားခြင်း

လူထုက စိတ်ဝင်စားစွာ ကြည့်ရှုခြင်း

ဗောရောဗုဒူးဝေသာခပွဲတော်၌ မဟာစည်ဆရာတော်၏မိန့်ခွန်း

(သံမှူး) ဦးတင်လတ်၏ မိန့်ခွန်း

မဟာစည်ဆရာတော်အဖွဲ့ ခရီးစဉ်

မဟာစည်ဆရာတော်၏ စဉ်းစားဆုံးဖြတ်ချက်

ဒေသစာရီ လှည့်လည်ခြင်း

ဂျူဝါနာမြို့သို့ ရောက်ခြင်း

လာ့ဆန်းမြို့သို့ ရောက်ခြင်း

တောရွာကလေးနှင့် အသေးဆုံးဝိဟာရ

ဘလိုရာမြို့သို့ ရောက်ခြင်း

စုရဘာယာမြို့သို့ ရောက်ခြင်း

သတင်းစာကွန်ဖရင့်ပြုလုပ်ခြင်း

ဥပါသကာအဖြစ် ခံယူကြခြင်း

ဗာလီကျွန်းသို့ ကြွခြင်း

ခြေလျင် လျှောက်ကြရခြင်း

ဆရာတော်များ၏ စံကျောင်းကလေး

နတ်ကွန်းတွေ ပေါသည်

လောကီအကျိုး ကြိုက်သည်

ဒင်ပဆာမြို့သို့ ရောက်ခြင်း

ဗာလီ ပုဏ္ဏားတွေ

လင်းနို့ဂူကြီး

ကရင်အဆန်မြို့တော်

ကရင်အဆန်မြို့ တရားပွဲ

ဗာလီ ရဟန်းခံပွဲ

ရဟန်းခံရာ သိမ်

မန္တန်အစွမ်းနှင့် နေ့ဆွမ်း

သယ်ရာဇာမြို့သို့ ရောက်ခြင်း

မဓုရာကျွန်းသို့ ကြွခြင်း

မီးတွင်းကလေး

တဆင့်ကြား ဝတ္ထု

ပါမီကဆန်မြို့ တရားပွဲ

မဟာစည်ဆရာတော်၏ သီးခြားတရားပွဲ

ဗုဒ္ဓဘာသာဝင် တစ်သန်းခွဲ

ပရိတ်နှင့် ပုလိပ်

မိုဂျိုကာတိုမြို့ တရားပွဲ

ဝိဟာရ ဗုဒ္ဓဂယာသို့ ပြန်ရောက်ခြင်း

နယ်လှည့်အဖွဲ့နှစ်ခုခွဲ၍ ထွက်ပြန်ခြင်း

ဗောရာဗုဒူးကို ဒုတိယအကြိမ် ဖူးမျှော်ခြင်း

အစိုးရက စောင့်ရှောက်ထားခြင်း

အရှင်ပိယဒဿီ၏ အကြံပေးချက်

မကလန်မြို့သို့ ရောက်ခြင်း

ဝေါနောဆိုကိုမြို့သို့ ရောက်ခြင်း

မဟာစည်ဆရာတော်၏ သီးခြားတရားပွဲ

ငိုဘိုလ်တောရွာ တရားပွဲ

ကုတောအာရ်ဂျိုမြို့သို့ ရောက်ခြင်း

မီးရထားခေါင်းတွဲပြုတ်သွားခြင်း

ဥပါသကာအဖြစ် ခံယူကြခြင်း

ကြိခမ္မ ဝိဟာရ

သုခဘူမိမှာ ပြီးဆုံးသည်

အရှင်ဇိနရက္ခိတ ဓာတိဌာန

နောက်ဆက်တွဲ တရားတော်များ

တရား အစပျိုးပုံ

ရှိဝဗုဒ္ဓ

ဘာသာမပြောင်းတဲ့နိုင်ငံ ၂–နိုင်ငံ

ဗာလီကျွန်း၏ အလေ့ဆိုး

ဗုဒ္ဓမြတ်စွာဘုရားအကြောင်း

ဗုဒ္ဓမြတ်စွာ၏ တရားတော်

ဩဝါဒ ၃–ပါး ရှင်းပြချက်

ပုံဝတ္ထုများ

မောင်ဒုက္ခဝတ္ထု

ပျားကောင်ဝတ္ထု

အမေးအဖြေများ

သတ္တဝါတွေကို ဖန်ဆင်းသူ ရှိသလား

ဗုဒ္ဓဘာသာဝင် လူကျင့်ဝတ်

ဗုဒ္ဓဘာသာဝင် ရဟန်းကျင့်ဝတ်

ရဟန်းတော်များနှင့် သက်သတ်လွတ်

ခေါင်းတုံးရိတ်ခြင်း၏ အကျိုး

အဝါရောင်သင်္ကန်း

ဒါလိုင်လားမားနဲ့ အရိမေတ္တာယျ

တရားအားထုတ်ခြင်းနှင့် အတိတ်ဘဝ အနာဂတ်ဘဝ

သေပြီးနောက် ဘဝသစ်

သေပြီးနောက် ဖြစ်မည့်နေရာ

ကောင်းတာလုပ်သူနှင့် ဘေးဒုက္ခ

ဆင်းတုစေတီရှိခိုးရခြင်းအကြောင်း

မိတ်ဆွေပေါခြင်း မိတ်ဆွေရှားခြင်း

# ဤစာအုပ် နိဒါန်း

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၂၁–ခုနှစ် ကဆုန်လဆန်း ၈–ရက်နေ့မှ ၁၃၂၁–ခုနှစ် နယုန်လပြည့်ကျော် ၁၀–ရက်နေ့အထိ အင်ဒိုနေးရှားပြည်သို့ သာသနာပြုကြွတော်မူခဲ့လေသည်။

အင်ဒိုနေးရှားပြည်သည် လွန်ခဲ့သော ရာစုနှစ်များစွာက ဗုဒ္ဓသာသနာရောင် ထွန်းပြောင်ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း သံဃာရတနာကို မြင်ဘူးသူ မရှိလောက်အောင်ပင် သာသနာကွယ်ပခဲ့သည်မှာ နှစ်ပရိစ္ဆေဒအတော်ကြာခဲ့လေပြီ။

၁၃၁၅–ခုနှစ်ကမှ အင်ဒိုနေးရှားပြည်သား မစ္စတာဘွန်အံသည် မြန်မာနိုင်ငံသို့ လာရောက်၍ ဗုဒ္ဓသာသနာတော်၏ ကျင့်ဝတ်ပဋိပတ်များကို လေ့လာဆည်းပူးကာ ရဟန်းအဖြစ်ကို ခံယူ၍ အင်ဒိုနေးရှားပြည်သို့ ပြန်လည်ပြီး သာသနာပြုခဲ့လေသည်။

အရှင်ဇိနရက္ခိတ၏ ငါးနှစ်ငါးမိုး ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်လာကြသော ဗုဒ္ဓသာသနာဝင် ဥပါသကာများ တစတစ များပြားလာသည်သာမက သာသနဝန်ထမ်း ရှင်ရဟန်းအဖြစ်ကိုပါ ခံယူကြမည့် ပုဂ္ဂိုလ်ထူးများပင် ပေါ်ပေါက်ခဲ့လေသည်။

ထိုပုဂ္ဂိုလ်ထူးများအား ရှင်ရဟန်းပြုပေးရေး, ရဟန်းသံဃာများ ကံကြီး ကံငယ်ဆောင်ရွက်ရန်အတွက် သိမ်သမုတ်ရေး စသော သာသနာပြုကိစ္စများကို ဆောင်ရွက်ချီးမြှင့်တော်မူမည့် သာသန ခေါင်းဆောင် မဟာထေရ်ကြီး တစ်ပါးအား အင်ဒိုနေးရှားပြည်သို့ ကြွရောက်ချီးမြှောက်စေပါမည့်အကြောင်း နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ မေတ္တာရပ်ခံခဲ့လေသည်။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကလည်း အရှင်ဇိနရက္ခိတ၏ ဥပဇ္ဈာယ်ဆရာရင်းဖြစ်သော အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးအားပင်လျှင် ကြွရောက်ချီးမြှောက်ပါမည့်အကြောင်း လျှောက်ထားခဲ့သည့်အတိုင်း ဆရာတော်သည် ကြွရောက်တော်မူခဲ့လေသည်။

ဤသို့ ကြွရောက်တော်မူသောကြောင့်လည်း (၁) သာသနာတော်နှင့်စပ်သော အကျိုးကျေးဇူးများ၊ (၂) မြန်မာနိုင်ငံနှင့် စပ်သော အကျိုးကျေးဇူးများ ပေါ်ပေါက်ခဲ့လေသည်။

၁။ သာသနာတော်နှင့်စပ်သော အကျိုးကျေးဇူးများမှာ (၁) အင်ဒိုနေးရှားပြည်၌ မရှိသေးသော သိမ်ကို သမုတ်ခဲ့ခြင်း၊ (၂) မဖြစ်ဘူးသေးသော ထေရဝါဒ ရှင်ပြုမင်္ဂလာပွဲကို ပြုလုပ်ခဲ့ခြင်း၊ (၃) မဖြစ်ဘူးသေးသော ထေရဝါဒ ရဟန်းခံကို နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့၍ အင်ဒိုနေးရှားပြည်သား သာသနာဝန်ထမ်း ရဟန်းနှစ်ပါး ဖော်ထုတ်ခဲ့ခြင်း၊ (၄) ရဟန်းသံဃာကို မမြင်ဘူးသေးသော အင်ဒိုနေးရှား ပြည်သူပြည်သားတို့အား ရဟန်းသံဃာကို တွေ့မြင်စေလျက် ဒဿနာနုတ္တရိယဂုဏ်ကို ဖြစ်စေခြင်း၊ (၅) မြို့ရွာအသီးသီး ဌာနအသီးသီးတို့၌ လူပေါင်းများစွာတို့အား တရားတော်များ ဟောကြားပြသလျက် သဝနာနုတ္တရိယဂုဏ်ကို ဖြစ်စေခြင်း၊ (၆) အင်ဒိုနေးရှား ပြည်သူပြည်သား လူပေါင်းများစွာတို့အား သရဏဂုံသီလ ယူစေလျက် ဗုဒ္ဓသာသနာဝင် အစစ်ဖြစ်သို့ ရောက်စေခြင်း၊ (၇) ဗုဒ္ဓသာသနာဝင်ဖြစ်ပြီးသော သူတို့အားလည်း သာသနာတော်ကို သက်ဝင်ယုံကြည်သည်ထက် သက်ဝင်ယုံကြည်အောင် ချီးမြှောက်ခဲ့ခြင်းစသော ဗုဒ္ဓသာသနာနှင့် စပ်သည့်အကျိုးတို့ ပြီးစီးခဲ့လေသည်။

၂။ မြန်မာနိုင်ငံတော်နှင့်စပ်သော အကျိုးများမှာလည်း (၁) အင်ဒိုနေးရှားပြည်သို့ ပြန်လည်ရောက်ရှိလာသော သာသနာသည် မြန်မာနိုင်ငံတော်မှ ယူဆောင်သွားသော ထေရဝါဒ ဗုဒ္ဓသာသနာ ဖြစ်သောကြောင့် မြန်မာနိုင်ငံတော်ကို အာရုံညွတ်လျက် ရှိနေကြခြင်း၊ (၂) မဟာစည်ဆရာတော် ကြွရောက်သွားသောအခါ ရောက်ရာ ရောက်ရာ ဌာနတိုင်းတွင် မြန်မာပြည်က ထင်ရှားသော ဆရာတော်တစ်ပါး ကြွလာတော်မူပါပေသည်ဟု နှစ်သက်အားရကြကာ မြန်မာနိုင်ငံတော်အား ရှိသေလေးစားကြခြင်း၊ (၃) ၎င်းတို့ အလေးအမြတ်ပြုနေကြသော အရှင်ဇိနရက္ခိတ၏ ဥပဇ္ဈာယ်ဆရာ မြန်မာတိုင်းဘွား မြန်မာအမျိုးသား ဖြစ်ပါပေသည်တကားဟု မြန်မာပြည်အား အမွှန်းတင်ကြခြင်း၊ (၄) အခြားသော ထေရဝါဒနိုင်ငံတို့ထက် ပဋိပတ္တိသာသနာ ထွန်းလင်းရာတွင် ပိုမိုထင်ရှားသော မြန်မာနိုင်ငံတော်မှ ပဋိပတ္တိသာသနာပြု ကမ္မဋ္ဌာနာစရိယ ဆရာတော် တစ်ပါး ကြွလာပါပေသည်ဟု အလေးအမြတ်ပြုကြခြင်း (၅) မြန်မာနိုင်ငံတော်မှ ဆဋ္ဌသံဂါယနာတင်ရာတွင် ပဓာနဝန်ဆောင် ဖြစ်တော်မူသော ဆရာတော် ကြွရောက်လာပါပေသည်ဟု ဆဋ္ဌသံဂါယနာတင်ခဲ့သော မြန်မာနိုင်ငံတော်အား ဂုဏ်ပြုကြခြင်း၊ (၆) မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရ၏ ကိုယ်စား သာသနာရေးကိစ္စ အဝဝတို့ကို ဆောင်ရွက်နေသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က အင်ဒိုနေးရှား လူမျိုးတို့ သာသနာတော်သို့ ဝင်ရောက်၍ ရှင်ရဟန်းပြုနိုင်ရေးအတွက် သပိတ် သင်္ကန်း စသော ပရိက္ခရာ အသုံးအဆောင်တို့ကို အပြည့်အစုံ လှူဒါန်းလိုက်သည့် အတွက်လည်း မြန်မာနိုင်ငံတော်၏ စေတနာ ထက်သန်ပုံကို ဂုဏ်ပြုချီးကျူးကာ (နိုင်ငံခြား သံဃာတော်များကပါ) သာခုခေါ်ကြခြင်း၊ (၇) အင်ဒိုနေးရှားပြည်သို့ မဟာစည်

ဆရာတော်ဘုရား ကြွရောက် သာသနာပြုနိုင်ရေးအတွက် ပင့်ဆောင်ပေးသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးအား ကျေးဇူးတင်ခြင်းဖြင့် မြန်မာနိုင်ငံတော်ကို အလေးအမြတ်ပြုလာခြင်း စသော အကျိုးတရားတို့ ပေါ်ပေါက်လာသည့်အပြင် ဤသို့ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်သာသနာပြုတော်မူခဲ့သောကြောင့်လည်း ဤမည်သော "အင်ဒိုနေးရှားပြည်သွား သာသနာပြု မှတ်တမ်း" တစ်ရပ် ပေါ်ပေါက်လာခဲ့ပေသည်။

ဤသာသနာပြု မှတ်တမ်းကို ရှင်လူအများ ဖတ်ရှု ကြားနာကြရပါက သာသနာတော်နှင့်စပ်၍ အားရဝမ်းမြောက်ဘွယ်ရာများ, ဂုဏ်ယူဘွယ်ရာများနှင့် သာဓုအနုမောဒနာ ပြုဘွယ်ရာများကို တွေ့ကြရမည်ဖြစ်ပါသောကြောင့် အများရှင်လူ ပြည်သူပြည်သားတို့ အကျိုးငှါ စာအုပ်အဖြစ် စက်တင်ပုံနှိပ်အပ်ပါသတည်း။

မင်္ဂလာဦးအောင်မြင့်<br>
၆–၉–၅၉<br>
(ချမ်းသာစာပေ)<br>
အမှတ်–၁၁၊ စိန်မေတ္တာရပ်၊<br>
ဟာမစ်တစ်လမ်းထိပ်၊ ကုက္ကိုင်း၊<br>
ရန်ကုန်မြို့။

# အင်ဒိုနေးရှား သာသနာပြုမှတ်တမ်း

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(ဤမှတ်တမ်းမှာ မဟာစည်ဆရာတော် တွေ့မြင်ကြားသိခဲ့သမျှ မှတ်မိသမျှကို အကျဉ်းချုပ် ဖော်ပြချက်မျှသာ ဖြစ်သည်။ အချို့နေရာ၌ လိုနေသည်လည်း ရှိလိမ့်မည်။ ၎င်းမှာ စုံစမ်းမေးမြန်းခွင့် မရခဲ့သောကြောင့် ဖြစ်သည်။ ထိုပြင် ဤမှတ်တမ်းကို မဟာစည်ဆရာတော် ကိုယ်တိုင်ပင် ရေးသားသော်လည်း မိမိကိုယ်ကို ဖော်ပြရာများတွင် "ဆရာတော်"ဟု သာမည ဖော်ပြထားလျှင် စာဖတ်သူတို့မှာ အခြားဆရာတော်များနှင့် နားရှုတ်နေဖွယ် ရှိသောကြောင့် ထိုသို့ မရှုတ်ဘဲ အလွယ်တကူ နားလည်စေရန် "မဟာစည်ဆရာတော်" ဟူ၍ပင် အညာပဒေသနည်းဖြင့် ဖော်ပြထားသည်။ အညာပဒေသ နည်းဆိုသည်မှာ မိမိကိုယ်တိုင်ပင် သူတပါးကိုကဲ့သို့ ဖော်ပြသောနည်း ဖြစ်သည်။)

## သာသနာပြု ကြွခြင်း၏ အကြောင်းရင်း

၁၃၁၅–ခု နတော်လဆန်း ၁၁–ရက် (၁၇–၁၂–၅၃)က အင်ဒိုနေးရှားပြည် ဂျာဝါးကျွန်း ဂျကာတာမြို့မှ မစ္စတာ ဘွန်အန် အမည်ရှိသော ကျောင်းဆရာတစ်ဦးသည် မြန်မာပြည် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ လာရောက်ပြီးလျှင် မဟာစည်ဆရာတော်၏ ထံ၌ သြဝါဒခံယူ၍ ဝိပဿနာတရားကို ကျင့်သုံးအားထုတ်ခဲ့သည်။

၎င်းဘွန်အန်သည် မဟာစည်ဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဉာဏုတ္တရတို့၏ ညွှန်ကြားပြသချက် အတိုင်း ရှိသေစွာလိုက်နာ၍ အားထုတ်သဖြင့် ဝိပဿနာဉာဏ်စဉ်တရားကို ကိုယ်တွေ့နှင့် တိုက်ဆိုင်၍ နားလည်ဆုံးဖြတ် နိုင်သော အခြေသို့ ရောက်ခဲ့ပေသည်။ သို့ဖြစ်၍ ၁၃၁၅–ခု တပေါင်းလဆန်း ၃–ရက်နေ့မှာ မဟာစည်ဆရာတော်က ဘွန်အန်အား ဝိပဿနာဉာဏ်စဉ်တရားကို အပြည့်အစုံ ရှင်းလင်းဟောပြခဲ့ပေသည်။

## သာသနာပြုမည့်ပုဂ္ဂိုလ် ရဟန်းခံခြင်း

မစ္စတာဘွန်အန်မှာ ဗုဒ္ဓသာသနဓမ္မကို ကိုယ်တိုင်တွေ့သိရသဖြင့် ရဟန်းအဖြစ်ကို ခံယူရန် ထက်သန်သော သဒ္ဓါ ဆန္ဒ ဖြစ်ပေါ်လာပေသည်။ ထို့ကြောင့် မစ္စတာဘွန်အန်အား သတိုးသီရိဓမ္မ သူဌေးကြီး ဆာဦးသွင်–ဒေါ်ဒေါ်သိန်းတို့က ရဟန်း ဒါယကာအဖြစ် ခံယူ၍ မဟာစည်ဆရာတော်အမှူး ရှိသော သံဃာတော်က ၁၃၁၅–ခု တပေါင်းလဆုတ် ၁၅–ရက် (၅–၄–၅၄) စနေနေ့မှာ သာသနာ့ရိပ်သာ သိမ်တော်၌ ဥပသမ္ပဒ ကံဆောင်၍ ရဟန်းပြုပေးခဲ့ပေသည်။ ထိုကံဆောင်ရာ၌ ဥပဇ္ဈာယ်ဆရာမှာ မဟာစည်ဆရာတော်ဖြစ်သည်။ ကမ္မဝါဆရာများမှာ (၁) အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာဏုတ္တရ (၂) အဂ္ဂမဟာပဏ္ဍိတ သီဟိုဠ်ဆရာတော် အရှင်အာနန္ဒမေတ္တေယျ (၃) တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တ သာရာဘိဝံသ (၄) သာသနာ့ရိပ်သာ ဥပကမ္မဋ္ဌာနစရိယ အရှင်သုဇာတ (၅) သာသနာ့ရိပ်သာ ဥပကမ္မဋ္ဌာနာစရိယ အရှင်ဝဏ္ဏိတ စသည်တို့ ဖြစ်သည်။ ထိုအင်ဒိုနေးရှား ရဟန်းသစ်အား မဟာစည်ဆရာတော်က သာသနာတော်ကို ချီးမြှောက်ပြုစုနိုင်စေရန် ရည်သန်၍ ဇိနရက္ခိတဟု ဘွဲ့အမည်ပေးထားသည်။ ဘေးရန်ဟူသမျှကို အောင်တော်မူသည့် ဘုရားရှင်က စောင့်ရှောက်အပ်သော သူဟု ဆိုလိုသည်။ ထိုအရှင်ဇိနရက္ခိတသည် မဟာစည်ဆရာတော်၏ ထံ၌ တစ်နှစ် ကျော်ကျော် နေထိုင်ကျင့်သုံးလျက် သာသနဓမ္မကို ဆည်းပူးလေ့လာပြီးနောက် မိမိ၏ တိုင်းရင်းဌာန အင်ဒိုနေးရှားသို့ ပြန်ကြွသွားလေသည်။

## အင်ဒိုနေးရှားအကြောင်း အကျဉ်းချုပ်

အင်ဒိုနေးရှားဟူသော အမည်မှာ ဂရိတ်ဘာသာ စကားနှစ်လုံးပေါင်းစပ်၍ ဖြစ်ပေါ်လာသော အမည်ဖြစ်သည်။ အင်ဒိုမှာ အရှေ့အိန္ဒိယနှင့် စပ်ဆိုင်သည် ဟူ၍၎င်း၊ နေးဆိုစ်မှာ ကျွန်းဟူ၍၎င်း အဓိပ္ပါယ်ရှိသည်။ ထို့ကြောင့် အင်ဒိုနေးရှား ဟူသော အမည်မှာ အရှေ့အိန္ဒိယကျွန်းစုနိုင်ငံဟု ဆိုလိုသည်။

အင်ဒိုနေးရှားနိုင်ငံသည် အာရှတိုက်နှင့် သြစတြေးလျတိုက်တို့၏အကြား အီကွေတာခေါ် ဗဟိုနေသွား လမ်းကြောင်းပေါ်မှာ တည်ရှိသည်။ ကျွန်းပေါင်း သုံးထောင်ကျော်ပါဝင်သည်။ ၎င်းတို့တွင် ထင်ရှားသော ကျွန်းများမှာ စုမာတြာကျွန်း၊ ဂျာဝါးကျွန်း၊ ဗာလီကျွန်း၊ ဝက်စ်အီရီယန်ခေါ် နယူးဂီနီကျွန်း အနောက်ပိုင်း၊ ကလီမန္တခေါ် ဘိုညိုကျွန်း တောင်ပိုင်း၊ စုလဝေစီခေါ် စလေဘတ်စ်ကျွန်းတို့ ဖြစ်သည်။ မြေဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၇၃၅၀၀၀– ရှိသည်။ လူဦးရေမှာ သန်း ၈၀–ခန့်ရှိသည်။

ထိုကျွန်းစုထဲက ဂျာဝါးကျွန်းမှာ လူဦးရေ သန်း ၅၀–ခန့်ရှိ၍ လူနေအများဆုံးကျွန်းဖြစ်သည်။ အင်ဒိုနေးရှား အစိုးရ၏ တည်ရာဖြစ်သော ဂျာကာတာမြို့မှာလည်း ထိုဂျာဝါးကျွန်းမှာပင် တည်ရှိသည်။ စင်္ကာပူမှ ဆောင်ဘက် ၅၂၅–မိုင် ရန်ကုန်မှ မိုင် ၁၅၆၀–ဝေးသည်။

## ရာသီဥတု

ပကတိ မြေပြင်အရပ်ဒေသများ၌ ပူအိုက်ခြင်းရှိသည်။ သို့သော် မကြာမကြာ မိုးရွာလေ့ရှိသောကြောင့် မြန်မာပြည် နွေရာသီလောက်ကား မပူပေ။ ရန်ကုန်၌ ဝါဆို ဝါခေါင် နေပွင့်သော အခါများမှာ အပူအအိုက်မျိုးပင်ဖြစ်သည်။ ပေ နှစ်ထောင်ကျော် သုံးထောင်မြင့်သော တောင်ပေါ် အရပ်ဒေသများမှာ ရှမ်းပြည်က နွေဥတုကဲ့သို့ပင် အေးမြသာယာလျက် ရှိသည်။

## ရှပ်ရေးနှင့်အလုပ်အကိုင်

ဂျာဝါးကျွန်း, ဗာလီကျွန်းတို့၌ လူများမှာ ရုပ်ရေပုံပန်းအားဖြင့် မြန်မာတို့နှင့် မထူးခြားလှပေ။ အလုပ်အကိုင်မှာ လည်း အများအားဖြင့် လယ်သမားများဖြစ်ကြသည်။ ထိုကျွန်းများ၌ မကြာမကြာ မိုးရွာလေ့ရှိသောကြောင့်၎င်း၊ မိုးနည်း သော အရပ်များ၌လည်း တူးမြောင်းများဖြင့် အမြဲတမ်း ရေလွှတ်ပေးနိုင်သောကြောင့်၌လည်း ထူးမြောင်းများဖြင့် အမြဲတမ်း ရေလွှတ်ပေးနိုင်သောကြောင့်၎င်း၊ လယ်များမှာ ရာသီမရွေး မပြတ်စိုက်ပျိုးလုပ်ကိုင်နေကြသည်။ လယ်ကွင်း တစ်ခုတည်း မှာပင် တနေရာ၌ စိုက်ပျိုးနေသည်ကို တွေ့ရ၍ အခြားတနေရာ၌ အသီးအနှံရိပ်သိမ်းနေသည်ကိုလည်း တွေ့ရတတ်သည်။ မြေသြဇာကလည်း ကောင်းပုံပေါ်သည်။ တစ်နှစ်အတွင်းမှာ နှစ်ကြိမ်လောက် ထပ်၍စိုက်ပျိုးနေသော်လည်း စပါးပင်များမှာ သန်စွမ်း၍ အသီးအနှံများမှာလည်း ဖွံ့ဖြိုး ထွားကြိုင်းလျက်ရှိသည်။ အချို့ တောင်များမှာ တောင်ခြေမှ တောင်ထိပ်အထိ လယ်ကွက်များဖြင့် ဖုံးအုပ်လျက်ရှိသည်။ အသီးအနှံများမှာလည်း သန်စွမ်းလျက်ရှိသည်။ သို့သော် ထိုလယ်သမားများမှာ ချမ်းသာကြွယ်ဝဟန် လက္ခဏာကား မရှိပေ။ အကြောင်းမှာ တစ်မိုင်စတုရန်းအတွင်းမှာပင် လူဦးရေ ၈၅၀–မှ ၁၀၀၀–အထိ ရှိနေသဖြင့် လုပ်ကိုင်ရန် မြေကွက် မလုံလောက်သောကြောင့်ဟု ဆိုကြသည်။

## ဗုဒ္ဓဘာသာနိုင်ငံဖြစ်ဘူးခြင်း

လွန်ခဲ့သော နှစ်ထောင် (၂၀၀၀)လောက် ကာလဆီက အိန္ဒိယမှ ကုန်သည်များသည် ရှေးဦးစွာ စုမာတြကျွန်းသို့ ရောက်လာကြသည်။ ထိုနောင် ဂျာဝါးကျွန်းနှင့် အခြား အင်ဒိုနေးရှားကျွန်းများသို့ ရောက်လာကြသည်။ ၎င်းတို့က ဟိန္ဒူ ယဉ်ကျေးမှုနှင့် ဟိန္ဒူဘာသာ ဗုဒ္ဓဘာသာတရားများကို အင်ဒိုနေးရှားသို့ သွတ်သွင်းပေးကြသည်ဟု ရာဇဝင်ဆရာတို့က ဆိုကြသည်။ နောက်ကာလများ၌ ဟိန္ဒူဘာသာဝင် ဘုရင်များ အုပ်စိုးသည့် ဟိန္ဒူနိုင်ငံ ဗုဒ္ဓဘာသာနိုင်ငံများ ဖြစ်လာကြ သည်။

ထိုဘုရင်များတွင် ၇–ရာစုနှစ်မှာ စုမာတြတောင်ပိုင်း ပလင်ဘန်းမြို့၌ ထီးနန်းစိုက်သော သိရိဝိဇယမင်း၏ လက်ထက်မှာ ဗုဒ္ဓဘာသာ အထွန်းကားဆုံးဖြစ်သည်။ ထိုမင်း၏ သိရိဝိဇယ ယူနီဗာစီတီကျောင်းတော်ကြီးမှာ ဂုဏ်သတင်း ပျံ့မွှေး၍ အခြားအာရှနိုင်ငံများမှ စာသင်သား များစွာတို့သည် သက္ကတဟိန္ဒီပါဠိ ကျမ်းစာများကို သင်ကြားရန် ထိုကျောင်းတော်ကြီးသို့ ဝင်လာမစဲ တသဲသဲဖြစ်ခဲ့ဘူးလေသည်။ ထိုမင်း၏ အာဏာစက်မှာလည်း အင်ဒိုနေးရှားကျွန်းစု အားလုံး၌ ပျံ့နှံ့သည့်ပြင် ၎င်း၏နယ်နိမိတ်ကိုပင် ကျော်လွန်သွားခဲ့ပေသည်။

အခြားထင်ရှားသော သာဓကတစ်ခုမှာ ရှစ်ရာစုနှစ်က တည်ဆောက်ထားခဲ့သော ဗောရောဗုဒူးစေတီတော်ကြီးပင် ဖြစ်သည်။ ထိုမျှကြီးကျယ်ခမ်းနားသော စေတီတော်ကြီးကို ထောက်ဆသောအားဖြင့် ထိုစဉ်ကာလက ဂျာဝါးကျွန်း၌ ဘုရင် နှင့်ပြည်သူပြည်သားများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း ထင်ရှားပေသည်။

ထိုပြင် အိန္ဒိယပြည် နာလန္ဒကျောင်းတော်ကြီးကို တူးဖော်ရာမှ ရရှိသော ကြေးပုရပိတ်၌ “သုဝဏ္ဏဒီပခေါ် စုမာတြ ကျွန်းဘုရင် သိရိဗလ ပုတ္တဒေဝက ရာဇဂြိုဟ်ပြည်နယ် ဂယာစီရင်စုမှ ရွာငါးရွာကို မိမိပိုင်သော စုမာတြမှ ရွာငါးရွာနှင့် လဲလှယ်၍ နာလန္ဒကျောင်းတော်ကြီးအား လှူဒါန်းကြောင်း” ရေးသားထားသည်ကို တွေ့ကြရသည်။ ထိုသိရိဗလပုတ္တဒေဝ ဘုရင်မှာ ကိုးရာစုနှစ်က ဖြစ်သည်။ ထိုကြောင့် ထိုစဉ်အခါကလည်း အင်ဒိုနေးရှားပြည် စုမာတြကျွန်း၌ ဘုရင်နှင့် ပြည်သူ ပြည်သားများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း ထင်ရှားပေသည်။

ထိုကြေးပုရပိုက်၌ သုဝဏ္ဏဒီပဟူသော အမည်ကို အမှီပြု၍ သိရိဓမ္မာသောကမင်းကြီး လက်ထက်က သာသနာပြု စေလွှတ်ရာ ၉–ဌာနတွင် အပါအဝင်ဖြစ်သော သုဝဏ္ဏဘူမိ ဆိုသည်မှာ စုမာတြာကျွန်းပင်ဖြစ်သည်ဟူ၍၎င်း၊ မြန်မာပြည်က သထုံမြို့ကို သုဝဏ္ဏဘူမိဟုခေါ်သည်မှာလည်း ထိုစုမာတြာမှပင် တဆင့်ပွားလာသော အမည်ဖြစ်သည်ဟူ၍၎င်း၊ အချို့သော ပညာရှိတို့က ယူဆဆုံးဖြတ်ကြသည်။ ထိုဆုံးဖြတ်ချက်အရဆိုလျှင် စုမာတြာကျွန်း၌ ခရစ်သက္ကရာဇ်မပေါ်မီ အနှစ်သုံးရာ (၃၀၀)လောက်ကပင် ဗုဒ္ဓသာသနာ ရောက်ရှိနေသည်ဟု ယူဆဘွယ်ရှိပေသည်။

## ဟိန္ဒူနိုင်ငံဖြစ်ခြင်း

၁၃–ရာစုနှစ်မှာ ဂျာဝါးကျွန်းမှ ဟဂျမ်ဝုရုတ်မည်သော ဟိန္ဒူဘုရင်သည် သိရိဝိဇယ နိုင်ငံတော်ကို အောင်နိုင်၍ ကျွန်းစုအားလုံးကို အုပ်စိုးခဲ့သည်။ ထိုဘုရင်၏ နိုင်ငံတော်ကို မိုဂျိုပဟစ်ဟု ခေါ်တွင်သည်။ ထိုစဉ်ကာလက ဟိန္ဒူဘာသာ သည် ကျွန်းစုအားလုံးသို့ ပျံ့နှံ့လွှမ်းမိုးခဲ့ဟန် ရှိပေသည်။

## မူစလင်နိုင်ငံ ဖြစ်သွားခြင်း

ထို ၁၃–ရာစုနှစ်မှာပင် အာရဘိယနိုင်ငံ, ပါရှားနိုင်ငံနှင့် အိန္ဒိယအနောက်ဘက်ကမ်းခြေတို့မှ မူစလင်ဘာသာဝင် ကုန်သည်များသည် အင်ဒိုနေးရှားသို့ ရောက်လာကြသည်။ ရှေးဦးစွာ စုမာတြာသို့ ရောက်လာကြပြီးလျှင် နောက်ကာလ များ၌ ဂျာဝါးစသော အခြားကျွန်းများသို့လည်း ရောက်လာကြသည်။ ၎င်းတို့က တိုင်းရင်းသားများကို မူစလင်ဘာသာသို့ သွင်းပေးကြသည်။ နောက်ကာလ၌ မူစလင်နိုင်ငံများ တည်ထောင်၍ တဖြေးဖြေး တန်ခိုးအာဏာ ပျံ့ကျယ်လာသည်။ မိုဂျိုပဟစ်နိုင်ငံတော်မှ များစွာသော ဟိန္ဒူဘာသာဝင် ပဒေသရာဇ်မင်းတို့ကိုလည်း မူစလင်ဘာသာသို့ ကူးပြောင်းစေသည်။ နောက်ဆုံး၌ ကြွင်းကျန်နေသော မိုဂျိုပဟစ်ခေါ် ဂျာဝါးဟိန္ဒူနိုင်ငံတော်ကြီးကို ၁၄၇၈–ခုနှစ်မှာ အပြီးတိုင် သိမ်းပိုက် အောင်မြင်လေသည်။ ထိုအခါ မိုဂျိုပဟစ်နိုင်ငံတော်ကြီး၏ဘုရင်သည် မူစလင်တို့အား အရှုံးမပေး အညံ့မခံလိုသောကြောင့် သူ့ကိုယ်ကို သူ သတ်၍ သေလေသည်။ ၎င်းသည် ဂျာဝါးဟိန္ဒူနိုင်ငံတော်ကြီး၏ နောက်ဆုံးဘုရင်ဖြစ်သည်။

ထိုဘုရင်၏ သားတော်သည် မူစလင်ဘာသာကို လက်မခံလိုကြသော နန်းတွင်းသူ နန်းတွင်းသားများ ပညာရှိ ပုဏ္ဏားများ တိုင်းသူပြည်သားများနှင့်တကွ ဗာလီကျွန်းသို့ ထွက်ပြေးလေသည်။ ထိုကျွန်း၌ ယခုထက်တိုင် ဟိန္ဒူဘာသာ အလေ့အကျင့်များ ရှေးမူမပျက်ဘဲ တည်တံ့လျက်ရှိသည်။ အခြားကျွန်းစုများ၌မူကား ယခုအခါတွင် မူစလင်ဘာသာဝင်တို့ သာလျှင် များလျက်ရှိတော့သည်။ အခြားဘာသာဝင်များမှာ အနည်းငယ်စီသာ ရှိသည်။

## ဘာသာနှင့် လူဦးရေ

အင်ဒိုနေးရှား၌ လူဦးရေ သန်း ၈၀–ရှိသည့်အနက်မှ ခရစ်ယာန်ဘာသာဝင် ၃–သန်းခန့်ရှိသည်။ ဟိန္ဒူဘာသာဝင် ၂–သန်းခန့် ရှိသည်။ ၎င်း ဟိန္ဒူဘာသာဝင်တို့မှာ အများအားဖြင့် ဗာလီကျွန်းနှင့် လုံဘုတ်ကျွန်း အနောက်ပိုင်းတို့မှာ ရှိကြ သည်။ မဟာယာန အဆက်အနွယ် ဗုဒ္ဓဘာသာဝင်များလည်း ရှိသည်။ အရေအတွက်ကိုကား အတိအကျ ဖော်ပြထားသည် ကို မတွေ့ရပေ။ ရှစ်သန်းခန့်ရှိသည်ဟူ၍သာ ကြားသိရသည်။ ကွန်ဖြူးရှပ်ဘာသာဝင် တရုပ်လူမျိုးများလည်း အနည်းငယ် ရှိသည်။ ထို့ပြင် နတ်ကိုးကွယ်သော လူများလည်း ဘိုညိုကျွန်း နယူဂီနီကျွန်း စသည်တို့မှာ ရှိသေးသည်ဟု ဆိုသည်။ ထိုမှတပါး အခြား လူများစုကြီးမှာ မူစလင်ဘာသာဝင်ချည်းသာဖြစ်သည်။

## အရှင်ဇိနရက္ခိတ သာသနာပြုပုံ

အရှင်ဇိနရက္ခိတမှာ မိမိ၏ဇာတိဌာနဖြစ်သော အင်ဒိုနေးရှားသို့ ရောက်သောအခါ သာသနာပြုဘို့ကို မဆိုထားဘိ တနေ့တရက်မျှ တည်းခိုနေထိုင်ရန်ပင် မလွယ်ကူဘဲ ခက်ခဲလျက်ရှိခဲ့လေသည်။ အကြောင်းမှာ ရှေး၌ ဖေါ်ပြခဲ့သည့်အတိုင်း အင်ဒိုနေးရှားပြည်မှာ မူစလင်နိုင်ငံဖြစ်သည့်ပြင် အနည်းငယ်မျှသာရှိသော ဗုဒ္ဓဘာသာဝင် အဆက်အနွယ်ဖြစ်သူတို့မှာလည်း ဗုဒ္ဓဘာသာ တရားအကြောင်းကို မသိ နားမလည်ကြသောကြောင့် ဖြစ်ပေသည်။ ထိုကြောင့် အရှင်ဇိနရက္ခိတသည် မာလာယုစကြာပူတို့၌ သီဟိုဠ် ဘုန်းကြီးကျောင်းများမှာ နေထိုင်လျက် ရံခါရံခါ အင်ဒိုနေးရှားသို့ သွား၍ စပ်ဆိုင်ရာ ပုဂ္ဂိုလ်များအား ဗုဒ္ဓသာသန ဓမ္မကို တစတစနှင့် ဟောပြရလေသည်။ ဤသို့ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် သာသနာပြုလုပ်ငန်းကို ကြိုးပမ်းအားထုတ်ခဲ့သောကြောင့် အင်ဒိုနေးရှား၌ ၅-နှစ်အတွင်းမှာ ဝိဟာရခေါ်သော သာသနာ့အဆောက်အဦး ကျောင်းပေါင်း ၂၀-ကျော်မျှ ရရှိလာသည့်ပြင် သရဏဂုံ ၃-ပါးနှင့် ငါးပါးသီလကို ခံယူကျင့်သုံးသူ ဥပါသကာယောကျ်ား မိန်းမပေါင်း ခြောက်ရာ (၆၀၀)ကျော် ရရှိခဲ့ပေသည်။ ထိုပုဂ္ဂိုလ်များထဲမှာ အဋ္ဌင်္ဂဥပေါသထ ရှစ်ပါးသီလကို အမြဲတမ်း ဆောက်တည် ကျင့်သုံးသူများလည်းရှိသည့်ပြင် သမထဝိပဿနာအလုပ်ကို အားထုတ်သူများလည်း ရှိပေသည်။ ထို့ပြင် သရဏဂုံ သီလကို မခံယူသေးသော်လည်း ဗုဒ္ဓသာသနာကို ကြည်ညို လေးစားလျက် ညွှတ်ကိုင်းနေသူတို့လည်း တော်တော်များများ ရှိနေလေပြီ၊ ဗုဒ္ဓသာသနာတော်ကို အားပေးရန် တည်ထောင်ဖွဲ့စည်းထားသော အသင်းအဖွဲ့များလည်း အသင့်ရှိနေသည့်ပြင် ဗုဒ္ဓသာသနာတော်သို့ ရှင်ရဟန်းအဖြစ်ဖြင့် ဝင်ရောက်လျက် သာသနာ့ဝန်ကို အမြဲတမ်း ဆောင်လိုသော ပုဂ္ဂိုလ်များလည်း ထွက်ပေါ်လာခဲ့လေသည်။

## သာသနာပြုကြွရန် ပင့်လျှောက်ခြင်း

သို့ဖြစ်၍ ထိုရှင်လောင်း ရဟန်းလောင်းများအား ရှင်ရဟန်းပြုပေးရန်နှင့် ဗုဒ္ဓသာသနာတော်၏ အခြေအမြစ်ဖြစ်သော သိမ်ကိုလည်း သမုတ်ရန်အတွက် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများဖြစ်သော သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုနှင့် မြန်မာပြည်တို့မှ သာသနာပြု မထေရ်များကို ပင့်ဆောင်ရန် အရှင်ဇိနရက္ခိတအမှူးရှိသော အင်ဒိုနေးရှား ဗုဒ္ဓသာသနာ အသင်းအဖွဲ့များက စီမံအားထုတ်ကြလေသည်။

ထိုသို့ အားထုတ်ကြရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ သာသနာပြုကြွရန်အတွက် အင်ဒိုနေးရှားပြည်ရှိ မြန်မာသံရုံးမှတဆင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ မေတ္တာရပ်ခံကာ ပင့်ဘိတ်စာ ပို့လိုက်လေသည်။ ဗုဒ္ဓသာသနာအဖွဲ့က ထိုကိစ္စနှင့် စပ်လျဉ်း၍ စဉ်းစားကြရာတွင် "အင်ဒိုနေးရှားသို့ ကြွရန်မှာ အရှင်ဇိနရက္ခိတ၏ ဆရာဖြစ်သော မဟာစည်ဆရာတော်ပင် အသင့်တော်ဆုံးဖြစ်သည်"ဟု သဘောတူညီကြသဖြင့် အင်ဒိုနေးရှားသို့ သာသနာပြုကြွပါရန် မဟာစည်ဆရာတော်အား လျှောက်ထား တောင်းပန်သည်။ မဟာစည်ဆရာတော်ကလည်း "မိမိမှာ ဘာသာခြား စကားဖြင့် တရားဟောရန် မစွမ်းနိုင်သော်လည်း အင်ဒိုနေးရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များက အရှင်ဇိနရက္ခိတ၏ ဆရာအဖြစ်ဖြင့် ကြားသိထားပြီး ဖြစ်နေသည့်အတွက် မိမိကိုယ်တိုင် သွားရောက်၍ အားပေးရလျှင် သာသနာပြုကိစ္စအတွက် သာ၍ ကျေးဇူးများဘွယ် ရှိသည်"ဟု မြော်မြင်လျက် ထိုလျှောက်ထားချက်ကို လက်ခံလိုက်ပေသည်။

## ဗုဒ္ဓသာသနာအဖွဲ့မှ ဆောင်ရွက်ခြင်း

မြန်မာပြည်မှ အင်ဒိုနေးရှားသို့ အသွားအပြန် လေယာဉ်လက်မှတ်မှစ၍ လိုအပ်သမျှကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က သာသနာပြုကိစ္စ တစ်ရပ်အဖြစ်ဖြင့် ထောက်ပံ့လှူဒါန်းသည်။ စင်္ကာပူနှင့် အင်ဒိုနေးရှားနိုင်ငံများသို့ ရောက်သောအခါ လိုအပ်သမျှ ပြည့်စုံအောင် ထောက်ပံလှူဒါန်း ဆောင်ရွက်ရန်အတွက်လည်း ထိုနိုင်ငံများရှိ သံရုံး အရာရှိများအား ဗုဒ္ဓသာသနာအဖွဲ့ကပင် တာဝန်ယူ၍ မေတ္တာရပ်ခံကာ အပြည့်အစုံဆောင်ရွက်ပေးသည်။

# သာသနာပြုကြွတော်မူခြင်း

၁၃၂၂–ခု ကဆုန်လဆန်း (၈)ရက် (၁၄–၅–၅၉) ကြာသပတေးနေ့ ည (၇)နာရီအချိန်မှာ အင်ဒိုနေးရှားသို့ ကြွရန် မဟာစည်ဆရာတော်ကို သာသနာ့ရိပ်သာမှ လေယာဉ်ဆိပ်သို့ ကမ္ဘာအေးမှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဉာဏုတ္တရ အမှူးရှိသော သီတင်းသုံးဘော် ရဟန်းတော်များနှင့် ဗုဒ္ဓသာသနာအဖွဲ့မှ သက်ဆိုင်ရာ ရုံးသားများ သာသနာ့ရိပ်သာမှ တပည့် ရဟန်းတော်များနှင့် ဒါယကာ–ဒါယိကာမများက စည်ကားသိုက်မြိုက်စွာ လိုက်ပို့ကြသည်။

ဘီအိုအေစီ လေယာဉ်ပျံပေါ်သို့ ရောက်သွားသောအခါ မဟာစည်ဆရာတော်သည် မိမိ၏လက်ယာဘက်ခုံ၌ ဦးစိန်ဝှက်ကို တွေ့ရသည်။ ဦးစိန်ဝှက်မှာ ရန်ကုန်မြို့ ဒါလ်ဟိုဇီလမ်း ဂျီဝှက်အင်ကုမ္ပဏီမှ မန်နေဂျာဖြစ်သည်။ ၎င်း ဦးစိန်ဝှက်က ဆောင်ရွက်ဖွယ်ရှိသမျှကို စင်္ကာပူလေဆိပ်သို့ ရောက်သည်တိုင်အောင် ကူညီဆောင်ရွက်သွားသည့်ပြင် စင်္ကာပူလေဆိပ်သို့ ရောက်သောအခါလည်း ကြိုဆိုသူ အသင့်မရောက်နှင့်ပါက အကူအညီပေးရန် တာဝန်ယူထားပေသည်။ မဟာစည်ဆရာတော်က ဦးစိန်ဝှက်အား များစွာပင် ကျေးဇူးတင်မိပေသည်။

ည (၈)နာရီ (၂၅)မိနစ်မှာ ရန်ကုန်လေဆိပ်မှ ထွက်ခွါသည်။ လေယာဉ်မှာ လမ်းတလျှောက်လုံး ငြိမ်သက်သည်။ ည (၁၂)နာရီ (၅)မိနစ်မှာ စင်္ကာပူလေဆိပ်သို့ ရောက်သည်။ စင်္ကာပူစံချိန်မှာ (၁)နာရီ (၅)မိနစ်ဖြစ်သည်။ မြန်မာသံရုံးမှ အရာရှိ ဦးထွန်းလွင်က လေယာဉ်ပျံရုံ၌ အသင့်စောင့်ကြိုနေသည်ကို တွေ့ရသည်။ ဘီအိုအေစီ လေယာဉ်မှာ ထိုအပတ်က ဂျာကာတာသို့ ဆက်သွားရန် အစီအစဉ်မရှိသဖြင့် မလေးယန်းအဲယားဝေး လေယာဉ်နှင့် ဆက်လက်သွားရန်၎င်း၊ ထိုည အတွက် အိုရှင်းပေါ့က် ဟော်တယ်၌ တည်းခိုရန်၎င်း၊ ဘီအိုအေစီလေယာဉ်ဌာနက စီစဉ်ပေးသည်။ သို့သော် ဦးစိန်ဝှက်ကို လာကြိုသော တရုပ်သူဌေးကြီး ဦးဂေါ်တုံက ပင့်ဆောင်သွားသဖြင့် ဦးဂေါ်တုံ၏အိမ်သို့ (၂)နာရီခွဲမှာရောက်သွားသည်။ တည်းခိုရသော အိမ်မှာ ဧည့်သည်များအတွက်ထားသော သီးခြားအိမ်ကြီးဖြစ်သည်။ ထိုညက ဆရာတော်တစ်ပါးသာ ရှိသည်။ အလွန်ပင် သန့်ရှင်းကျယ်ဝန်းလှပေသည်။

နံနက် (၅)နာရီအချိန်မှာ သူဌေးကတော် ဒေါ်ညွန့်ညွန့်က ကိုယ်တိုင်ပင် ကြောင့်ကြစိုက်၍ ဆွမ်းကပ်သည်။ ၎င်း ဒေါ်ညွန့်ညွန့်မှာ ညကလည်း (၂)နာရီခွဲတိုင်အောင် စောင့်ကြိုနေသည်ကို တွေ့ရသည်။ နံနက်မှာလည်း စောစောထ၍ ဆွမ်းကပ်ရန် ကြောင့်ကြစိုက်သေးသည်။ သဒ္ဓါတရား ထက်သန်ပါပေသည်ဟု ဆရာတော်က စိတ်ဖြင့် ချီးကျူးမိ၏။

နံနက် (၇)နာရီခွဲမှာ သံရုံးအရာရှိ ဦးထွန်းလွင်က လေဆိပ်သို့ လိုက်ပို့ရန် ရောက်လာသည်။ (၈)နာရီ (၁၀) မိနစ်မှာ ကားဖြင့် လေဆိပ်သို့ သွားကြသည်။ (၁၀)နာရီမှာ စင်္ကာပူမှ လေယာဉ်ထွက်သည်။ ဦးထွန်းလွင်မှာ အစစအရာရာ ဆောင်ရွက်ပေးသည့်ပြင် လေယာဉ်ထွက်သည့်တိုင်အောင် လေယာဉ်ပျံကွင်းထဲ၌ စောင့်ကြည့်လျက်ရှိရစ်သည်။ လေယာဉ် ပေါ်၌ အစားအစာများကို လိုသလောက်ပေးသည်။ နေ့ (၁)နာရီအချိန်မှာ ချမ်းသာစွာနှင့် အင်ဒိုနေးရှားပြည် ဂျာဝါကျွန်း ဂျကာတာ လေဆိပ်သို့ ဆိုက်ရောက်သည်။

လေဆိပ်၌ သီဟိုဠ်နိုင်ငံ ယိုးဒယားနိုင်ငံ သံမှူးများနှင့်တကွ မြန်မာသံမှူး ဦးတင်လတ် အတွင်းဝန် ဦးဖေသန်း တို့က အသင့်ကြိုဆိုနေကြသည်။ အရှင်ဇိနရက္ခိတနှင့် အင်ဒိုနေးရှား ဒါယကာ–ဒါယိကာမများလည်း ကြိုဆိုနေကြသည်။ ဂျပန်ပြည်မှ အပြန်တွင် ရောက်နေနှင့်ကြသော သီဟိုဠ်ဆရာတော် အရှင်အရိယဝံသနှင့် အရှင်သရဏပါလတို့လည်း ကြိုဆို နေကြသည်။ လေဆိပ်မှ ကားဖြင့်ထွက်ခွါလာရာ အရှင်ဇိနရက္ခိတတို့၏ တည်းခိုရာဌာနသို့ ရောက်သည်။ ထိုဌာန၌ သီဟိုဠ်မှ ကြွလာကြသော အရှင်နာရဒ, အရှင်သဠိဿရ, အရှင်မဟာနာမ, အရှင်ဝိယဒဿီနှင့် ယိုးဒယားရဟန်း တစ်ပါး တို့လည်း ရောက်နေကြသည်ကို တွေ့ရသည်။ ထိုဌာနမှာ သံဃာအားလုံးနေလောက်အောင် မကျယ်လှသဖြင့် အခြားဌာန များ၌လည်း ခွဲ၍ နေကြရသည်။ မဟာဆရာတော်နှင့် အရှင်ဝိယဒဿီတို့မှာ တမန်ကေဘွန်သိရိလမ်း သုန်ဟွာကျို၏အိမ်၌ သီတင်းသုံးကြရသည်။ ၎င်းအိမ်မှာ သားသူငယ် နှစ်ယောက်နှင့် သုန်ဟွာကျိုခေါ် အိမ်ရှင်ဒါယကာတစ်ယောက် ပေါင်း ၃– ယောက်သာ ရှိသည်။

ထိုအိမ်သို့ ညနေ (၄)နာရီမှာရောက်သည်။ ရောက်ပြီးနောက်မကြာမီပင် မိုးအကြီးအကျယ်ရွာသည်။ ဂျကာတာ မြို့ရှိ အချို့လမ်းများမှာ ၂–ပေ ၃–ပေခန့် ရေပြည့်နေသဖြင့် ထိုနေ့ညနေနှင့် ညပိုင်းများမှာ မော်တော်ကားများ မသွားနိုင်ဘဲ ရှိသည်။ ဗုဒ္ဓသာသနာအဖွဲ့မှ မေတ္တာရပ်ခံထားသည့်အတိုင်း သံရုံးမှ အတွင်းဝန် ဒါယကာဦးဖေသန်းမှာ မဟာစည် ဆရာတော် အလိုရှိသော ရေဖူးနှင့် ခြင်ထောင်ကို လာရောက်၍ လှူရန်ရှိသော်လည်း ကားမသွားနိုင်သဖြင့် ထိုညက မလာနိုင်တော့ဘဲ နောက်တနေ့ နံနက်ကျမှ လာရောက်၍ လှူရသည်။ "ဂျကာတာမြို့သို့ ရောက်နေသည်မှာ ၂–နှစ်ရှိပြီ၊ ဒါလောက် အကြီးအကျယ် မိုးရွာသည်ကို တခါမျှမတွေ့ရဘူးပါ"ဟု ဦးဖေသန်းက ပြောသည်။ "သာသနာပြုဆရာတော်များ ကြွရောက်လာသည့်အတွက် သန့်ရှင်းအောင် မိုးက ဆေးကြောပေးသည်"ဟူ၍လည်း မင်္ဂလာစကား ပြောဆိုကြသည်။

(၁၆–၅–၅၉) ကဆုန်လဆန်း (၁၀)ရက်နေ့မှာ မြန်မာ သီဟိုဠ် ယိုးဒယား သံရုံးအရာရှိများက စုပေါင်း၍ သံဃာတော်များအား ဆွမ်းကပ်ကြသည်။ ထိုသို့စုပေါင်း၍ ကပ်ရသည်မှာလည်း တနေ့စီဆွမ်းကပ်ရန် ရက်မရနိုင်သောကြောင့် ဖြစ်သည်။ ထိုနေ့ ညနေပိုင်းမှာ ယိုးဒယားမှ နောက်ပါရဟန်းတော် ၂–ပါး ကပ္ပိယကာရက သာသနာရေးအရာရှိ တစ်ဦးနှင့်တကွ ဖရဝိသာလသမဏဂုဏ မထေရ် လေယာဉ်ဖြင့် ဆိုက်ရောက်လာသည်။ ညပိုင်းမှာ ကမ္ဘောဒီးယားမှ ကပ္ပိယဒါယကာ ၂–ဦးနောက်ပါ ရဟန်းတော် ဘိက္ခုစန္ဒဝံသနှင့်တကွ သံဃရာဇာ ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်လာသည်။

## ဂျာဝါး၌အံ့ဘွယ်

ထိုအခါမှာ (၁) ကမ္ဘောဒီးယား သံဃရာဇာ ဆရာတော်၊ (၂) ၎င်းနောက်ပါ အရှင်စန္ဒဝံသ၊ (၃) ယိုးဒယားမှ ဖရဝိသာလ သမဏဂုဏဆရာတော်၊ (၄–၅) ၎င်း၏နောက်ပါ ရဟန်းတော် ၂–ပါး၊ (၆) သီဟိုဠ်မှ အရှင်နာရဒ မထေရ်၊ (၇) အရှင်သဒ္ဓိဿရ၊ (၈) အရှင်မဟာနာမ၊ (၉) အရှင်ဝိယဒဿီ၊ (၁၀) အရှင်နာရဒ၏ နောက်ပါ ယိုးဒယား ရဟန်းတော် တစ်ပါး၊ (၁၁) အရှင်အရိယဝံသ၊ (၁၂) အရှင်သရဏပါလ၊ (၁၃) မြန်မာပြည်မှ မဟာစည်ဆရာတော် အရှင်သောဘန မထေရ်၊ (၁၄) အင်ဒိုနေးရှားနိုင်ငံမှ အရှင်ဇိနရက္ခိတ၊ အားလုံးပေါင်း ၁၄–ပါးသော ထေရဝါဒ ရဟန်းတော်များ အင်ဒိုနေးရှားပြည် ဂျာဝါးကျွန်း၌ စုဝေးမိကြသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင် (၁၀၀၀)အတွင်းမှာ ဤတိုင်းပြည် ဤဌာန၌ ထိုမျှလောက်များစွာသော ထေရဝါဒရဟန်းတော်တို့ စုဝေးမိမည် မဟုတ်သောကြောင့် အံ့ဘွယ်တစ်ပါးအဖြစ်ဖြင့် မှတ်တမ်းတင်ရပေတော့သည်။

## ပဌမဆုံး ရှင်ပြုပွဲ

(၁၇–၅–၅၉) ကဆုန်လဆန်း (၁၁)ရက်နေ့မှာ သာရိပုတ္တစကူးလ်ခေါ်သော စာသင်ကျောင်း၌ ရှင်ပြုပွဲ ကျင်းပသည်။ နံနက် ၈–နာရီအချိန်မှာ သံဃာတော် ၁၄–ပါးလုံး စုဝေးမိသဖြင့် ရှင်ပြုပွဲစ၍ ကျင်းပသည်။ ရှင်လောင်းမှာ သာရိပုတ္တ စကူးလ်၏ ကျောင်းအုပ်ဆရာကြီး မစ္စတာအောင်ဖြစ်သည်။ ၎င်းကို အရှင်နာရဒမထေရ်က အင်္ဂလိပ်ဘာသာဖြင့် ပြောဟောညွှန်ကြားပြီးလျှင် ရှင်သာမဏေပြုပေးသည်။ သံဃာတော်များက ပရိတရားတော်များကို ရွတ်ဖတ်သည်။ အရှင်နာရဒမထေရ်က အနုမောဒနာတရားဟောသည်။ ထိုအရပ်၌ ထေရဝါဒရှင်ပြုပွဲကို တကြိမ်တခါမျှ မကြုံဘူး မကြားဘူးကြသဖြင့် လာရောက်ကြည့်ရှုကြသော ပရိသတ်များမှာ များစွာအံ့သြ ဝမ်းမြောက်ကြသည်။

## အတိတ်နိမိတ်ကောင်းသော အမည်

ထိုရှင်သာမဏေအား အရှင်နာရဒက ဇိနပုတ္တဟု ဘွဲ့အမည်ပေးသည်။ အကြောင်းမှာ သာသနာပြုရဟန်းတော် ဇိနရက္ခိတ၏ တပည့်အဆက်အနွယ်ဟု ထင်ရှားစေရန်ဖြစ်ကြောင်း အရှင်နာရဒက ပြောပြသည်။ ထိုအမည်ပေးပုံကို ကြားသိရသောအခါ မဟာစည်ဆရာတော်မှာ မိမိပေးလိုက်သော ဘွဲ့အမည်နှင့်စပ်၍ ပြည်လည်၍ ဆင်ခြင်မိသည်။ အင်ဒိုနေးရှား၌ သာသနာပြုနိုင်စေရန် ရည်ရွယ်၍ ဇိနရက္ခိဟု အမည်ပေးခဲ့သည်။ အင်ဒိုနေးရှား၌ "ဂျာဝါး, ဂျာကာတာ, ဂျလန်" စသည်ဖြင့် အင်္ဂလိပ်(ဂျေ) သို့မဟုတ် အင်ဒိုနေးရှား (ဒီဂျေ) အက္ခရာမှ အစပြုသော အမည်မှာ အသုံးများသည်။ ကြီးကျယ်သော အရာဝတ္ထုများ၏ အမည်လည်းဖြစ်သည်။ အရှင်နာရဒကလည်း ဇိန (ဂျိန) ရက္ခိတကို အကြောင်းပြု၍ ဇိန (ဂျိန)ကပင် အစပြုသော အမည်ကို ရှင်သာမဏေအား ပေးသည်။ နောင်လည်း ရှင်သစ် ရဟန်းအသစ်များကို ဇိနမှပင် အစပြု၍ ဖြစ်နိုင်သမျှ အမည်ပေးသွားမည့် လက္ခဏာ ရှိပေသည်။ ထို့ကြောင့် မိမိ၏ ရည်ရွယ်ချက်အတိုင်း ပဌမဆုံး ပုဂ္ဂိုလ်အား ဇိနရက္ခိတဟု အမည်ပေးလိုက်သည်မှာ အင်ဒိုနေးရှား၌ သာသနာပြည်လည် ထွန်းကားရန် ကောင်းမြတ်သော အတိတ်နိမိတ် ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်မိပေသည်။

## သက်သတ်လွတ်ဆွမ်းဟင်း

ရှင်ပြုခြင်းကိစ္စပြီးသောအခါ ရဟန်းတော် ၁၄–ပါးနှင့် ရှင်သာမဏေ ဇိနပုတ္တအား ဆွမ်းကပ်သည်။ ဟင်းများမှာ သား ငါး မပါ သက်သတ်လွတ်ဖြစ်သည်။ အင်ဒိုနေးရှား၌ မဟာယာန အဆက်အနွယ်များက ဗုဒ္ဓဘာသာ ရဟန်းတော် ဆိုလျှင် သက်သတ်လွတ်စားမှ ကြည်ညိုနိုင်သည်။ ထိုနေ့ကကပ်သော သက်သတ်လွတ် ဟင်းများမှာလည်း သင့်လျော်ပါသည်။ ထိုနေ့မှစ၍ (၂၆–၆–၅၉) နယုန်လဆုတ် ၆–ရက်အထိ သာသနာပြု လှည့်စဉ် ရက်များအတွင်းမှာလည်း ဆွမ်းဟင်းများမှာ နံနက်ရော နေ့လည်ပါ သက်သတ်လွတ်ချည်း ကပ်လှူကြသည်။ ဟင်းများမှာ အများအားဖြင့် (၁၀)မျိုးမက အမျိုးပေါင်းများစွာ ချက်ပြုတ်ပြုပြင်၍ ကပ်ကြသည်။

## ခရီးစ၍ထွက်ပြီ

(၁၇–၅–၅၉)နေ့ (၁၂)နာရီခွဲမှာ သာသနာပြုဆရာတော် တစ်ဖွဲ့လုံးပင် ဂျကာတာမှ ကီလိုမီတာ (၂၈၀)၊ (မိုင်–၁၁၂) ဝေးသော ဘန်ဒုန်းမြို့သို့ ထွက်ခွါကြသည်။ မဟာစည်ဆရာတော်နှင့် ကမ္ဘောဒီးယား ဆရာတော်တို့ကို သံမှူး ဦးတင်လတ်နှင့် အတွင်းဝန် ဦးဖေသန်းတို့က မိမိတို့ကိုယ်ပိုင်ကားဖြင့် လိုက်ပို့ကြသည်။ အခြားသံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို အခြားကားများဖြင့် ပို့ဆောင်ကြသည်။ ဘန်ဒုန်းမြို့မှာ ရာသီဥတု အေးသော တောင်ပေါ်ဒေသဖြစ်သောကြောင့် တောင်တန်းများကို ဖြတ်ကျော်၍ သွားရသည်။ ညနေ ၄–နာရီ မိနစ် ၄၀–အချိန်မှာ ဘန်ဒုန်းမြို့ ဒဂို ၃–လမ်း ဝိမလ ဓမ္မဝိဟာရသို့ ရောက်ကြသည်။

## ကြည်ညိုဘွယ် ကောင်းသည်

၎င်းဝိဟာရ၌ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ လှူဒါန်းပူဇော်လိုက်သော ဉာဏ်တော် ၂–တောင်ခန့်ရှိ ကြေးဆင်းတုတော်ကြီး သီတင်းသုံးလျက်ရှိသည်။ ည ၇–နာရီအချိန်မှာ ဘန်ဒုန်းမြို့မှ အရှင်ဇိနရက္ခိတ၏ တပည့် ဥပါသကာ ဥပါသိကာမများက ၎င်းဆင်းတုတော်ကြီး၏ ရှေ့တော်မှာ စုဝေး၍ သရဏဂုမ်သီလများကို ဆောက်တည်ကြသည်။ ပရိတ်နှင့် တရားဂါထာများကိုလည်း ရွတ်ဖတ်ကြသည်။

ဆောက်တည်ကြ ရွတ်ဖတ်ကြသော အသံမှာ အားလုံးညီညွတ်၍ အလွန်ပင် သာယာနာပျော်ဘွယ် ကြည်နူးဘွယ် ကောင်းပါပေသည်။ ထိုသို့ သာယာကြည်နူးဘွယ် ရွတ်ဆိုနေသော တရားသံကို ကြားရသဖြင့် သာသနာပြုဆရာတော်များမှာ များစွာပင် စိတ်အားထက်ကြွ အားရဝမ်းသာ ဖြစ်ကြရပေသည်။ အကြောင်းမှာ လူဦးရေ သန်း (၅၀)လောက်ရှိသော ဂျာဝါးကျွန်းတွင် မူစလင်ဘာသာဝင်ချည်းလိုလို ဖြစ်နေသည့် ကြားထဲမှာ ဗုဒ္ဓသာသနဓမ္မကို ဒီလို လေးလေးစားစားနှင့် လိုလားလျက် ရှိရှိသေသေကျင့်နေသော ပုဂ္ဂိုလ်များလည်း ရှိပေသေးသည်ဟု နှလုံးသွင်းမိကြသောကြောင့် ဖြစ်ပေသည်။

ည (၈)နာရီမှာ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ကို ရွတ်ဖတ်ချီးမြှောက်ကြသည်။ ထို့နောင် အရှင်နာရဒ မထေရ်က တရားဟောသည်။ အရှင်ဇိနရက္ခိတက အင်ဒိုနေးရှား ဘာသာပြန်သည်။ ၁၁–နာရီမှာ တရားပွဲပြီးသည်။

## ဆမာရမ်သို့ ခရီးဆက်ပြန်ခြင်း

(၁၈–၅–၅၉) ကဆုန်လဆန်း ၁၂–ရက်နေ့၌ နံနက် ဆွမ်းကိစ္စ ပြီးသောအခါ သာသနာပြု ဆရာတော်များသည် ၇–နာရီခွဲအချိန်၌ ဘန်ဒုန်းမှ မော်တော်ကားဖြင့် ထွက်ခွါကြသည်။ ၁၁–နာရီမှာ ကျိုရေဘွန်းမြို့သို့ရောက်၍ တရုပ်ဘုရားကျောင်းကြီး၌ ဝင်ရောက်ပြီးလျှင် ဘန်ဒုန်းမှ ယူဆောင်ခဲ့သော ဆွမ်းထုပ်များကို သုံးဆောင်ကြသည်။ ၁၁–နာရီ မိနစ် ၅၀–မှာ ၎င်းဌာနမှထွက်ခွါ လာကြရာ ၁–နာရီ ၁၅–မိနစ်မှာ တေဂလ်မြို့ တရုပ်ဘုရားကျောင်းသို့ရောက်၍ ၎င်းဌာနမှ ကပ်သော ဖျော်ရည်များကို သုံးဆောင်ပြီးလျှင် အသင့် စုဝေးကြိုဆိုနေကြသော တရုပ်အမျိုးသား အမျိုးသမီးများအား ဇိနပုတ္တ ရှင်သာမဏေက အနည်းငယ် ပြောဟောသည်။ ထို့နောင် အရှင်နာရဒ မထေရ်ကလည်း အနည်းငယ် ပြောဟောသည်။ ၂–နာရီမှာ ၎င်းဌာနမှ ထွက်ခွါလာကြပြန်ရာ ၃–နာရီမှာ ပေကလုံဂန်မြို့သို့ ရောက်သည်။ ထိုမြို့၌ အရှင်နာရဒမထေရ်က တရားအနည်းငယ် ဟောပြီးလျှင် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားကို ရွတ်ဖတ်ချီးမြှောက်ကြသည်။ ၎င်းဌာနမှ ၃–နာရီ ၄၅–မိနစ်အချိန် ထွက်ခွါလာကြပြန်ရာ ဘန်ဒုန်းမှ ကီလိုမီတာ (၃၆၈) (မိုင်–၂၂၈) ဝေးသော ဆမာရမ်မြို့ ဝါ့တုဂုံ အရပ် ဝိဟာရ ဗုဒ္ဓဂယာကျောင်းသို့ ၆–နာရီ ၁၅–မိနစ်အချိန်မှာ ဆိုက်ရောက်ကြသည်။ ၎င်းကျောင်းမှာ ဆမာရမ်မြို့မှ တောင်ဘက် ၁၀–မိုင်လောက်ဝေးသည်။ ထိုနေ့က ခရီးရှည်သဖြင့် ဆရာတော်များမှာ တော်တော်ပင်ပန်းကြသည်။ သို့သော် မြတ်စွာဘုရားနှင့် ဘုရားလက်ထက်တော်က သာသနာပြု မထေရ်များမှာ ခြေလျင်ကြွသွား၍ပင် သာသနာပြုတော်မူကြရသည်ကို နှလုံးသွင်း၍ ပင်ပန်းသည်ဟု သဘောမထားဘဲ စိတ်အားထက်သန်လျက်ပင် ရှိကြပေသည်။ အထူးအားဖြင့် နေရာထိုင်ခင်း တော်တော်ကျယ်ပြန့်၍ သာယာသန့်ရှင်းသော ကျောင်းအဆောက်အဦးများကို တွေ့ရသည့်အတွက် အားတက်ရွှင်ပျလျက် ရှိကြသည်။

## သိမ်နေရာ ကြည့်ရှုကြခြင်း

(၁၉–၅–၅၉) ကဆုန်လဆန်း ၁၃–ရက်နေ့မှာ နံနက် ဆွမ်းဘုဉ်းပေးပြီးနောက် သိမ်သမုတ်မည့်နေရာကို သွားရောက်၍ ကြည့်ရှုကြသည်။ ဝိဟာရ ဗုဒ္ဓဂယာမှ တမိုင်ခန့်ဝေးသည်။ ပေ ၂၀၀–လောက်နိမ့်သော ချိုင့်ထဲသို့လည်း ဆင်းသွားရသည်။ ၎င်းဌာနကို ဗုဒ္ဓဇယန္တိဝိဟာရဟု အမည်ပေးထားသည်။ ကျောင်းအဆောက်အဦများမှာ အကြီးတစ်ခု အငယ်နှစ်ခုရှိသည်။ ကျောင်းဆောင်အကြီးမှာ အလျား ပေ–၄၀၊ အနံ ပေ–၃၀ခန့်ရှိသည်။ ၎င်းကျောင်းဆောင်နေရာကိုပင် သိမ်သမုတ်ရန် သဘောတူကြသည်။ ထိုသိမ်နေရာမှ အောက် ပေ–၁၀၀ကျော်လောက် အနိမ့်တွင် ရေမပြတ်စီးဆင်းနေသော စမ်းချောင်း ရှိသည်။ ကျောင်းမြေအကျယ်အဝန်းမှာ ဧက ၂၀၀–လောက်ရှိသည်ဟု ကြားသိရသည်။ ၎င်းမြေကွက်ကို ကျောင်းတိုက်ဖြစ်စေရန် တရုပ်တကာ တစ်ဦးက လှူဒါန်းထားသည်။

(၂၁–၅–၅၉) ကဆုန်လဆန်း ၁၄–ရက်နေ့၌ ဖောရောဗုဒ္ဓူး အစည်းအဝေးပွဲတွင် ပြောဟောရန်အတွက် မိန့်ခွန်းများ ကို ရေးသားပြင်ဆင်ကြသည်။

## ဒုတိယ ရှင်ပြုပွဲ

(၂၁–၅–၅၉) ကဆုန်လပြည့်နေ့ နံနက် ၉–နာရီအချိန်မှာ ရှင်လောင်း ၂–ပါးကို ရှင်သာမဏေ ပြုပေးသည်။ ထို ၂–ပါးတွင် ဆမာရမ်မှ ရှင်သာမဏေအား ဇိနာနန္ဒဟု အမည်ပေးသည်။ ၎င်းမှာ အရွယ်လည်းကြီး ဗဟုသုတလည်း နည်းသောကြောင့် ရဟန်းမခံသေးဘဲ ရှင်သာမဏေအဖြစ်နှင့်သာ နေဦးမည်ဟု ဆိုသည်။ အခြား ရှင်သာမဏေမှာ ဗာလီကျွန်းက ဖြစ်သည်။ ၎င်းအား ဇိနပ္ပိယဟု အမည်ပေးသည်။ ၎င်းဇိနပ္ပိယကို ဗာလီကျွန်းသို့ ရောက်သောအခါ ရဟန်းခံ ပေးကြသည်။ ဤသာမဏေ ၂–ပါးအား ဇိနာနန္ဒ, ဇိနပ္ပိယဟု ဇိနမှပင် အစပြု၍ အရှင်နာရဒက အမည်ပေးသည်မှာလည်း အင်ဒိုနေးရှား၌ မူလသာသနာပြု ဆရာဖြစ်သော အရှင်ဇိနရက္ခိတ၏ တပည့်အဆက်အနွယ်ဖြစ်ကြောင်း ထင်ရှားစေရန် ဖြစ်သည်။ ထိုသို့ ရှင်ပြုပေးပြီးသောအခါ သံဃာတော်များက ပရိတ်ရွတ်ဖက် ချီးမြှောက်ကြသည်။ အရှင်နာရဒက အနုမောဒနာတရား ဟောကြားသည်။ လာရောက်ကြည်ညိုကြသော ပရိသတ်မှာ ၂၀၀–ကျော်လောက်ရှိသည်။ ထိုရှင်ပြုပွဲ မှာလည်း ထိုအရပ်၌ မတွေ့ မမြင်ဘူးသောကြောင့် အံ့သြဘွယ် အထူးတရပ်ဖြစ်ပေသည်။

## သိမ်သမုတ်ပွဲ

၎င်းနေ့ မွန်းလွဲ ၂–နာရီအချိန်မှာ (၁၉–၅–၅၉)နေ့က သွားရောက်၍ ကြည့်ရှုခဲ့သော ဗုဒ္ဓဇယန္တီ ဝိဟာရသို့ တဖန်သွား၍ သိမ်သမုတ်ကြသည်။ ရေးဦးစွာ အရပ်ရှစ်မျက်နှာနှင့် အလယ်ဗဟိုအားဖြင့် ၉–ဌာနတို့၌ သိမ်နှုတ်ခြင်းကိစ္စကို ပြုကြသည်။ ထိုနောင် အရှင်နာရဒမထေရ်က သိမ်နိမိတ်များ ရှိရာသို့ သွားကာ လှည့်လည်၍၎င်း၊ မဟာစည်ဆရာတော်က အလယ်ဗဟို၌ တည်၍၎င်း သိမ်နိမိတ်များကို အသီးအသီး ပြောကြားကြေညာကြပြီးလျှင် အရှင်နာရဒမထေရ် အရှင်အရိယ ဝံသမထေရ်နှင့် မဟာစည်ဆရာတော်တို့က တပြိုင်နက် ကမ္မဝါရွတ်ဖတ်၍ သိမ်သမုတ်ကြသည်။ ထိုသို့ သိမ်သမုတ်ပြီး လျှင် ထိုနေ့က သီဟိုဠ်နိုင်ငံ မြန်မာနိုင်ငံတို့၌ ဝေါဟာရ လ–ရက်အလိုအားဖြင့် ကဆုန်လပြည့် ဥပုသ်နေ့ ဖြစ်သောကြောင့် သံဃဥပုသ်ကံကိုလည်း ပြုကြသည်။ ထိုသိမ်သမုတ်ပွဲသို့ မြန်မာ, သီဟိုဠ်, ယိုးဒယားနိုင်ငံတို့မှ သံမှူးများလည်း တက်ရောက်ကြည်ညိုကြသည်။ လာရောက် ကြည့်ရှုကြသော ပရိသတ်မှာ ၃၀၀–လောက်ရှိသည်။ အဆင်း အတက် ခဲယဉ်းသော တောင်စောင်းများ၌ ကမ္ဘောဒီးယား ဆရာတော်နှင့် သဋ္ဌိသရ ဆရာတော်တို့ကို ဒါယကာများက ထမ်းစင်ဖြင့် ပင့်ဆောင်ကြသည်။

(၂၀–၅–၅၉) ကဆုန်လဆန်း (၁၄)ရက်နေ့၌ ဖောရောဗုဒ္ဓူးအစည်းအဝေးပွဲတွင် ပြောဆိုရန် မိန့်ခွန်းများကို ရေးသားပြင်ဆင်ကြသည်။

## တတိယ ရှင်ပြုပွဲ

(၂၁–၅–၅၉) ကဆုန်လပြည့်နေ့ နံနက် ၉–နာရီအချိန်မှာ ရှင်လောင်း ၂–ပါးကို ရှင်သာမဏေပြုပေးသည်။ ရှင်သာမဏေကြီးကို ဇိနာနန္ဒာဟူ၍၎င်း အငယ်ကို ဇိနပ္ပိယဟူ၍၎င်း အမည်ပေးသည်။ ထိုဇိနပ္ပိယမှာ ဗာလီကျွန်းသား ဖြစ်သည်။

## သိမ်သမုတ်ပွဲ

၎င်းနေ့ ၂–နာရီမှာ (၁၉–၅–၅၉)က ကြည့်ရှုခဲ့သော ဗုဒ္ဓဝေယန္တီကျောင်းသို့သွား၍ သိမ်သမုတ်ကြသည်။ ရှေးဦးစွာ အရပ်ရှစ်မျက်နှာနှင့် အလယ်ဗဟိုပေါင်း ၉–ဌာနတို့၌ သိမ်နုတ်ခြင်းကိစ္စကို ပြုကြသည်။ ထိုနောက် အရှင်နာရဒနှင့် မဟာစည်ဆရာတော်တို့က သိမ်နိမိတ်များကို ပြောကြားကြေညာပြီးလျှင် နာရဒမထေရ် အရိယဝံသမထေရ် မဟာစည် ဆရာတော်တို့က ကမ္မဝါရွတ်ဖတ်၍ သိမ်သမုတ်ကြသည်။ ထိုသိမ်သမုတ်ပွဲသို့ မြန်မာ သီဟိုဠ် ယိုးဒယားနိုင်ငံတို့မှ သံမှူးများလည်း တက်ရောက် ကြည်ညိုကြသည်။ လာရောက်ကြည့်ရှုကြသော ပရိသတ်မှာ ၃၀၀–လောက်ရှိသည်။ အဆင်းအတက် ခဲယဉ်းသော ဆောင်စောင်းများ၌ ကမ္ဘောဒီးယား ဆရာတော်နှင့် သဋ္ဌိဿဆရာတော်တို့ကို ဒါယကာများက ထမ်းစင်ဖြင့် ပင့်ဆောင်ကြသည်။

## ဗုဒ္ဓဂယာကျောင်း၌ ဝေသာခပွဲတော်

(၂၈–၅–၅၉) ထိုနေ့က ညနေ ၅–နာရီအချိန်မှာ ဆမာရမ်မြို့အနီး ဝါ့တုဂုံအရပ် ဝိဟာရဗုဒ္ဓဂယာကျောင်း၌ ဝေသာခပွဲတော် ကျင်းပသည်။ ထိုပွဲတော် အခမ်းအနား၌ ယိုးဒယား, ကမ္ဘောဒီးယားနှင့် သီဟိုဠ်နိုင်ငံတို့မှ အင်ဒိုနေးရှား ရှင်ပြုရဟန်းခံ ကိစ္စအတွက် လှူလိုက်သော သပိတ် သင်္ကန်းများကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များက တဆင့်ပေးအပ်လှူဒါန်း ကြသည်။ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ရှင်လောင်း ရဟန်းလောင်း ၆–ပါးအတွက်ရည်စူး၍ လှူဒါန်းလိုက်သော သင်္ကန်း သပိတ်စသော ပရိက္ခရာများကို မြန်မာသံမှူး ဦးတင်လတ်က ဗုဒ္ဓသာသနာအဖွဲ့၏ကိုယ်စား လျှောက်ထား ပြောကြား၍ တဆင့်ပေးအပ်လှူဒါန်းသည်။ ဗုဒ္ဓသာသနာအဖွဲ့မှ လှူဒါန်းလိုက်သော ထိုပစ္စည်းများမှာ –

(၁) ၂–ထပ်သင်္ကန်းကြီး ၃–ထည်။

(၂) ဒွိစုံသင်္ကန်း ၁၂–စုံ။

(၃) သပိတ်နှင့် သပိတ်အိတ် ၆–စုံ။

(၄) သင်တုံးဓား၊ ခါးပန်းကြိုး၊ ရေစစ်၊ အပ်ထုပ်နှင့် အပ်ချည် ယပ် ၆–ခုစီ။

(၅) တရားအားထုတ်ရခြင်းအကြောင်း အင်္ဂလိပ်ဘာသာပြန် စာအုပ်များ။

(၆) သတိုးမဟာ သရေစည်သူ တရားဝန်ကြီး ဦးချန်ထွန်း၏ အမေရိကန်တွင် ဘာသာရေး အစည်းအဝေးများ၌ ဟောပြောခဲ့သော မိန့်ခွန်းစာအုပ်များတို့ပင် ဖြစ်သည်။

ထိုပစ္စည်းတို့တွင် သပိတ်သင်္ကန်းစသော အချို့ပရိက္ခရာများကို ပဌမ, ဒုတိယ ရှင်ပြုပွဲများမှာပင် လှူပြီးဖြစ်သည်။ စာအုပ်များကိုမူ ရောက်ရာ ရောက်ရာမြို့များ၌ ပေးသင့်ပေးထိုက်သော ပုဂ္ဂိုလ်များအား ရွေးချယ်၍ အရှင်ဇိနရက္ခိတက ဝေငှ ဖြန့်ဖြူးသည်။ ၎င်းစာအုပ်များကို တရားဟောလှည့်ရာ ဌာနတိုင်း၌ ပေးကမ်းနိုင်သည့်အတွက် များစွာ ကျေးဇူးရှိပေသည်။

## မဟာစည်ဆရာတော်၏ သီးခြားတရားပွဲ

ထိုနောင် ခေတ္တနားပြီးလျှင် ည ၇–နာရီ မိနစ် ၂၀–အချိန်မှာ မဟာစည်ဆရာတော်က ဝိပဿနာတရားကို အကျဉ်းချုပ်ဟောသည်။ သံမှူးဦးတင်လတ်က အင်္ဂလိပ်ဘာသာပြန်သည်။ အရှင်ဇိနရက္ခိတက အင်ဒိုနေးရှားဘာသာပြန် သည်။ ပရိသတ်မှာ ၂၀၀–ကျော်လောက် ရှိသည်။

## ပဥ္စမ ရဟန်းခံပွဲ

(၂၁-၅-၅၉) ကဆုန်လဆုတ် ၁-ရက်နေ့ နံနက် ၈-နာရီမှာ ယခင်နေ့က သမုတ်ထားသော ဗုဒ္ဓဇယန္တီသိမ်၌ ရှင်သာမဏေ ဖိနပုတ္တကို ရဟန်းခံပေးကြသည်။ ဥပဇ္ဈာယ် ဆရာတော်မှာ ကမ္ဘောဒီးယား သံဃရာဇာ ဆရာတော်ဖြစ်သည်။ ကမ္မဝါဆရာများမှာ အရှင်နာရဒ အရှင်အရိယာဝံသနှင့် မဟာစည်ဆရာတော်တို့ဖြစ်သည်။ ဥပသမ္ပဒကံဆောင်ရာသို့ လာရောက်ကြည်ညိုကြသော ပရိသတ်အပေါင်းအား အရှင်နာရဒက အနုမောဒနာတရား ဟောကြားသည်မှာ-

အင်ဒိုနေးရှားပြည် ဂျာဝါးကျွန်း၌ ရှေးအခါက မကြားဘူးသော ထေရဝါဒ ရဟန်းခံခြင်းကိစ္စကိုလည်း ဆောင်ရွက်ပြီးကြောင်း၊ လွန်ခဲ့သော ၂၅-နှစ်က ဂျာဝါးကျွန်းသို့ ရောက်ခဲ့ဘူးရာ ထိုအခါက ဗုဒ္ဓဘာသာဝင်အစစ်ဆိုလျှင် တစ်ဦး တစ်ယောက်မျှ မတွေ့ခဲ့ရကြောင်း၊ လွန်ခဲ့သော ငါးနှစ်အတွင်းက အင်ဒိုနေးရှားမှာ ဗုဒ္ဓဘာသာ ရဟန်းဆိုလျှင် ဖိနရက္ခိတ တစ်ပါးတည်းသာ ရှိခဲ့ကြောင်း။ ၎င်းမှာ သာသနာတည်ထွန်းရန်အတွက် တစ်ပါးတည်းပင် ငါးနှစ်ပတ်လုံး ကြိုးစား ခဲ့ကြောင်း၊ ထိုသို့ ကြိုးစားသဖြင့် ယခုအခါမှာ ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်သော အင်ဒိုနေးရှား ပြည်သူ ပြည်သား ဥပါသကာ ဥပါသိကာမများကို များစွာ တွေ့ရကြောင်း။ ဝိဟာရခေါ်သော ကျောင်းများလဲ တည်ရှိနေပြီဖြစ်ကြောင်း၊ သာသနအခြေ သိမ်လည်း ဖြစ်ပေါ်လာသည့်ပြင် အင်ဒိုနေးရှား ပြည်သား ရဟန်းတစ်ပါးလည်း တိုးလာပြီဖြစ်ကြောင်း။ ယမန်နေ့ကပင် ရှင်သာမဏေ ၂-ပါးကိုလည်း ထပ်မံပြုပေးထားသဖြင့် ယခုနေအခါမှာ အင်ဒိုနေးရှား ပြည်သား ရဟန်းသာမဏေ ၄-ပါး ရှိနေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒီကရှေ့မှာ အကူအညီ တပည့် ရဟန်း သာမဏေများနှင့်တကွ ဖိနရက္ခိတက သာသနာတော် ကို တိုး၍ ပြုစုနိုင်မည်ဟု မျှော်လင့်ရကြောင်း။ ယခုလာရောက်ကြည်ညို အားပေးကြသော ပုဂ္ဂိုလ်တွေမှာ သာသနာတော်ကို ဝိုင်းဝန်း၍ အားပေးထောက်ပံ့ကြသော သာသန ဒါယကာများဖြစ်၍ လွန်ကဲထူးမြတ်သော ကုသိုလ် အထူးကိုရကြောင်း၊ ထိုကုသိုလ်၏ အစွမ်းကြောင့် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မိမိတို့၏ အလိုဆန္ဒအတိုင်း ရကြမည်မှာ ဧကန်မုချ ဖြစ်ကြောင်း နောင်လဲ ဒီလိုသာသနာပြုကိစ္စကို စွမ်းနိုင်သည့်ဘက်က အားပေးကူညီကြစေလိုကြောင်း စသည်ဖြင့် ဟောကြားလေသည်။

## ဗောရောဗုဒူးသို့ကြွခြင်း

(၂၂-၅-၅၉) ထိုနေ့ရက်မှာ စန်းယှဉ်နက္ခတ်အလိုအားဖြင့် တိထိရက်စေ့သည့် ကဆုန်လပြည့်နေ့ဖြစ်သည်။ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံပေါင်း (၄၀)ကျော်မှ ဗုဒ္ဓဘာသာဝင်တို့က ထိုနေ့မှာပင် ဝေသာခဗုဒ္ဓနေ့အဖြစ်ဖြင့် ကျင်းပကြသည်။ ထိုကြောင့် ထိုနေ့မှာပင် ဗောရာဗုဒူးစေတီတော်၌ ဗုဒ္ဓနေ့ အခမ်းအနားကျင်းပရန် စီစဉ်ထားသည့်အတိုင်း သာသနာပြု ဆရာတော်များသည် နေ့ ၁၂-နာရီ ၁၅-မိနစ်အချိန်မှာ နောက်ပါ တပည့် ပရိသတ်များနှင့်တကွ ဗောရာဗုဒူးသို့ ကားဖြင့် ထွက်ခဲ့ကြသည်။ မဟာစည်ဆရာတော်နှင့် ကမ္ဘောဒီးယား ဆရာတော်ကို မြန်မာသံမှူး ဦးတင်လတ်က ကိုယ်ပိုင်ကားဖြင့် ပင့်ဆောင်သွားသည်။ ခရီးမှာ ကီလို (၉၀) (မိုင်-၆၀)လောက် ဝေးသည်။

၁-နာရီ ၄၅-မိနစ်မှာ ကျန္ဒီမင်ဒွတ်သို့ ရောက်သည်။ ၎င်းမှ ဗောရောဗုဒူးသို့ ၂-မိုင်လောက်သာ ဝေးတော့သည်။ ကျန္ဒီမင်ဒွတ်ဆိုသည်မှာ မင်ဒွတ်အရပ်ရှိ ဘုရားကျောင်းဟု ဆိုလိုသည်။ ထိုအရပ်ဒေသ၌ ဗောရောဗုဒူးသို့ ဖူးမျှော်ရန် သွားလျှင် ကျန္ဒီမင်ဒွတ်ကို ရှေးဦးစွာ ဖူးမျှော်ပြီးမှ သွားရသော အလေ့အထရှိသည်ဟု ဆို၏။ ထိုနေ့က မင်ဒွတ်၌ စည်ဝေး ရောက်ရှိနေသော ပရိသတ်မှာ သုံးထောင် (၃၀၀၀)လောက်ရှိမည်။ ဘုရားကျောင်းဆောင်မှာ ကျောက်တုံးများဖြင့် စီ၍ တည်ဆောက်ထားသော အဆောက်အဦဖြစ်သည်။ အောက်ခြေခုံမှာ ၈-ပေလောက်မြင့်သည်။ အပေါ်ကျောင်းဆောင်မှာ ပေ ၂၀လောက် မြင့်သည်။ အခန်းထဲ၌ အလယ်ပလ္လင်ထက်မှာ ခြေထောက်တွဲလဲချလျက် ထိုင်နေပုံ ဘုရားဆင်းတုတော်ကြီး တစ်ဆူရှိသည်။ မော်လမြိုင်မြို့ ကျိုက်မရောက ဆင်းတုတော်ပုံနှင့် ခပ်ဆင်ဆင် ဖြစ်သည်။ လက်ဝဲ လက်ျာ ၂-ဘက်၌ ထိုင်နေပုံ ဗောဓိသတ္တရုပ်ထု နှစ်ခုရှိသည်။

## ကျန္ဒီမင်ဒွတ် ပူဇော်ပွဲ

ထိုဘုရားကျောင်းဆောင်သို့ ဝင်ရောက်ပြီးလျှင် ဘုရားဂုဏ်တော်များကို အာရုံပြုလျက် ဆီမီး ပန်း အမွှေးတိုင်တို့ဖြင့် ပူဇော်ကန်တော့ကြသည်။ ဥပါသကာ, ဥပါသိကာမများက ညီတူသံပြိုင် ရွတ်ဆို၍ သီလတောင်းကြသည်။ မဟာစည်ဆရာတော်က သီလပေးသည်။ ထိုနောင် သံဃာတော်များက ပရိတ်ရွတ်ကြသည်။ ဥပါသကာ, ဥပါသိကာမများကလည်း အောင်ခြင်း ရှစ်ပါး ဂါထာ စသည်များကို အင်ဒိုနေးရှား အသံနေ အသံထားဖြင့် သာယာစွာရွတ်ဆို၍ ပူဇော်ကြသည်။ အရှင်နာရဒက အင်္ဂလိပ်ဘာသာဖြင့် တရားစကား ပြောဟောသည်။ အရှင်ဇိနရက္ခိတက အင်ဒိုနေးရှားဘာသာပြန်သည်။ ထိုအခါမှာ မိုးက တော်တော်များများ ရွာသည်။ သို့သော် စောင့်ကြည့် နားထောင်နေကြသော ပရိသတ်မှာ အခြေမပျက်ဘဲ ဖွဲကောင်းလျက်ရှိသည်။ ထိုပရိသတ်မှာ ဗုဒ္ဓဘာသာဝင် မဟုတ်သူတွေကသာ များသည်။ ပြောဟောပြီးနောက် ကျောင်းဆောင်ကို လက်ျာရစ်လှည့်၍ ပူဇော်ကြသည်။ မိုးက တဖျောက်ဖျောက် ကျလျက်ပင်။

## ဗောရောဗုဒူး၌ ဝေသာခပွဲတော်

ထိုနောင်ဗောရောဗုဒူးသို့ ကားဖြင့် ထွက်ခွါလာခဲ့ကြရာ ၃-နာရီခွဲမှာ စေတီတော်ကြီးအနီး ဧည့်ခံမဏ္ဍပ်သို့ ရောက်သည်။ လာရောက်ကြည့်ရှုကြသော ပရိသတ်မှာ စေတီတော် ခြေရင်းရှိ ပေ ၆၀၀×၃၀၀-လောက် ကျယ်သော ကွင်းကြီးတခုလုံး ပြည့်လျက်ရှိသည်။ ညနေ ၅-နာရီအချိန်မှာ အခမ်းအနားစ၍ဖွင့်သည်။ အရှင်နာရဒမထေရ်က ဝေသာခပွဲတော် ကျင်းပခြင်းအကြောင်း၊ ဗောရောဗုဒူး စေတီတော်အကြောင်း၊ ထေရဝါဒနိုင်ငံများမှ သာသနာပြု မထေရ်များ ကြွလာခြင်းအကြောင်း၊ သိမ်သမုတ်ခြင်း ရဟန်းခံပေးခြင်းအကြောင်း စသည်တို့ကို ပြောဟောသည်။ ကမ္ဘောဒီးယား ဆရာတော်ကြီးကလည်း အနည်းငယ် ပြောဟောသည်။ ထိုပြောဟောချက်ကို နောက်၌ အပြည့်အစုံဖေါ်ပြမည်၊ ယိုးဒယား ဆရာတော်ကလည်း အနည်းငယ်ပြောဟောသည်။ ထိုနောင် ဂျပန်ဘုန်းကြီးတစ်ပါးကလည်း အနည်းငယ် ပြောဟောသည်။ သီဟိုဠ် ယိုးဒယား သံမှူးများကလည်း ပြောဟောပြီးနောက် မြန်မာသံမှူးဦးတင်လတ်က ပြောဟောသည်။ ၎င်းကိုလည်း နောက်၌ အပြည့်အစုံဖေါ်ပြမည်။ ထိုနောင် အင်ဒိုနေးရှား ဗုဒ္ဓဘာသာအဖွဲ့ဝင် ပုဂ္ဂိုလ်များက ပြောဟောပြီးနောက် စေတီတော်ကြီးကို လက်ျာရစ် လှည့်လည်၍ ပူဇော်ကြသည်။

## ဗောရောဗုဒူးပူဇော်ပွဲ

ဗောရောဗုဒူး ဟူသော အမည်မှာ ဝိဟာရ ဗုဒူးမှ ဖြစ်လာသည်။ ဗုဒူးမည်သော ရွာအနီး၌ တည်ဆောက်ထားသော ဘုရားကျောင်းတော်ဟု ဆိုလိုသည်ဟူ၍ အနက်အဓိပ္ပါယ် ကောက်ယူကြ၏။ ၎င်းဗောရောဗုဒူးစေတီတော်ကြီးမှာ ပတ်လည် လှည့်နိုင်သော အဆင့် ၉-ဆင့်ရှိသည်။ ကမ္ဘောဒီးယားဆရာတော်က မီးတိုင်ကိုကိုင်လျက် ရှေ့ဆုံးမှ လှည့်လည်သည်။ ထိုဆရာတော်၏နောက်မှ အစဉ်အတိုင်း သံဃာတော်များ ဒါယကာ ဒါယိကာမများက မီးတိုင်ကိုယ်စီနှင့် လိုက်ပါ လှည့်လည်ကြသည်။

မဟာစည်ဆရာတော်က- ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေသိ၊ ငါတို့ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် အမှန်တရားကို သိတော်မူပြီးမှ ငါတို့အားလည်း အလားတူပင် သိမြင်စေရန် အမှန်တရားကို ဟောကြားတော်မူခဲ့ပါပေသည်။

ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေသိ၊ ငါတို့မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးမှ ငါတို့အားလည်း အလားတူပင် ယဉ်ကျေးစေရန် အမှန်တရားကို ဟောကြားတော်မူခဲ့ပါပေသည်။

သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေသိ၊ ငါတို့ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ငြိမ်သက်သိမ်မွေ့တော်မူပြီးမှ ငါတို့အားလည်း အလားတူ ငြိမ်သက် သိမ်မွေ့စေရန် အမှန်တရားကို ဟောကြားတော်မူခဲ့ပါပေသည်။

တိဏ္ဏော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေသိ၊ ငါတို့မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကိလေသာ အပူမီးအလုံးစုံ ငြိမ်းအေးတော်မူပြီးမှ ငါတို့အားလည်း အလားတူ ငြိမ်းအေးစေရန် အမှန်တရားကို ဟောကြားတော်မူခဲ့ပါပေသည်။ ဤသို့ စသည်ဖြင့် ဘုရားဂုဏ်တော်များကို နှလုံးသွင်း ရွတ်ဆိုလျက် လှည့်လည် ပူဇော်သည်။

အခြားဆရာတော်များကလည်း မိမိတို့လေ့လာနေကျ ဂုဏ်တော်တို့ကို နှလုံးသွင်း ရွတ်ဆိုလျက် လှည့်လည် ပူဇော်ကြသည်။ အလွန်ပင် စိတ်ကြည်နူးဘွယ် ကောင်းပါပေသည်။

## စေတီတော်ကြီး၏ ပုံသဏ္ဌာန်

စေတီတော်ကြီး၏ အောက်ခြေ ဘိနပ်တော်အကျယ်မှာ အလျား အနံ (၃၉၄)ပေစီရှိသည်။ အမြင့်မှာ (၁၃၈)ပေ ရှိသည်။ ဘိနပ်တော်မှာ သမံတလင်း ပြောင်ချောဖြစ်သည်။ ထိုမှ အထက်လေးဆင့်မှာ ဘေးပတ်လည်၌လည်း ဝရံတာ အကာရှိ၍ ထိုဝရံတာနှင့် အတွင်းဘက်နံရံကြားမှာ လှည့်လည်သွားလာနိုင်သော အဆင့်များဖြစ်သည်။ အပြင်ဝရံတာ၏ အထက်၌ မုခ်ဝအဆောင်ကလေးများ ရှိ၍ ထိုအဆောင်ကလေးများထဲမှာ လူတစ်ကိုယ်လောက်နီးပါး ရှိသော တင်ပလ္လင်ခွေ ဘုရားပုံတော် ကျောက်ဆင်းတုတော်များ ရှိသည်။ ၎င်းတို့မှာ တစ်မျက်နှာ တစ်မျက်နှာ၌ (၁၀၈)ဆူစီရှိ၍ လေးမျက်နှာ၌ (၄၃၂)ဆူရှိသည်။ အချို့ပျက်စီးနေသည်။

## ဆင်းတုတော် ၄-မျိုး

ထိုတွင် (၁) မြောက်ဘက်မျက်နှာမှ (၁၀၈)ဆူမှာ လက်ျာ လက်ဝါးဖြင့် ကာလျက် ဟန့်တားနေပုံဖြစ်သည်။ ၎င်းကို အဘယမုဒြာဟုခေါ်၏။ မာဘာယိ မဟာနာမ-မကြောက်လင့် မဟာနာမ် ဤသို့စသည်ဖြင့် အားပေးလျက် တရား ဟောနေတော်မူပုံ ဖြစ်သည်။

(၂) အရှေ့ဘက် မျက်နှာမှ (၁၀၈)ဆူမှာ လက်ျာလက်ဝါးကို လက်ျာခြေပေါ်၌ မှောက်လျက် တင်ထားသော ပုံဖြစ်သည်။ ၎င်းကို ဘူမိသွသ်မုဒြာဟုခေါ်၏။ ဘူမိဖဿမြေကြီးကို သက်သေထူပြနေသော ပုံဟုဆိုလိုသည်။ မြန်မာပြည် ၌လည်း ဤဆင်းတုမျိုး ရှိသည်။ လက်ဝဲလက်ဖြင့် လက်ဖဝါးလက္ခဏာကို သိစေရန် လက်ျာလက်ဖြင့် လက်ဖမိုးလက္ခဏာ ကို သိစေရန်ပြသော ပုံဟူ၍ ယူဆကြသည်။

(၃) ဆောင်ဘက်မျက်နှာမှ (၁၀၈)ဆူမှာ လက်ျာလက်ဝါးကို လက်ျာခြေပေါ်၌ ပက်လက်ဖြန့်လျက် တင်ထားသော ပုံဖြစ်သည်။ ၎င်းကို ဒါနမုဒြာဟု ခေါ်၏။ ပစ္စည်းဥစ္စာကို တွယ်တာသိမ်းပိုက် ဆုပ်ကိုင်မထားဘဲ ပယတပါဏီ ဖြန့်သော လက် ရှိလျက် ရက်ရက်ရောရော ပေးလှူရန် တရားဟောနေတော်မူပုံဖြစ်သည်။

(၄) အနောက်မျက်နှာမှ (၁၀၈)ဆူမှာ လက်ဝဲလက်ပေါ်မှာ လက်ျာလက်ကို ပက်လက်ထပ်လျက် တင်ထားသော ပုံဖြစ်သည်။ ၎င်းကို ဈာနမုဒြာဟု ခေါ်၏။ ဈာန်ဝင်စားနေပုံဟု ဆိုလိုသည်။

## ရုပ်လုံး ဇာတ်ကားတွေ

အဆင့် ၄-ဆင့်တွင် အတွင်းအပြင် နံရံများ၌ ငါးရာငါးဆယ် ဇာတ်ဝတ္ထုများမှ ရုပ်ပုံများ နောက်ဆုံးဘဝမှ ဘုရား အလောင်း၏ အကြောင်းအရာပုံများ ဘုရားဖြစ်ပြီးနောက် ရုပ်ပုံများကို ရုပ်လုံးကားအဖြစ် ထုတွင်းထားသည်။ ယခုထက်တိုင် အများအားဖြင့် ပီပီသသကောင်းမွန်လျက်ရှိသေး၏။ ဘုရားအလောင်းတော် နိမိတ်ကြီး ၄-ပါးကို မြင်ပုံ၊ တောထွက်ပုံ၊ ကဏ္ဍကမြင်းနှင့် ဆန္နအမတ်တို့ကို ပြန်လွှတ်ပုံ၊ ဗြဟ္မာက သင်္ကန်းလာကပ်ပုံစသည်များကို အနောက် မျက်နှာ၌ အထင်အရှား တွေ့ခဲ့ရသည်။ ပဉ္စဝဂ္ဂီငါးဦးအား တရားဟောနေပုံကိုလည်း အရှေ့ဘက်မျက်နှာ၌ တွေ့ခဲ့ရသည်။ ဇာတ်ကားပေါင်းမှာ (၂၁၄၁)ကား ရှိသည်။ ၎င်းတို့ကို တကားချင်းဆက်လျက် စီတန်းထားမည်ဆိုလျှင် ၃-မိုင်ခန့် ရှိမည် ဟုဆို၏။

ထိုလေးထောင့်ပုံ ၄-ဆင့်မှ အထက်၌အဝိုင်းပုံ ၄-ဆင့်ရှိပြန်သည်။ ထိုတွင် အောက် ၃-ဆင့်၌ ခေါင်းလောင်းပုံ စေတီငယ်ကလေးများ အစဉ်အတိုင်း (၃၂)ဆူ (၂၄)ဆူ (၁၆)ဆူရှိ၍ အားလုံးပေါင်း (၇၂)ဆူရှိသည်။ ၎င်းစေတီငယ်ကလေး များမှာ ဆောင်းကွဲ့သို့ နံရံ၌ မျက်ကွက်အပေါက်များ ရှိသည်။ အလယ်၌ လိုဏ်အခန်းဖြစ်နေသည်။ ၎င်းလိုဏ်အခန်း အလယ်၌ တင်ပလ္လင်ခွေဘုရားပုံ ကျောက်ဆင်းတု တစ်ဆူစီရှိသည်။ အောက် ၄-ဆင့်မှ (၄၃၂)ဆူနှင့် ဤ ၃-ဆင့်မှ (၇၂)ဆူကို ပေါင်းလိုက်လျှင် လူတကိုယ်လောက် နီးပါး ရှိသော ကျောက်ဆင်းထုပေါင်း (၅၀၄)ဆူရှိသည်။ အထက်ဆုံး အဆင့်တွင် အလယ်ဗဟို၌ ခေါင်းလောင်းပုံ စေတီကြီးတည်ရှိသည်။ ၎င်းမှာ အပေါက်အခေါင်း မရှိပေ။

## ခုနှစ်နှင့် ဒါယကာ

ၚင်းစေတီတော်ကြီးကို ခရာဇ်သက္ကရာဇ် ရှစ်ရာစုနှစ်က တည်ဆောက်ခဲ့သည်ဟူ၍ငင်း၊ ၇၇၅–ခုနှစ်မှာ ပြီးစီးသည်ဟူ၍ငင်း၊ ဗောရောဗုဒူးအတ္ထုပ္ပတ္တိမှတ်တမ်းစာများ ပြဆိုထားသည်။ ဤမျှများပြားသော ကျောက်တုံးများကို ပြုပြင်သယ်ဆောင်၍ငင်း၊ ဤမျှ များပြားသော ဆင်းထုတော်များနှင့် ဇာတ်ကား ရုပ်လုံးများကို ထုထွင်း၍ငင်း၊ ဤမျှ ကြီးကျယ်ခမ်းနားလှစွာသော ဗုဒ္ဓစေတီတော်ကြီးကို တည်ဆောက်ခဲ့သူ ဒါယကာမှာ မည်သူဟူ၍ ယခုအခါ ထင်ရှား မသိရသော်လည်း ထိုရှစ်ရာစုနှစ်ခေတ်အခါကာလက ဘုန်းတန်ခိုးကြီးမားသော ပြည့်ရှင်မင်းပင်ဖြစ်မည်မှာ ယုံမှားဘွယ် မရှိပေ။ မင်းပင်ဖြစ်သော်လည်း တိုင်းသူပြည်သား အများက အားမပေးလျှင် ဤမျှကြီးကျယ်ခမ်းနားသော စေတီတော်ကြီးကို အပြီးတိုင် တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ထိုစဉ်ကာလက ဂျာဝါးတကျွန်းလုံးမှာ ဗုဒ္ဓဘာသာဝင်တွေချည်းလိုလိုပင် ဖြစ်ခဲ့သည်မှာလည်း ယုံမှားဘွယ်မရှိပေ။

## စေတီကြီးပေါ်၌ ဘာဝနာပွါးခြင်း

ရာပေါင်းများစွာသော ဥပါသကာ ယောကျာ်း, ဥပါသိကာမိန်းမများနှင့်တကွ သာသနာပြုဆရာတော်များသည် စေတီတော်ကြီးကို လှည့်လည်ပူဇော်ပြီးနောက် အရှေ့ဘက်မျက်နှာရှိ ခေါင်းလောင်းပုံစေတီအိမ်ပျက်နေသော လေဟာပြင်ဆင်းတုတော်၌ စုရုံးကြပြီးလျှင် မြတ်စွာဘုရား၏ ဂုဏ်တော်များကို အာရုံပြုလျက် ဆီမီး ပန်း အမွှေးတိုင်စသည်ဖြင့် ပူဇော်ကြသည်။ ပရိတ် မေတ္တာဘာဝနာများကိုလည်း ရွတ်ဖတ်ပွါးများကြသည်။

ထိုနောင် အထက်ဆုံးအဆင့်သို့တက်၍ အလယ်ဗဟိုရှိစေတီတော်ကြီးကို ဝန်းရံကာ ထိုင်နေကြပြီးလျှင် ဗုဒ္ဓါနုဿတိ မေတ္တာနှင့် ဝိပဿနာဘာဝနာတို့ကို ၁–နာရီခန့် ငြိမ်သက်စွာ ပွားများအားထုတ်ကြသည်။ ထိုအချိန်မှာ ဓါတ်ပုံဆရာများက တဖျတ်ဖျတ်နှင့် ဓာတ်ပုံရိုက်ယူကြသည်။

## လူထုက စိတ်ဝင်စားစွာ ကြည့်ရှုခြင်း

ည ၁၀–နာရီမှာ စေတီပေါ်မှ ဆင်းခဲ့ကြသည်။ မဏ္ဍပ်သို့ရောက်သောအခါ လိုအပ်သော အစီအစဉ်များကို ပြုလုပ်ကြသည်။ အကြောင်းမှာ ဂျာဝါးအရှေ့တောင်ပိုင်းသို့ တရားဟောလှည့်မည့် အရှင်နာရဒအဖွဲ့နှင့် အရှေ့မြောက်ပိုင်းသို့ လှည့်မည့် မဟာစည်ဆရာတော်အဖွဲ့တို့မှာ ထိုညကပင် ခွဲခွါကြရတော့မည်ဖြစ်ကြောင့်ပင်တည်း။ ထိုအချိန်၌ လူထုပရိသတ်ကြီးမှာ မဏ္ဍပ်ပေါ်က ရဟန်းသံဃာများကို အချင်းချင်းတိုးဝှေ့လျက် ကြည့်ရှုနေကြသည်။ မဏ္ဍပ်မှ ပေ (၆၀၀) လောက်ဝေးသော စေတီတော်ကြီး အနီး၌ ဘုရားနှင့်စပ်သော သီဟိုဠ်ရုပ်ရှင်ကားများကို ပြလျက်ရှိသည်။ ထိုရုပ်ရှင်ကားမှတပါး အခြားသော ကြည့်ရှုဘွယ် နားထောင်ဘွယ်ဆိုလျှင် ဘာမျှမရှိပေ။ သို့သော်လည်း အချို့ကသာ ထိုရုပ်ရှင်ကားဆီကို သွား၍ကြည့်သည်။ အချို့ကမူ ရဟန်း သံဃာတော်များကိုသာလျှင် ငေးမောလျက် ကြည့်ရှုနေကြသည်။ မိုးကလည်း ရွာထားသဖြင့် မြေပြင်မှာ ရွှံ့ဗွက်တွေလည်း ပေါက်နေသည်။ ထိုရွှံ့ဗွက်ထဲမှာပင် ရပ်တည်လျက် ကြည့်ရှုနေကြသည်။ ထိုလူစုတွေမှာ ဗုဒ္ဓဘာသာဝင် မဟုတ်သူတွေကသာ များပေလိမ့်မည်။ သို့ဖြစ်၍ ၎င်းတို့ကို တွေ့မြင်ရသော သာသနာပြုဆရာတော်များမှာ တွေးတောဆင်ခြင်လျက် ကရုဏာသက်မိကြလေတော့သည်။ "ဒီလူစုတွေဟာ ရှေးရှေးက ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ ဘိုးဘွားတို့၏ အဆက်အနွယ် သားမြေးတွေ ဖြစ်ရှာကြပေလိမ့်မည်။ သို့သော် သူတို့မှာတော့ ဗုဒ္ဓဘာသာတရားကိုလဲ မကြားဘူး ရှာကြ၊ ဗုဒ္ဓဘာသာ ရဟန်းကိုတောင်မှ မမြင်ဘူး ရှာကြ၍ ငေးမော ကြည့်နေရှာကြပေသည်။ သနားစရာကောင်းပါဘိ"ဟူ၍ ကရုဏာသက်မိ ကြလေသည်။

၁၁–နာရီခွဲအချိန်မှာ အားလုံးပြင်ဆင်ပြီးကြသဖြင့် သာသနာပြု ဆရာတော်များသည် ဗောရောဗုဒူးဌာနမှ ထွက်ခွါခဲ့ကြသည်။ လူထုကြီးမှာမူ ထိုအချိန်တိုင်အောင်ပင် ငေးမောလျက်ကျန်ရစ်ရှာ၏။ ထိုည၌က တညလုံးပင် ပွဲတော် ကျင်းပရာဌာန၌ လူထုမပြတ်မစဲ ရှိနေသည်ဟု ကြားသိရ၏။ ထိုပွဲတော်သို့ တက်ရောက်ကြသော လူဦးရေမှာ ခြောက်သောင်း(၆၀၀၀၀)လောက် ရှိသည်ဟု ပုလိပ်ဌာနက ခန့်မှန်းသည်။ အကယ်၍ ထိုနေ့က မိုးမရွာပါလျှင်ထိုထက်ပင် စည်ကားဘွယ်ရှိပေသည်။

## ဗောရောဗုဒူး စေတီတော်ကြီး မဟာစည်ဆရာတော်၏မိန့်ခွန်း

အင်ဒိုနေးရှား အမျိုးသားအပေါင်းတို့ (၂၂–၅–၅၉) ယနေ့ဟာ စန်းယှဉ်နက္ခတ်အလိုအားဖြင့် တိထိရက်စေ့ ကဆုန်လပြည့်နေ့ဖြစ်ပေသည်။ လွန်ခဲ့သော (၂၅၈၃)နှစ်က ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ဝိုင်းဝိုင်းတိတိ လဝန်းပြည့်တဲ့ ဒီလိုနေ့မျိုးမှာဘဲ ငါတို့ဘုရားအလောင်း ဖွါးမြင်တော်မူခဲ့တယ်။ လွန်ခဲ့သော (၂၅၄၈)နှစ်က ဒီလိုနေ့မျိုးမှာဘဲ တရားအလုံးစုံကို မှန်စွာသိလျက် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့တယ်။ လွန်ခဲ့သော (၂၅၀၃)နှစ်က ဒီနေ့မျိုးမှာဘဲ ငါတို့ မြတ်စွာဘုရားဟာ ဒုက္ခခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်စခန်းသို့ ကြွမြန်းတော်မူခဲ့တယ်။ ဒါကြောင့် ဒီကနေ့ဟာ ပကတိအားဖြင့်ပင် အလေးအမြတ်ပြုပြီး မှတ်သားထိုက်တဲ့နေ့ ကြက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့နေ့ဖြစ်ပေတယ်။

အင်ဒိုနေးရှားနိုင်ငံအတွက် ထူးခြားတာကတော့ အင်ဒိုနေးရှားရဟန်း ဇိနရက္ခိတနှင့်တကွ သီဟိုဠ် ယိုဒယား ကမ္ဗောဒီးယား မြန်မာပြည်ဆိုတဲ့ ထေရဝါဒ ၄–နိုင်ငံက ရဟန်းတော်အပေါင်း သံဃာတော်က ဒီနိုင်ငံမှာ ဘယ်တော့ကမှ မရှိဘူးတဲ့ သိမ်ဆိုတာကို သမုတ်တယ်။ အင်ဒိုနေးရှား တိုင်းရင်းသား တစ်ဦးကိုလဲ ဗုဒ္ဓသာသနာတော်မှာ ရဟန်းအဖြစ်ဖြင့် တင်သွင်းပေးတယ်။ ဒါကြောင့် ဒီနေ့ဟာ ဒီနိုင်ငံအတွက် ပိုပြီးကြက်သရေ မင်္ဂလာရှိတဲ့ နေ့ထူး နေ့မြတ်ကြီးဖြစ်ပေသည်။ ဒီမင်္ဂလာ နေ့ထူး နေ့မြတ်ကစပြီး ဒီနိုင်ငံမှာ သာသနာတော်ဟာ တနေ့တခြား တိုးတက်ပြီးတော့ ရှေးရှေးတုန်းကလိုဘဲ ဗုဒ္ဓသာသနာ အလင်းရောင်ဖြင့် တပြောင်ပြောင်တောက်ပပါစေလို့ ဆုတောင်းပါတယ်။

ဒီလို ဆုတောင်းရခြင်း၏ အကြောင်းကတော့ ဒီဗောရောဗုဒူး စေတီတော်ကြီးကို တည်ဆောက်တဲ့ ရှစ်ရာစုနှစ်ဆီက ဆိုလျှင် ဒီဂျာဝါးကျွန်းက လူတွေဟာ အများအားဖြင့် ဗုဒ္ဓဘာသာဝင်တွေချည်း ဖြစ်ပါတယ်။ ဒီကျွန်းတွင်မကသေးဘူး အဲဒီခေတ်တုန်းကဆိုလျှင် စုမာတြကျွန်းမှာရော မာလာယုနိုင်ငံမှာရော အများအားဖြင့် ဗုဒ္ဓဘာသာဝင်တွေချည်း ဖြစ်ကြတယ်ဆိုတာ သိရိဝိဇယနိုင်ငံတော်ကြီး ဖြစ်ခဲ့ပုံနှင့် အိန္ဒိယနိုင်ငံမှစပြီး စက်ာပူအထိ ပင်လယ်ကမ်းရိုးတန်းတလျှောက်လုံးမှာရော ဒီအင်ဒိုနေးရှားနိုင်ငံကျွန်းစုတွေမှာရော ဗုဒ္ဓသာသနာ အလင်းရောင်ဖြင့် တပြောင်ပြောင် တောက်ပလျက် အလွန်ပင် ကျက်သရေမင်္ဂလာရှိခဲ့တယ် တင့်တယ်ခဲ့တယ်ဆိုတာကို မျှော်တွေးပြီး ကြည့်နိုင်ပါတယ်။

ပြီးတော့ ဗုဒ္ဓသာသနာတော်ဆိုတာကလဲ သားငှက် တိရစ္ဆာန်ကလေးတွေမှစပြီး ဘယ်သူကိုမှ အကျိုးမဲ့မပြုဘို့ရန် ညွှန်ကြားဆုံးမထားတယ်။ သည်းခံခြင်း ချစ်ခင်ခြင်း သနားငဲ့ညှာခြင်းတို့ဖြင့် သူတပါးကို စောင့်ရှောက်ကူညီဘို့ရန် ညွှန်ကြားဆုံးမထားတယ်။ ဒါကြောင့် အဲဒီရှစ်ရာစုနှစ်ဆီကဆိုလျှင် ဒီအင်ဒိုနေးရှားနိုင်ငံက လူတွေဟာ ခန္တီမေတ္တာကရုဏာတရားတွေကို လက်ကိုင်ထားပြီးတော့ ဗုဒ္ဓသာသနမမ္မ သူတော်ကောင်း တရားတွေကို ပွါးများနေခဲ့မှာဘဲလို့ တွေးဆပြီး သိနိုင်ပါတယ်။

အဲဒီသူတော်ကောင်းတရားတွေကို ပွါးများနေခဲ့ကြတဲ့ သူတွေဟာ တခြားကလူတွေ မဟုတ်ဘူး၊ ယခုလက်ရှိ အင်ဒိုနေးရှား ပြည်သူ ပြည်သားတွေ၏ ဘိုးဘွားဟောင်းတွေဘဲ ဖြစ်ပါတယ်။ မိဘအဆက်နှင့်ဆိုလျှင် သိပ်မဝေးလှသေးပါဘူး။ အဆက်ပေါင်း သုံးလေးဆယ်လောက်ဘဲ ရှိပါဦးမယ်။ ဒါပေမဲ့ အဲဒီဘိုးဘွား, မိဘဟောင်းတွေ၏ သားမြေးအဆက်အနွယ် ဖြစ်ကြတဲ့ ယခုခေတ်အချို့လူတွေမှာ အဘိုးအတန်ဆုံးဖြစ်တဲ့ ဘိုးဘွားပိုင် ရတနာအမွေအနှစ်တွေမှ ဆုံးရှုံးနေကြရာတယ်။ အဲဒီအမွေအနှစ်တွေက ဘာတွေလဲဆိုလျှင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာတွေပါဘဲ၊ လွန်ခဲ့တဲ့ ငါးနှစ်ရဲ့ ရှေးဟိုဘက် ကာလဆီတုန်းကဆိုလျှင် ဒီနိုင်ငံမှာ ဗုဒ္ဓဒေသနာတော်အရ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ရွတ်ဆိုပြီး သရဏဂုမ် တည်တဲ့ ဥပါသကာ ဥပါသိကာမဆိုတာ တစ်ဦးတစ်ယောက်လောက်တောင် တွေ့ရဘို့ ခဲယဉ်းလျက် ရှိခဲ့ပါတယ်။

ဒါပေမဲ့ ယခုတော့ မခဲယဉ်းပါဘူး၊ အကြောင်းကတော့ (၁၉၅၃)ခုနှစ်က ဒီအင်ဒိုနေးရှားနိုင်ငံ ဂျာဝါးကျွန်းက မစ္စတာဘွန်အန်ဆိုတဲ့ အမျိုးသားတစ်ဦးဟာ တရားစစ် တရားမှန်ကို စုံစမ်းရှာဖွေရင်း မြန်မာပြည်သို့ ရောက်လာခဲ့ပါတယ်။ အဲဒီဘွန်အန်ဟာ ရန်ကုန်မြို့ သာသနာ့ရိပ်သာမှာ ဆရာတော်၏ ဩဝါဒကိုခံယူပြီး ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်ကျင့်သုံးခဲ့ပါတယ်။ ဒီလိုကျင့်သုံးလို့ ဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်တဲ့ သီလ သမာဓိ ပညာတရားထူးတွေကို သူကိုယ်တိုင်ဘဲ ထင်ရှားသိသွားခဲ့ပါတယ်။ ဒီလိုတရားစစ် တရားမှန်ကို ကိုယ်တိုင်သိရတဲ့အတွက် ဘွန်အန်ဟာ ဗုဒ္ဓသာသနာတော်မှာ ရဟန်းပြုခဲ့ပါတယ်။ သာသနာပြုနိုင်လိမ့်မယ်လို့ မျှော်တွေးပြီးတော့ ဆရာတော်က အဲဒီရဟန်းသစ်ကလေးကို ဇိနရက္ခိတလို့ ဘွဲ့အမည်ပေးလိုက်ပါတယ်။

အဲဒီအင်ဒိုနေးရှားရဟန်း ဇိနရက္ခိတဟာ ဆရာတော်၏ထံမှာ သာသနဓမ္မကို တစ်နှစ်ကျော်ကျော် သင်ကြား လေ့လာပြီးတော့ သူ၏ဇာတိဌာန အင်ဒိုနေးရှားကိုဘဲ ပြန်သွားခဲ့ပါတယ်။ ပြန်သွားပြီးတော့ သူကိုယ်တိုင်တွေ့သိလာခဲ့တဲ့ ဗုဒ္ဓသာသနဓမ္မ တရားအရသာတွေကို သူ၏ တိုင်းရင်းသားများအားလည်း သိစေလိုတဲ့အတွက် ခဲခဲယဉ်းယဉ်းနဲ့ ကြိုးစား အားထုတ်ခဲ့ပါတယ်။ ဒီလို ဇိနရက္ခိတရဲ့ အားထုတ်မှုကြောင့် လွန်ခဲ့တဲ့ငါးနှစ်အတွင်းမှာ ဗုဒ္ဓသာသနဓမ္မကို သိနားလည် ပြီးတော့ လူပေါင်းခြောက်ရာ (၆၀၀)လောက် ဥပါသကာအဖြစ် ခံယူကြပါတယ်။

> ၎င်းမှာ ဝေသာခပွဲ မကျင်းပမီက ရထားသော စာရင်းဖြစ်သည်။ ဝေသာခပွဲတော်မှစ၍ နောက်ထပ်လည်း တိုးတက်လာသောကြောင့် ယခုအခါမှာ ဥပါသကာအဖြစ် ခံယူသူပေါင်း ခုနစ်ရာ (၇၀၀)ကျော်ရှိလေပြီ။ ဂျူလိုင်လထဲမှာ အိမ်ခြေခုနစ်ရာလောက် ရှိသော ရွာမှ ရွာလုံးကျွတ် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူမည်ဟူ၍ လည်း သတင်းကောင်းစကား ကြားခဲ့ရသေးသည်။

ယခုအခါ၌ ဥပါသကာအစစ် ဥပါသိကာမအစစ်ဖြစ်နေကြတဲ့ ဒီပုဂ္ဂိုလ်များ၏ သရဏဂုမ်သီလ ဆောက်တည် ကြတဲ့အသံ တရားဓမ္မ ရွတ်ဆိုကြတဲ့အသံများကို ကြားရသဖြင့် ငါတို့သာသနာပြု ဆရာတော်များမှာ ဝမ်းမြောက် ဝမ်းသာခြင်း ပီတိသောမနဿတွေ များစွာဖြစ်ရပါတယ်။ ဘုရားလက်ထက်တော်က ဥပါသကာ ဥပါသိကာမများလိုပင် ကြည်ညိုဘွယ်ကောင်းကြပါပေတယ်လို့လဲ အောက်မေ့မိကြပါတယ်။

ဒါကြောင့် ဇိနရက္ခိတ၏ သာသနာပြု လုပ်ငန်းဟာ ရှည်မြင့်စွာသော ကာလက ပျောက်ဆုံးနေခဲ့တဲ့ ဘိုးဘွား ဟောင်းတွေရဲ့ အမွေအနှစ်ဖြစ်တဲ့ ရွှေငွေစသော အဘိုးတန် ရတနာတွေကို ထုတ်ဖေါ်ပြီး ညွှန်ပြတာနဲ့တူပါပေတယ်။ လောကမှာရှိတဲ့ အဘိုးတန် ရတနာတွေထဲမှာ ဘုရား တရား သံဃာ ဆိုတဲ့ ရတနာလောက် အဘိုးတန်တဲ့ဟာ မရှိပါဘူး။ လောကီရတနာတွေ ဆိုတာဟာ ဘယ်လောက်ဘဲ အဘိုးတန်ပေမဲ့ ယခုဘဝလောက်သာ အသုံးကျတယ်။ နောက်ဘဝတွေ ကိုတော့ ယူမသွားနိုင်ဘူး၊ ဘုရား တရား သံဃာဆိုတဲ့ ရတနာတွေကတော့ ယခုဘဝက ကြည်ညိုကိုးကွယ်ထားလျှင် အဲဒီ ပုဂ္ဂိုလ်ဟာ ဘဝပေါင်း မရေမတွက်နိုင်အောင် ကောင်းစားချမ်းသာသွားနိုင်ပါတယ်။ အင်ဒိုနေးရှား အမျိုးသားအပေါင်းတို့– အဲဒီလို အဘိုးအတန်ဆုံးဖြစ်တဲ့ ရတနာသုံးပါးအမွေအနှစ်တွေဟာ သင်တို့၏ ဘိုးဘွားဟောင်းတွေရဲ့ အမွေအနှစ်ဖြစ်တယ်။ အဲဒါတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ခုနစ်ရာလောက်ကစပြီး ပျောက်ဆုံးလာခဲ့ဟန် တူတယ်။ အဲဒီအဘိုးတန် ရတနာအမွေ အနှစ်တွေဟာ ဇိနရက္ခိတရဟန်း၏ ကြိုးပမ်းမှုကြောင့် သင်တို့ရဲ့ မျက်မှောက်မှာ ရောက်နေပါပြီ။ သဒ္ဓါယုံကြည်မှုရှိပြီး အလိုရှိကြမယ်ဆိုလျှင် အလွယ်ကလေးနဲ့ဘဲ လက်ခံသိမ်းယူနိုင်ကြပါတယ်။

ပြီးတော့ ဇိနရက္ခိတ၏ ကြိုးပမ်းမှုကြောင့် ဒီအင်ဒိုနေးရှားမှာ သာသနာတော်၏ အခြေအမြစ်ဖြစ်တဲ့ သိမ်ကိုလဲ သမုတ်ပြီးပြီ။ အင်ဒိုနေးရှား အမျိုးသားတစ်ဦးကိုလဲ ရဟန်းပြုပေးပြီးပြီ။ ဒီလို သိမ်သမုတ် ရဟန်းခံပေးရာမှာ သီဟိုဠ် ယိုးဒယား ကမ္ဘောဒီးယား မြန်မာပြည်ဆိုတဲ့ ထေရဝါဒ ၄–နိုင်ငံက ရဟန်းတော်များ ပါဝင်ပြီး ဆောင်ရွက်ကြတယ်။ ဒါကြောင့် ယခု အင်ဒိုနေးရှားမှာ တည်ရှိနေတဲ့ သာသနာတော်ဟာ အဲဒီ ထေရဝါဒ ၄–နိုင်ငံလုံးနှင့် စပ်ဆိုင်နေတယ်။ အဲဒီ ၄–နိုင်ငံလုံးက ငါတို့ပြုစုထားတဲ့ သာသနာတော်ဘဲလို့ နှလုံးသွင်းပြီးတော့ ပရိယတ္တိသဒ္ဓမ္မဆိုတဲ့ ခွန်အားဗလကို ထပ်ခါ ထပ်ခါပေးပြီး ချီးမြှောက်ဘို့ တာဝန် ဝတ္တရား ရှိနေပါတယ်။ ဒါကြောင့်လဲ အင်ဒိုနေးရှားက ဗုဒ္ဓသာသနာတော်ဟာ တိုးတက်ဘို့ ရှိနေပါတယ်။

ဒါတွင် မကသေးဘူး၊ ဒီနိုင်ငံမှာ သာသနာကို စပြီးပြုတဲ့ ဇိနရက္ခိတ ရဟန်းဟာ စာတွေ့ပရိယတ်သက်သက် နှင့်သာ သာသနာပြုတာမဟုတ်ဘူး။ မဂ်ဖိုလ် ပဋိဝေဓတိုင်အောင် ဆိုက်ရောက်စေနိုင်တဲ့ လက်တွေ့ ပဋိပတ်နှင့်လဲ သာသနာပြုနေပါတယ်။ အရှင်မဟာမဟိန္ဒမထေရ် သီဟိုဠ်မှာ သာသနာပြုတာမျိုးပါဘဲ။ ဒါကြောင့်ဘဲ အင်ဒိုနေးရှားက ဗုဒ္ဓသာသနာတော်ဟာ အတိုင်းထက်အလွန် တိုးတက်သွားဘို့ရှိပါတယ်။ ဗုဒ္ဓသာသနာတော် တိုးတက်လာလျှင် လူအများ တွေမှာ အကျိုးများဘို့ ချမ်းသာဘို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်က အောက်ပါဆုတောင်း ပတ္ထနာများနှင့် နိဂုံး ချုပ်လိုပါတယ်။

အင်ဒိုနေးရှားနိုင်ငံမှာ ဗုဒ္ဓသာသနာတော် တစ်နေ့တခြား တိုးပွားပါစေ။
အင်ဒိုနေးရှားနိုင်ငံဟာ ဘေးရန်ကင်းကွာလျက် ချမ်းသာကြွယ်ဝပါစေ။
တစ်ကမ္ဘာလုံးက သတ္တဝါအပေါင်းလဲ ဘေးရန်ကင်းကွာလျက် ချမ်းသာကြပါစေ။

(ပုံ) အရှင်သောဘန
အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်။

မဟာစည်ဆရာတော်၏ အထက်ပါမိန့်ခွန်းကို မြန်မာသံမှူးဦးတင်လတ်က အင်္ဂလိပ်ဘာသာပြန်ဆိုပေးသည်။ ၎င်းကို အရှင်ဖိနရက္ခိတက အင်ဒိုနေးရှားဘာသာပြန်ဆို၍ ဝေသာခအစည်းအဝေးပွဲ၌ ပြောကြားသည်။

## ဗောရောဗုဒ္ဓူးစေတီတော်ကြီး၌ ကျင်းပသော ဝေသာခပွဲတော်၌ ပြောကြားသော

## မြန်မာသံရုံး ယာယီတာဝန်ခံ သံမှူး ဦးတင်လတ်၏ မိန့်ခွန်း (၂၂-၅-၅၉)

## ဘာသာပြန်

ဆရာတော်ဘုရားများ၊ ရဟန်းတော်များ– သံအမတ်ကြီးများ၊ ယိုးဒယားနှင့် သီဟိုဠ်သံမှူးများ၊ ဥပါသကာများ ဥပါသိကာများ၊ အမျိုးသမီး အမျိုးသားအပေါင်းတို့။

ယခုကဲ့သို့ ဗုဒ္ဓနေ့ (ကဆုန်လပြည့်နေ့) ပွဲတော်ကျင်းပရာတွင် လူထုပရိသတ်အများအပြား တက်ရောက်ကြသည်ကို ရှုမြင်ရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါသည်။ ရာဇဝင်ပြောင်မြောက်လှသည့် ဤရှေး အင်ဒိုနေးရှား ပုထိုးကြီး၌ ဤမျှ များပြားစွာ တက်ရောက် အားပေးကြသည်ကို ထောက်ချင့်၍ ယနေ့သည်ကား ဤတိုင်းပြည်၏ ဗုဒ္ဓဘာသာ ရာဇဝင်တွင် အရေးပါ အရာရောက်သော နေ့တစ်နေ့ဖြစ်ကြောင်း ထင်ရှားလျက် ရှိနေပါသည်။ ယခုပြုလုပ် ကျင်းပလျက်ရှိသည့် ပွဲတော်ကား ဘာသာရေးအနေဖြင့်သာ ထူးခြားသည်မဟုတ်ဘဲ အပြည်ပြည်ဆက်သွယ်မှု၌လည်း အကျိုးဝင်လျက် ရှိလေသည်။ ဗုဒ္ဓဘာသာ ထွန်းကားသော အာရှတိုက်တိုင်းပြည်နိုင်ငံအတော်များများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည့်အပြင် တူရကီသံအမတ်ကြီးနှင့် အာဂျင်တိုင် သံအမတ်ကြီးတို့အပါအဝင် အခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်များလည်း တက်ရောက်လျက်ရှိကြရာ အပြည်ပြည်ဆက်ဆံမှုတွင် များစွာထိရောက် အကျိုးဝင်လျက် ရှိလေသည်။

ယနေ့သည် ဗုဒ္ဓပွဲနေ့ (ကဆုန်လပြည့်နေ့) ဖြစ်သည်အားလျော်စွာ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်၌ကား နေရာအနှံ့အပြား စေတီပုထိုးများတွင် သိုက်မြိုက်စည်ကားလျက်ရှိပေမည်။ တောတွင်း တောင်ပေါ်မြို့ရော ရွာပါနေရာတိုင်းရှိ စေတီပုထိုးများတွင် ဗုဒ္ဓရှင်တော်ဘုရား ဖွားမြင်ရာနေ့နှင့် ဘုရားအဖြစ် ပွင့်တော်မူသော နေ့လည်းဖြစ်သည့် ဤနေ့ဤရက်တွင် ဗုဒ္ဓဘာသာဝင် ပြည်သူအများတို့သည် သိုက်မြိုက်စည်ကားစွာ ပွဲတော်များ ကျင်းပလျက်ရှိကြပေမည်။ ယင်းကဲ့သို့ သတ်မှတ်ထားကြသည့် ဤနေ့သည်ကား မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ သူတော်စင် တရားနှင့်အညီ မေတ္တာပွါးများရာနေ့ပင်တည်း။ ဤကဲ့သို့ မေတ္တာပွါးများရာ၌ မြန်မာပြည်တွင်းရှိ အမျိုးသား အမျိုးသမီးတို့အားသာ အချင်းချင်း မေတ္တာပို့သည်မဟုတ်ဘဲ အင်ဒိုနေးရှား အပါအဝင် အာရှတိုက်တိုင်းနိုင်ငံ အသီးအသီးမှ ပြည်သူပြည်သားအပေါင်းတို့အား၎င်း၊ အာဖရိကတိုက် ဥရောပတိုက်နှင့် အမေရိကတိုက် အစရှိသည်တို့၌ နေထိုင်ကြသော လူသတ္တဝါများအပြင် စကြာဝဠာအတွင်းရှိ သတ္တဝါ အလုံးစုံတို့အားလည်း မေတ္တာပို့သလျက် ရှိကြပေမည်။

ကျွန်ုပ်တို့လည်း မေတ္တာပွါးလျက်ရှိကြကုန်သော မြန်မာပြည်သူပြည်သားများ နည်းတူ အင်ဒိုနေးရှား အမျိုးသမီး အမျိုးသားအပေါင်းတို့အား မေတ္တာပို့သလျက် အင်ဒိုနေးရှား ပြည်သူပြည်သား အပေါင်းတို့သည် ပျော်ရွှင်ချမ်းသာ ငြိမ်းချမ်းစွာ ရှိကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်ပါရစေ။

(အထက်ပါမှာ မြန်မာသံမှူး ဦးတင်လတ်ပြောသော အင်္ဂလိပ်ဘာသာ မိန့်ခွန်းမှ ၎င်းဦးတင်လတ်ကိုယ်တိုင် ဘာသာပြန်ပေးသော မိန့်ခွန်းဖြစ်သည်။)

## မဟာစည်ဆရာတော်အဖွဲ့ခရီးစဉ်

မဟာစည်ဆရာတော်တို့အဖွဲ့မှာ ဗောရောဗုဒ္ဓူးမှ ထွက်ခွါလာခဲ့ကြရာ ၁၅–မိုင်လောက် ဝေးသော မဂလန်မြို့သို့ ည ၁၂–နာရီ အချိန်ရောက်၍ တရုပ်အိမ် တစ်အိမ်၌ ထိုညမှာ ကျိန်းစက်ကြရသည်။ (၂၃–၅–၅၉) ကဆုန်လဆုတ် ၂–ရက်နေ့ နံနက် ၆–နာရီခွဲမှာ မဂလန်မြို့မှ ထွက်ခွါခဲ့ကြသည်။ ၇–နာရီခွဲမှာ ငါ့တုဂုံဗုဒ္ဓဂယာကျောင်းသို့ ပြန်ရောက်ကြသည်။

၎င်းနေ့ ည ၈–နာရီမှာ ဆမာရမ်မြို့ထဲ၌ တရားပွဲကျင်းပသည်။ ပိယဒဿီမထေရ်က အင်္ဂလိပ်ဘာသာဖြင့် ဗုဒ္ဓဓမ္မအကြောင်းကို ဟောသည်။ အာနန္ဒာခေါ် တကာကလေးတစ်ယောက်က အင်ဒိုနေးရှား ဘာသာပြန်သည်။ ပရိသတ်မှာ ၂၀၀–ကျော်လောက် ရှိသည်။ တစ်နာရီလောက် ဟောပြီးသောအခါ မေးလိုသည်ကို မေးရန်အခွင့်ပြုသောကြောင့် စာရွက်များဖြင့်ရေး၍ မေးကြသည်။ ၎င်းအမေးများကို ပြန်လည်ဖြေရှင်းပြသောအခါ ပရိသတ်မှာ အထူးစိတ်ဝင်စားလာသည်။ ဖြေရှင်းချက်များကို ကြေနပ် သဘောကျဟန် လက္ခဏာရှိသည်။ ၁၀–နာရီခွဲမှာ သံဃာတော်များက "ဘဝတုသဗ္ဗမင်္ဂလံ"

စသော ဂါထာများဖြင့် ရွတ်ဆိုကာ မေတ္တာ အာသီသပြုလျက် တရားပွဲကို သိမ်းသည်။ ထိုသို့ရွတ်ဆို အာသီသပြုနေသော အခါ ပရိသတ်အပေါင်းက မတ်တတ်ရပ်လျက် အရိုအသေပြုနေကြသည်။

## မဟာစည်ဆရာတော်၏ စဉ်းစားဆုံးဖြတ်ချက်

(၂၄-၅-၅၉) ကဆုန်လဆုတ် ၃-ရက်နေ့မှာ ကမ္ဘောဒီးယားဆရာတော်သည် နောက်ပါတပည့်များနှင့်တကွ မိမိနိုင်ငံသို့ပြန်ရန် ဂျကာတာမြို့သို့ ပြန်သွားသည်။ သီဟိုဠ်အရှင်သဒ္ဓါသရလည်း ၎င်းတို့နှင့်အတူပင် ပြန်သွားသည်။ မဟာစည်ဆရာတော်မှာ အောက်ပါအတိုင်း စဉ်းစားပြီး နယ်လှည့်တရားဟောခြင်းကိစ္စ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် နေရန် ဆုံးဖြတ်သည်။

စဉ်းစားပုံမှာ- ဇိနရက္ခိတသည် ဤနိုင်ငံမှာ ခဲခဲယဉ်းယဉ်းနှင့် ကြိုးစားပြီး သာသနာပြုနေရှာပေသည်။ ဤကိစ္စ၌ ပါဝင်ပြီး ကူညီရန်သင့်သည်။ မိမိမှာ ဆရာရင်းဖြစ်သောကြောင့် သာ၍ပင် ကူညီသင့်ပေသည်။ အောက်ထစ်ဆုံးအားဖြင့် ရဟန်း၏ အသွင်အပြင် သာသနာ့အရိပ်အရောင်ကို ပြခြင်းဖြင့်သော်လည်း ကူညီသင့်ပေသည်။ တရားပွဲတိုင်း၌ ကြွလာသော သံဃာတော်များကို မည်သည့်နိုင်ငံက မည်သည့်ဆရာတော်များ ဖြစ်ကြောင်း ပြောပြ၍ ပရိသတ်အား သိစေရသည်။ မိမိပြန်သွားလျှင် မြန်မာပြည်အတွက် ပြစရာမရှိဘဲ လစ်လပ်နေလိမ့်မည်။ ဇိနရက္ခိတကလည်း ရောက်ရာအရပ်တိုင်း၌ မိမိ၏ ဆရာအဖြစ်ဖြင့် ပြလိုသည်။ သို့ဖြစ်သောကြောင့် နယ်လှည့်တရားဟော အစီအစဉ် ပြီးဆုံးသည်တိုင်အောင် ဆက်လက်ပြီး နေမှဘဲ သင့်လျော်မည်ဟု စဉ်းစားဆုံးဖြတ်လိုက်သည်။

## ဒေသစာရီလှည့်လည်ခြင်း

ဂျာဝါးကျွန်း အရှေ့မြောက်ပိုင်းသို့ လှည့်ရန်တာဝန်ကျသော မဟာစည်ဆရာတော်၏အဖွဲ့မှာ ဝိယဒဿီ မထေရ်၊ အရိယဝံသ မထေရ်၊ မဟာနာမ မထေရ်၊ ဖရဝိသာလသမဏဂုဏ မထေရ်၊ ၎င်း၏ နောက်ပါ ၂-ပါး၊ အရှင်ဇိနရက္ခိတနှင့် ဗာလီသာမဏေဇိနပ္ပိယတို့ ပါဝင်သည်။ ၎င်းအဖွဲ့သည် (၂၄-၅-၅၉) ကဆုန်လဆုတ် ၃-ရက်နေ့မှာပင် နေ့လည် ၁၂-နာရီခွဲမှာ ဆမာရမ်မြို့ ဝိဟာရဗုဒ္ဓဂယာမှ မော်တော်ကားများဖြင့် ထွက်ခွါခဲ့သည်။ ၂-နာရီခွဲမှာ ပတိမြို့ တရုပ်ဘုရား ကျောင်းသို့ ရောက်သည်။ ၎င်းဘုရားကျောင်းနှင့်စပ်လျက် တဘက်ကအခန်းကို ဗုဒ္ဓဝိဟာရအဖြစ် ပြုလုပ်ထားသည်။ ထိုအခန်း၌ ဗုဒ္ဓရုပ်ပုံတော် ဆင်းထုတော်များ ထားရှိသည်။ အရှင်ဇိနရက္ခိတ၏ တရားဟောရာ ကမ္မဋ္ဌာန်းပေးရာဌာန ဖြစ်သည်။ ဒါယကာတို့၏ ဘုရားဝတ်ပြုရာ တရားဆွေးနွေးရာ တရားအားထုတ်ရာ ဌာနလည်းဖြစ်သည်။ ထိုမြို့၌ ဗုဒ္ဓဘာသာအသင်းဝင် (၆၀)လောက်ရှိ၍ ထိုနေ့က တရားနာလာသော ပရိသတ်မှာ ၁၅၀-လောက်ရှိသည်။ မူစလင်ဘာသာ ဝင်တွေသာများသည်။ မဟာစည်ဆရာတော်က ငါးပါးသီလပေးသည်။ ဗုဒ္ဓဘာသာဝင်များက အသံကျယ်လောင်စွာ ညီညီ ရွတ်ဆို၍ သီလတောင်းကြ ဆောက်တည်ကြသည်။ ပရိသတ်အားလုံးကို အသံလွှမ်းသွားသည်။ ဗုဒ္ဓဘာသာဝင် မဟုတ်သူ တို့ကလည်း မတ်တတ်ရပ်လျက် သီလယူကြ၊ အရိုအသေပြုကြသည်။ အရှင်ဝိယဒဿီက တရားဟောသည်။ အာနန္ဒက ဘာသာပြန်သည်။ ထိုနောင် မေးခွန်းများကို ဖြေရှင်းပြသည်။ ဘဝတုသဗ္ဗမင်္ဂလံ စသည်ဖြင့် တရားပွဲသိမ်းသည်။ ထိုဝိဟာရအား အမည်ပေးရန် လျှောက်ထားသောကြောင့် ဗုဒ္ဓဝိဟာရဟု အမည်ပေးခဲ့သည်။

## ဂျူဝါနာမြို့ တရားပွဲ

ညနေ ၆-နာရီမှာ ၎င်းဌာနမှ ထွက်ခွါခဲ့ကြသည်။ ၆-နာရီခွဲမှာ ဂျူဝါနာမြို့ ဥပါသကာတစ်ဦး အိမ်သို့ ရောက်သည်။ ည ၈-နာရီမှာ ၎င်းမြို့တွင် တရုပ်ဘုရားကျောင်း၌ တရားပွဲကျင်းပသည်။ ပရိသတ် ၅၀၀-လောက် ရှိသည်။ တရုတ်အမျိုးသား အမျိုးသမီးတွေကများသည်။ မဟာစည်ဆရာတော်က သီလပေး၍ အရှင်ဝိယဒဿီက တရားဟောသည်။ အထူးတောင်းပန်သောကြောင့် မဟာစည်ဆရာတော်က "မိမိမှာ အင်္ဂလိပ်ဘာသာဖြင့် မဟောနိုင်၍ ပါဠိဘာသာဖြင့် ဟောမည်" ပါဠိဘာသာမှာ ဘုရားလက်ထက်က အိန္ဒိယတစ်နိုင်ငံလုံးတွင် အများသုံးသည့် ဘာသာဖြစ်သည်။ မြတ်စွာ ဘုရားလဲ ပါဠိဘာသာဖြင့်ပင် တရားဟောသည်။ သို့သော် ပါဠိဘာသာမှာ ယခုအခါ၌ အချင်းချင်း ပြောဆိုသည့် စကား မဟုတ်တော့ဘဲ ပိဋကတ် ကျမ်းစာများမှာသာ ရှိတော့သည်။ သို့ဖြစ်၍ ပါဠိဘာသာဖြင့် အလိုရှိတိုင်း အပြည့်အစုံ ပြောရန် မလွယ်ကူဘဲရှိနေသည်။ ထို့ပြင် မိမိကပါဠိဖြင့် ဟောပြီး ဘာသာပြန်ရသည့်အတွက် အချိန်ပိုလည်း ကုန်သွား သေးသည်။ ဒါကြောင့် ဆရာတော်က ကိုယ်တိုင်မဟောဘဲ ဝိယဒဿီကိုသာ ဟောစေသည်။ ယခုတော့ အထူးတောင်းပန် သည့်အတွက် မလွှဲသာ၍ အကျဉ်းချုပ်ဟောမည်ဟု ပလ္လင်ခံစကား ပြောပြီးလျှင် "ဓမ္မကာမေ ဘဝံ ဟောတိ၊ တရားကို လိုလားလျှင်- မျက်မှောက်ဘဝမှာရော နောင်သံသရာဘဝတွေမှာရော ကြီးပွါးချမ်းသာနိုင်သည်ကို" နာရီဝက်ခန့် ပါဠိ ဘာသာဖြင့် ဟောသည်။ အရှင်ဝိယဒဿီက အင်္ဂလိပ်ဘာသာပြန်သည်။ အာနန္ဒက အင်ဒိုနေးရှား ဘာသာပြန်သည်။ ထိုဌာန၌ အချိန် မရှိတော့သဖြင့် မေးခွင့် မပြုတော့ဘဲ ၉-နာရီ ၄၅-မိနစ်အချိန်မှာ တိုဂျူအာနာမြို့မှ ထွက်ခွါခဲ့ကြသည်။

## ရင်ဘန်းမြို့သို့ရောက်ခြင်း

ည ၁၀–နာရီ ၁၅–မိနစ်မှာ ရင်တန်းမြို့ မစ္စတာညိုခေါ် တရုပ်အမျိုးသား ဥပါသကာ၏အိမ်သို့ ရောက်သည်။ ထိုအိမ်မှာ ကျယ်ဝန်းသည် နောက်ပါဒါယကာ ၃–ယောက်နှင့် သံဃာတော် ၉–ပါးအတွက် အိပ်ရာခင်း ခြင်ထောင်များ အပြည့်အစုံ အသင့်ပြင်ထားသည်။ အိမ်သူအိမ်သားများမှာ အခြားအိမ်၌ ရွှေ့၍နေကြသည်။ ဆရာတော်များမှာ ထိုအိမ်၌ ၂–ညဥ့်မျှ တည်းခိုကြရသည်။ ကဆုန်လဆုတ် ၄–ရက် ၅–ရက်နေ့များမှာ နံနက်ရော နေ့လည်ပါ ထိုအိမ်ရှင် ဒကာ ဒကာမများက သက်လွတ်ဟင်း အမျိုးပေါင်းများစွာနှင့် ဆွမ်းကပ်ကြသည်။ (၂၅–၅–၅၉) ကဆုန်လဆုတ် ၄–ရက်နေ့ည ၇–နာရီမှာ ထိုအိမ်နှင့် ကပ်လျက်ရှိသော တရုပ်ဘုရားကျောင်း၌ တရားပွဲ ကျင်းပသည်။ ပရိသတ် ၃၀၀–ကျော်ရှိသည်။ အခါတိုင်းလိုပင် မဟာစည်ဆရာတော်က သီလပေး၍ အရှင်ဝိယဒဿီက တရားဟောသည်။ အထူးတောင်းပန်ပြန်သော ကြောင့် မဟာစည်ဆရာတော်က မင်္ဂလာတရားတော်ကို ၄၅–မိနစ်ခန့်ဟောသည်။ ထို့နောက် မေးခွန်းများကို ဖြေရှင်း ပြသည်။ ၁၀–နာရီခွဲမှာ ပြီးသည်။

## လာ့ဆန်းမြို့သို့ ရောက်ခြင်း

(၂၆–၅–၅၉) ကဆုန်လဆုတ် ၅–ရက်နေ့ ၁၂–နာရီခွဲမှာ ရင်ဘန်းမြို့မှ ထွက်ခွါကြသည်။ ၁–နာရီမှာ လာ့ဆန်းမြို့ တည်းခိုရာ တရုပ်အိမ်သို့ရောက်သည်။ ထိုအိမ်မှာလည်း ကျယ်ဝန်း၍ အိပ်ရာနေရာများ အသင့်ပြင်ထားသည်ကို တွေ့ရသည်။ နောက်နောက်ဌာနများ၌ အိပ်ရာ နေရာနှင့်စပ်၍ ထူးခြားမှုသာ ဖေါ်ပြတော့မည်။ တရုပ်အိမ်မှာချည်း တည်းခိုရ၍ တရုပ်ကျောင်းမှာချည်း တရားဟောရပေါင်း များလာသောအခါ သာသနာပြု ဆရာတော်များမှာ ဤသို့ နှလုံးသွင်း ဆင်ခြင်မိပေသည်။ အင်ဒိုနေးရှားမှာ တရုပ်အမျိုးသားများ ရှိပေလို့ ဗုဒ္ဓသာသနာ့ပြန်လည်၍ ပြုစုရာမှာ ထောက်တည်ရာရပေသည်ဟု နှလုံးသွင်းဆင်ခြင်မိကြပေသည်။

## တောရွာကလေးနှင့် အသေးဆုံးဝိဟာရ

ထိုအိမ်၌ နာရီဝက်ခန့် နားနေပြီးလျှင် ရင်ဒန်အဿရိခေါ် တောရွာကလေးသို့ သွားကြသည်။ ၎င်းရွာကလေးမှာ ကားလမ်းမှ တစ်မိုင်လောက် ဝေးသဖြင့် ထိုရွာလမ်းထိပ်သို့ ရောက်သောအခါ ကားမှဆင်း၍ ခြေလျင်လျှောက်ကြသည်။ လမ်းမှာ လယ်ခြားမှ ဖြတ်သွားသော မြေလမ်းဖြစ်သည့်ပြင် နွားခြေရာခွက်တို့ဖြင့် ပြည့်နေသောကြောင့် ဗမာပြည်က တောရွာလမ်းများလိုပင် အသွားခက်သော လမ်းကလေးဖြစ်မည်။ သို့သော် ထိုနေ့က မိုးမရွာလို့ တော်ပေသေးသည်။

ရွာအဝင်အဝ၌ ကင်းစောင့်များ အချက်ပေးစရာ ကုလားတက်တုံးကလေး တစ်ခုဆွဲထားသည်။ အိမ်ကလေးများ မှာလည်း ဗမာပြည်တောရွာက အိမ်ကလေးများနှင့် ခပ်ဆင်ဆင်ပင်၊ ရွာထဲသို့ အနည်းငယ် ဝင်သွားမိသောအခါ ဗုဒ္ဓဘာသာအသင်း၏ ဥက္ကဋ္ဌ ရွာသူကြီးက ဆီးကြို၍ ပင့်ဆောင်သွားသည်။ မကြာမီပင် လမ်းဘေးရှိ လက်ဝဲဘက် မြေကွက်တစ်ခု၌ သက်ကယ်မိုး ဝါးကပ် ထရံကာဖြင့် တဲအိမ်ကလေးသို့ ရောက်သွားကြသည်။ ထိုအိမ်ထဲသို့ ဝင်မိသော အခါ ဘုရားဆင်းထုတော်များကို တွေ့ရမှ "ဩော် .... ဒါက ဘုရားကျောင်းတော်ပါတကား"ဟု သိကြရသည်။ ထိုဝိဟာရ မှာ အလျား ၁၅–ပေ အနံ ၁၀–ပေလောက်သာရှိသည်။ မြေပြင်မှာ သပေါ့ဖျာများ ခင်းထားသည်။ ဆရာတော်များလည်း ထိုအခင်းများပေါ်၌ ထိုင်ပြီးလျှင် "ယခုနေအခါမှာ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူမည်ဆိုလျှင် ဤလိုရွာသူ ရွာသားတွေကို သနားတော်မူတဲ့ ကရုဏာတော်ဖြင့် ဤရွာမျိုးကို ကြွလာတော်မူကာ ဤဆင်းထုတော်များကိုပင် ချီးမြှောက် တော်မူမှာဘဲ"ဟု မြတ်စွာဘုရား၏ ကရုဏာတော် ဂုဏ်စသည်ကို အာရုံပြုကြလျက် ရှိခိုးပူဇော်ကြသည်။ "ဝိဟာရမှာ မိမိတို့ အင်အားရှိသလောက် ဖြစ်ရုံမျှသာ တည်ဆောက်ထားရသေးကြောင်း၊ ထိုရွာက ဗုဒ္ဓဘာသာဝင်တွေမှာ ထိုဘုရား ကျောင်းမှာပင် ဝတ်ပြုနေကြရကြောင်း၊ မကြာမီပင် တော်တော်ကြီးကြီးနှင့် တော်တော်ကောင်းကောင်း ဆောက်လုပ်ရန် အားထုတ်နေဆဲဖြစ်ကြောင်းများကို" ဥက္ကဋ္ဌရွာသူကြီးက လျှောက်ထားသည်။

ထိုရွာမှာ အိမ်ခြေ ၂၀၀–ကျော်ရှိ၍ ဗုဒ္ဓဘာသာဝင် ၅၀–ကျော်ရှိကြောင်းလည်း ကြားသိခဲ့ရသည်။ ၎င်းတို့မှာ တရုပ်လူမျိုးမဟုတ် အင်ဒိုနေးရှားလူမျိုးများဖြစ်သည်။ ထိုဘုရားကျောင်း၌ရှိသော ဆင်းထုတော်များမှာ အင်ဒိုနေးရှား လုပ်များဖြစ်၍ မသပ္ပါယ်လှ၊ ထို့ကြောင့် အရိယဝံသ မဟာထေရ်က ဆောက်လုပ်ပြီးသောအခါ မြန်မာနိုင်ငံ သီဟိုဠ်နိုင်ငံ တို့မှ သပ္ပါယ်သော ဆင်းတုတော်များကို လှူဒါန်းပေးပို့မည်"ဟု ဝန်ခံပြောကြားခဲ့သည်။ ထိုအခါက ကြွသွားကြသော သံဃာတော်များမှာ ၉–ပါးရှိသည်။ ထိုမျှ များပြားသော သံဃာတော်များကို ထိုရွာသူ ရွာသားတို့ တခါမျှ မြင်ဘူးကြမည် မဟုတ်ပေ။ ထို့ကြောင့် အထူးအဆန်းအနေဖြင့် လာရောက်၍ ကြည့်ရှုကြသည်။ ဆရာတော်များသည် ထိုရွာသူ ရွာသားတို့အား မေတ္တာကရုဏာ ပွါး၍ ပရိတ်တရားကို ရွတ်ဖတ်ဟောကြားပြီး ထိုရွာမှ ပြန်လာခဲ့ကြသည်။ ၃–နာရီ မိနစ် ၄၀–မှာ လာ့ဆန်းမြို့ တည်းခိုရာအိမ်သို့ ပြန်ရောက်ကြသည်။ ထိုအိမ်သို့ ရောက်သောအခါမှာလည်း အိမ်ဝင်းတံခါး

ပေါက်မှ လူအများက ရဟန်းတော်များကို တရိုတသေကြည့်ရှုနေကြသည်။ တချို့မှာ ကျကျနနထိုင်၍ အကြာကြီးကြည့်ရှုနေကြသည်။ ယိုးဒယား ဒါယကာ မဂ္ဂတာဇီရင်က သူတို့မှာ ယခုမှ ဒဿနာနုတ္တရိယကုသိုလ်ကို ရရှာကြသည်။ အဖူးမျှော်ခံတော်မူကြပါရန် ရဟန်းတော်များအား လျှောက်သည်။

ထိုမြို့ထဲတွင် တနေရာ၌ ရှင်ဒန်အဿရိ ရှာသူကြီး ခေါင်းဆောင်သော အင်ဒိုနေးရှား ဗုဒ္ဓဘာသာအဖွဲ့က ပိုင်ဆိုင်သည့် ဘုရားကျောင်းဟောင်း တစ်ခုရှိသည်။ မြေကွက်လည်း တော်တော်ကျယ်သည်။ အဆောက်အဦများလည်း တော်တော်ကျယ်ဝန်း၍ အတော်ဘဲကောင်းမွန်၏။ ၎င်းကို မဟာကရုဏာဝိဟာရဟု အရှင်ဇိနရက္ခိတက အမည်ပေးထားသည်။ ထို ဝိဟာရ၌ ရှင်ဒန်အဿရိ ရှာသူကြီးကပင် ခေါင်းဆောင်၍ ညနေ ၄–နာရီခွဲအချိန်မှာ တရားပွဲကျင်းပသည်။ ပရိသတ်များမှာ သမန်တလင်းမြေပြင်၌ ထိုင်၍ တရားနာကြသည်။ ခလေးတွေများပြား၍ ပရိသတ်မငြိမ်သက်လှပေ။

## ဘလိုရာမြို့သို့ ရောက်ခြင်း

(၂၇–၅–၅၉) ကဆုန်လဆုတ် ၆–ရက်နေ့ မွန်းလွဲ ၁–နာရီမှာ လာ့ဆန်းမြို့မှ ထွက်ခွါခဲ့ကြသည်။ ၂–နာရီ မိနစ် ၄၀–မှာ ဘလိုရာမြို့သို့ ရောက်သည်။ ည ၈–နာရီမှာ တည်းခိုရာဌာနမှ လေးဖါလုံလောက်ဝေးသော တရုပ်ဘုရားကျောင်းသို့ ခြေလျင်သွားရောက်၍ တရားဟောကြသည်။ ရှေးဦးစွာ ဗုဒ္ဓဘာသာအမျိုးသမီးကလေးများက အင်ဒိုနေးရှား တရားဂါထာ လင်္ကာများဖြင့် ရွတ်ဆို၍ ပူဇော်ကြသည်။ မဟာစည်ဆရာတော်က သီလပေး၍ အရှင်ဝိယဒဿီက ၁–နာရီခန့် တရားဟောသည်။ ထို့နောင် အထူးတောင်းပန်ပြန်သောကြောင့် မဟာစည်ဆရာတော်က "မကောင်းမှု ဟူသရွေ့ကို မပြုရ၊ ကောင်းမှုကိုပြုပါ၊ စိတ်ကို စင်ကြယ်ပါစေ"ဟူသော ဘုရားအဆုံးအမတော် ၃–ပါးကို အကျဉ်းချုပ် ဝေဘန်၍ ဟောသည်။ ထိုနောက် မေးခွန်းများကို ဖြေရှင်းသည်။ ပရိသတ် (၃၀၀)ကျော်ရှိသည်။ တရားပွဲပြီးခါနီးမှစ၍ မိုးသည်းထန်စွာရွာသည်။ ထိုညက ဓာတ်မီးလည်း မရှိသဖြင့် မှောင်ထဲမှ ပြန်လာကြရသည်။ အပြန်လည်း ခြေလျင်ပင်၊ မိုးကလည်းရွာလျက်ပင်။ သို့သော် ဆရာတော်များမှာ အဆင်းရဲခံ၍ သာသနာပြုကြရသဖြင့် ဝမ်းသာကြသည်။

## စုရဘယာမြို့သို့ ရောက်ခြင်း

(၂၈–၅–၅၉) ကဆုန်လဆုတ် ၇–ရက်နေ့ နံနက် ၇–နာရီမှာ ဘလိုရာမှ ကားနှင့်လိုက်ပို့ကြသည်။ ၈–နာရီမှာ ဂျေပူမြို့ မီးရထားဘူတာသို့ ရောက်သည်။ ၈–နာရီ ၄၅–မိနစ်မှာ မီးရထားထွက်သည်။ ဘလိုရာမှ ယူဆောင်လာခဲ့သော ဆွမ်းထုပ်များကို ရထားပေါ်မှာပင် နေ့ဆွမ်းအဖြစ် ဘုဉ်းပေးကြသည်။ ၁၁–နာရီ မိနစ် ၂၀–မှာ စုရဘယာမြို့ ဘူတာရုံကြီးသို့ ရောက်သည်။ မီးရထားပေါ်မှ ဆင်းလိုက်သည်နှင့်တပြိုင်နက် အသင့်ကြိုနေသော လူစုထဲမှ မြန်မာစကားနှင့် နှုတ်ဆက်သံကို ကြားရသဖြင့် မဟာစည်ဆရာတော်မှာ အံ့အားသင့်သွားသည်။ ထိုသူမှာ မြန်မာပြည်၌ သံငယ်အဖြစ်နှင့် ၆–နှစ်လောက် နေသွားဘူးသော အိန္ဒိယသားတစ်ယောက်ဖြစ်သည်။ ယခုလည်း သံအမတ်ရာထူးနှင့်ပင် ထိုမြို့သို့ရောက်နေကြောင်း သိရသည်။

၁၁–နာရီ မိနစ် ၄၀–မှာ မစ္စတာအန်ကျင်ဆွာန်၏ အိမ်သို့ရောက်သည်။ ညနေ ၃–နာရီမှာ နာရဒ မထေရ်တို့အဖွဲ့လည်း ထိုအိမ်သို့ ရောက်လာကြသည်။ ထိုအဖွဲ့မှာ ဗောရောဗုဒူးမှ ထွက်ခွါပြီးနောက် ဂျာဝါးကျွန်းအရှေ့တောင်ပိုင်းတွင် မြို့ပေါင်း ၆–မြို့၌ တရားဟော၍ နောက်ဆုံး မာလံမြို့မှ ထွက်ခွါလာခဲ့သည်။ ထိုအခါမှာ ၂–ဖွဲ့လုံး ပြန်လည်ပေါင်းမိသဖြင့် သံဃာတော် ၁၃–ပါး တပေါင်းတည်းဖြစ်သည်။ ထိုအိမ်မှာ ထိုသံဃာ ၁၃–ပါးအတွက် အိပ်ရာများ အပြည့်အစုံပြင်ထားလျက်ရှိသည်။ အထူးမှာ ပူအိုက်သော အရပ်ဒေသပင် ဖြစ်သော်လည်း ထိုအိမ်၌ အဲယားကွန်ဒစ်ရှင်း တပ်ဆင်ထားသောကြောင့် အပူအအိုက် သက်သာပေသည်။ ည ၇–နာရီမှာ ဧည့်ခံကြိုဆိုပွဲ ကျင်းပသည်။

## သတင်းစာကွန်ဖရင့်ပြုလုပ်ခြင်း

(၂၉–၅–၅၉) ကဆုန်လဆုတ် ၈–ရက်၊ ၈–နာရီမှာ သတင်းစာကွန်ဖရင့်သို့ သွားကြသည်။ အရှင်နာရဒမထေရ်က ထေရဝါဒ ၄–နိုင်ငံမှ သာသနာရေးကိစ္စအတွက် အင်ဒိုနေးရှားသို့ လာရောက်ကြပုံ၊ သိမ်သမုတ်ခြင်း၊ ရဟန်းခံခြင်းကိစ္စများကို ဆောင်ရွက်ပုံ ဗောရောဗုဒူး၌ ဝေသာခပွဲတော်ကြီး ကျင်းပနေပုံ နယ်လှည့်၍ တရားဟောခဲ့ပုံများကို ရှင်းလင်းပြောပြသည်။ ထိုနောင် သိလိုသော အချက်များကို သတင်းစာဆရာများက မေး၍ အရှင်နာရဒကပင် ဖြေကြားသည်။

## ဥပါသကာအဖြစ်ခံယူကြခြင်း

ညနေ ၃–နာရီမှာ အိမ်ရှင် ဒကာ ဒကာမများက ဥပါသကာအဖြစ် ခံယူကြသည်။ အရှင်နာရဒက ဥပါသကာကျင့်ဝတ်များကို ဟောကြားသည်။ မဟာစည်ဆရာတော်က သရဏဂုံသီလပေးသည်။ အရှင်နာရဒက အိမ်ရှင်ဒကာကို အသောကဟူ၍၎င်း၊ အိမ်ရှင်မကို ဝိသာခါ ဟူ၍၎င်း၊ ၎င်းတို့၏ တစ်ဦးတည်းသော သားကို ရာဟုလာဟူ၍၎င်း အခြား ဒကာတစ်ဦးကို သန္တဟူ၍၎င်း အမည်ပေးသည်။ ညနေ ၅–နာရီမှာ အခြားပုဂ္ဂိုလ် ၅–ဦးလည်း သရဏဂုံ သီလယူ၍ ဥပါသကာအဖြစ် ခံယူကြသေးသည်။ ဝမ်းမြောက်ဘွယ်ကောင်းပေသည်။

ည ၇–နာရီ မိနစ် ၃၀–မှာ မြို့တော်ရုံ၌ မဟာစည်ဆရာတော်က သီလပေး၍ အရှင်နာရဒမထေရ်က တရားဟောသည်။ မေးခွန်းများကိုလည်း ဖြေရှင်းပြသည်။ ပရိသတ်မှာ ၅၀၀–ကျော်လောက် ရှိသည်။ စိတ်ပါဝင်စားကြသည်။ အကြောင်းညီညွတ်လျှင် အရပ်ရပ်၌ တရားဟောပုံ (မေးဖြေပုံကိုလည်း စုပေါင်း၍ အကျဉ်းချုပ်ဖော်ပြဦးမည်။)

## ဗာလီကျွန်းသို့ကြွခြင်း

(၃၀–၅–၅၉) ကဆုန်လဆုတ် ၉–ရက်နေ့ နံနက် ၆–နာရီမှာ စုရာဘာယာမြို့က ဒါယကာများက ကားကလေး ၆–စီးဖြင့် ဘန်ဂျူဝင်္ဂီသို့ လိုက်ပို့ကြသည်။ ၎င်းမှာ ဂျာဝါးကျွန်း၏ အရှေ့ဘက်ထိပ်၌ရှိသည်။ စုရာဘာယာမှ ကီလို (၂၆၉) မိုင် (၁၆၇)ဝေးသည်။ နံနက် ၈–နာရီ မိနစ် ၄၀–မှာ အရှေ့မြောက်ဘက် ပင်လယ်ကမ်းခြေရှိ ပဆာပူတီသို့ ရောက်သည်။ ရက်စ်ဟောက်စ် တစ်ခု၌ ဆွမ်းကပ်သည်။ ၁၁–နာရီ ၁၅–မိနစ်မှာ ထိုဌာနမှ ထွက်ခွါခဲ့သည်။ မွန်းလွဲ တစ်နာရီမှာ ဘန်ဂျူဝင်္ဂီသို့ရောက်သည်။ ဘန်ဂျူဝင်္ဂီကမ်းခြေမှ ၂–နာရီမှာ မော်တော်ဘုတ် သင်္ဘောကလေး ထွက်သည်။ ၂–နာရီ ၄၅–မိနစ်မှာ ဗာလီကျွန်း ဘက်ဂီလီမနုက် ဆိပ်ကမ်းသို့ရောက်သည်။ ၎င်းမှတဖန် ကားဖြင့် ထွက်ခွါလာကြရာ ညနေ ၆–နာရီမှာ ဘန်ဂျာမြို့ကလေးသို့ ရောက်သည်။

## ခြေလျင် လျှောက်ကြရခြင်း

အရှင်ဇိနရက္ခိတ၏ တောင်ကြားကျောင်းဌာနသို့ ကားလမ်း မပေါက်သဖြင့် ကားမှဆင်း၍ ခြေလျင်လျှောက်ကြရသည်။ လမ်းမှာ တောင်ကမ်းပါး စမ်းချောင်းဘေးမှ တဖြေးဖြေးခြင်း တက်သွားသောလမ်း ဖြစ်သည်။ စောစောပိုင်းက မိုးရွာထားသောကြောင့် ချော်မလဲအောင်လည်း အထူးသတိပြု၍ သွားရသည်။ ဆရာတော်များမှာ တနေ့လုံး ကားတတန် မော်တော်ဘုတ် တတန်စီး၍ လာခဲ့ရသောကြောင့် ကိုယ်ပင်ပန်းခြင်း ရှိသော်လည်း ရှေးက ရဟန္တာအရှင်မြတ်တို့၏ သာသနာပြုပုံကို နှလုံးသွင်းကာ ဝမ်းမြောက် ဝမ်းသာနှင့်ပင် "ရောက်တော့မည် ရောက်တော့မည်"ဟု အချင်းချင်းအားပေးလျက် ဖြေးဖြေးခြင်း တက်သွားကြရာ (၇)နာရီအချိန်မှာ ထိုကျောင်း ဌာနရှိ စံကျောင်းကလေးသို့ ရောက်ကြသည်။ ရှံ့တွေပေနေသော ခြေတောက်များကို ဆေးကြောပြီးလျှင် မိမိတို့ကျရောက်ရာ အခန်းသို့ ဝင်၍ အမောအပန်း ဖြေကြရသည်။

## ဆရာတော်များ၏ စံကျောင်းကလေး

ထိုစံကျောင်းကလေးမှာ အလျားပေ ၃၀×အနံ ၁၅ပေလောက်သာ ရှိသည်။ ဓနိမိုးတဲကလေးပင် ဖြစ်သည်။ တောင်ဘက်ထိပ်မှ အခန်းတစ်ခု မြောက်ဘက်ထိပ်မှ အခန်းတစ်ခု ဝါးကပ်နှင့်ကာထားသည်။ အလယ်ပိုင်း ၁၀–ပေလောက်မှာ အကာအရံမရှိ။ အခန်းနှစ်ခု၏ တံခါးပေါက်များမှာလည်း တံခါးရွက် ပိတ်စရာမရှိ။ အခန်းထည်းမှာ အိပ်စရာကြမ်းစင်နှစ်ခုစီရှိသည်။ ထိုကြမ်းစင်များပေါ်မှာ သပေါ့ဖျာကြမ်းများ ခင်းထားသည်။ တပါးတပါးအတွက် ခေါင်းအုံးကလေး တစ်လုံးစီလည်း ချထားသည်။ ဆရာတော်များမှာ အပိုပါလာသော သင်းပိုင်ကို အိပ်ရာခင်းပြု၍ ထိုကြမ်းစင်ပေါ်မှာ ၃–ပါးစီ ၄–ပါးစီ ကျိန်းစက်ကြရသည်။ မြတ်စွာဘုရား ခွင့်ပြုထားတဲ့ ရုက္ခမူလသေနာသန သစ်ပင်ရင်းကျောင်းထက်တော့ ငါတို့၏ စံကျောင်းက အပုံဘဲ ကောင်းသေးသည်ဟု နှလုံးသွင်းလျက် ရွှင်လန်းဝမ်းမြောက်စွာဖြင့် သီတင်းသုံးကြသည်။ ယထာလာဘသန္တောသဂုဏ်ပါပေတည်း။

ယိုးဒယားအဖွဲ့မှာ ကင်မရာနှင့် ဒါယကာပါသောကြောင့် မှတ်သားသင့်သော နေရာတိုင်းမှာ ဓာတ်ပုံရိုက်ယူသွားလေသည်။ ၎င်းဓာတ်ပုံများကို မြင်ရသူတို့မှာ ကြည်ညိုဘွယ် ဝမ်းမြောက်ဘွယ် ဖြစ်ပေလိမ့်မည်။

ထိုစံကျောင်းအပြင် အခြား သတ်သတ်ရပ်ရပ်ကျောင်းကလေး တစ်ဆောင်လည်း ရှိသေး၏။ ၎င်းကျောင်းကလေးမှာ လူဝတ်ကြောင် ဧည့်သည်များကို ထားရသည်။ ထိုကျောင်းဝင်းထဲ၌ ရေပူစမ်းလည်း ရှိသဖြင့် နောက်တစ်နေ့ နံနက်စောစောမှာ ထိုရေပူစမ်းချောင်း၌ ကျန်းမာရေးအဖြစ် ရေချိုးကြရသည်။

## နတ်ကွန်းတွေပေါသည်

(၃၁–၅–၅၉) ကဆုန်လဆုတ် ၁၀–ရက်နေ့ နံနက် ၈–နာရီခွဲမှာ တည်းခိုရာစံကျောင်းမှ လမ်းလျှောက်လာကြသည်။ ၈–နာရီမှာ ဘန်ဂျာမြို့ထဲ ကားဆိပ်သို့ရောက်သည်။ ဘတ်စ်ကား ၂–စီးဖြင့် ထွက်ခွါလာကြရာ ၉–နာရီမှာ မွန်ဒွတ်ခေါ် တောင်ပေါ်မြို့ကလေး တစ်ခုသို့ရောက်သည်။ ဗာလီကျွန်းမှာ ဟိန္ဒူဘာသာဝင်တို့၏ နေရာကျွန်းဖြစ်သည်။ အိမ်တိုင်းလိုလိုပင် နတ်ကွန်းကလေးများကို တွေ့ရသည်။ အိမ်တိုင်းမှာပင် ဟိန္ဒူဘုရားကျောင်းဆောင်ကလေးများ ၃–ခုစီ ရှိသည်ဟု ဗာလီအကြောင်းစာအုပ်၌ ပြဆိုထားသည်။ မြန်မာပြည်၌ နေရာတိုင်းလိုလိုပင် စေတီတွေပေါသလို ဗာလီကျွန်းမှာလည်း ဟိန္ဒူဘုရားကျောင်း နတ်ကွန်းတွေက အလွန်ပင်ပေါများလှပေသည်။ ထိုနတ်ကွန်းများ၌ ဗလိနတ်စာပူဇော်မှု ပေါများသောကြောင့်ပင် ထိုကျွန်းကို ဗာလီဟု ခေါ်ကြောင်းသိရသည်။ အိမ်ဝင်းအကာအရံများ တံခါးမုခ်များ အိမ်ပုံစံများ မှာလည်း အိန္ဒိယဟိန္ဒူများ၏ အဆောက်အဦမျိုးပင်ဖြစ်သည်။

ထိုမြို့၌ သရဏဂုံတည်သော ဥပါသကာ ၂–ယောက်သာရှိသေးသည်။ ရောက်လာသော တရားနာပရိသတ်မှာ ၁၀၀–လောက်ရှိသည်။ ရဟန်းသံဃာတော်များကို လက်အုပ်ချီ၍ အရိုအသေပြုရမှန်းပင် မသိရှာကြ၊ ဗာလီတကျွန်းလုံးမှာ ဤအချိုးအစားမျိုးချည်းပင်တည်း။ မဟာစည်ဆရာတော်က သီလပေးသည်။ ထိုအရပ်က ဥပါသကာ ၂–ယောက်နှင့် ဆရာတော်တို့ နောက်ကပါလာသော ဥပါသကာများကသာ လက်အုပ်ချီ၍ သရဏဂုံ သီလယူကြသည်။ အခြားလူများမှာ မတ်တတ်ရပ်လျက် အရိုအသေမျှသာပေးကြသည်။ အရှင်နာရဒမထေရ်က "ဗာလီကျွန်းက လူတွေဟာ ဟိန္ဒူဗုဒ္ဓဘာသာဝင် အဆက်အနွယ်များဖြစ်ကြောင်း ဒါကြောင့် ဟိန္ဒူဗာလီဟုခေါ်ထွင်နေကြောင်း ဗာလီကလူတွေဟာ ရှိဝ ဗုဒ္ဓကို ကိုးကွယ်သည်ဟု ပြောကြကြောင်း။ ရှိဝမှာ ဟိန္ဒူဘာသာဝင်တို့၏ ကိုးကွယ်ရာဖြစ်ကြောင်း။ ဗုဒ္ဓမှာ ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်ရာဘုရားဖြစ်ကြောင်း။ ဘာသာနှစ်မျိုးလုံးကို ကိုးကွယ်လာခဲ့ကြလို့ ရှိဝနှင့် ဗုဒ္ဓကိုပေါင်းစပ်ပြီး ရှိဝဗုဒ္ဓကို ကိုးကွယ်ကြသည်ဟု ပြောဆိုခြင်းဖြစ်ကြောင်း စသည်ဖြင့် အနုသန္ဓေဆက်စပ်ပြီးလျှင် ဗုဒ္ဓဘုရားအကြောင်း တရားအကြောင်းများကို ဟောပြသွားသည်။ ထိုနောင် မေးခွန်းအနည်းငယ်မေး၍ ၎င်းတို့ကို ဖြေရှင်းပြသည်။ ၁၀–နာရီမှာ ဆွမ်းကပ်သည်။ ၁၁–နာရီခွဲမှာ ထိုဌာနမှ ထွက်ခွါခဲ့ကြသည်။

## လောကီအကျိုးကြိုက်သည်

၁၂–နာရီမှာ ဘန်ဂျူအဒစ်ခေါ် မြို့ကလေးတစ်ခုသို့ ရောက်သည်။ ထိုမြို့မှာ ဥပါသကာ တစ်ဦးသာ ရှိသေးသည်။ ပရိသတ် ၈၀–လောက်ရှိသည်။ တရား၌တယ်ပြီး စိတ်ဝင်စားကြဟန်မတူပေ။ တရားဟောပြီးနောက် ပရိတ်ရွတ်ဘတ် ချီးမြှောက်ကြသည်။ အရှင်နာရဒ မထေရ်က ပရိတ်ရေ တစ်ဖွန်းစီ ပေးသည်။ လက်ဝါးနှင့် ခံယူ၍ သောက်ကြရသည်။ ထိုသို့ ပရိတ်ရေပေးစဉ် သောက်စဉ်မှာ သံဃာတော်များက သဗ္ဗဗုဒ္ဓါ ဗလပတ္တာဟူသော ဂါထာကိုရွတ်ဘတ် ချီးမြှောက်ကြရသည်။ လူထုမှာ တရား၌ စိတ်မဝင်စားကြသော်လည်း ပရိတ်ရေသောက်ရန်ကိုတော့ အတော်ပင်စိတ်ဝင်စားကြသည်။ လောကီအကျိုးကို တယ်ကြိုက်တဲ့ လူတွေပါတကား။

နေ့ ၂–နာရီမှာ ထိုဌာနမှ ထွက်လာကြပြန်ရာ ဘန်ဂျာဟိုက်စကူးကျောင်းသို့ ၂–နာရီခွဲမှာ ရောက်သည်။ မိုးအကြီးအကျယ် ရွာသောကြောင့် ပရိသတ် အလာနည်းသည်။ ၆၀–လောက်သာ ရှိသည်။ ပုဂ္ဂိုလ် ၆–ဦး သရဏဂုံ သီလယူကြသည်။ ထိုဌာန၌ တရားဟောပြီးနောက် ဘန်ဂျာမြို့ထဲ တည်းခိုရာ အိမ်သို့ ၅–နာရီမှာ ရောက်သည်။

## ဒင်ပဆာမြို့သို့ရောက်ခြင်း

(၁–၆–၅၉) ကဆုန်လဆုတ် ၁၁–ရက်နေ့ နံနက် ၇–နာရီခွဲမှာ ဘန်ဂျာမှ ကားဖြင့်ထွက်ခွါကြသည်။ ပေ (၆၀၀၀) ကျော်မြင့်သော တောင်တန်းကြီးပေါ်မှ ဖြတ်၍ သွားရသည်။ ၁၁–နာရီမှာ ဒင်ပဆာမြို့သို့ရောက်သည်။ ၎င်းမှာ ဗာလီကျွန်း၏ မြို့တော်ကြီးဖြစ်သည်။ ရက်စ်ဟောက်စ်၌ တည်းကြရသည်။

## ဗာလီပုဏ္ဏားတွေ

ညနေ ၅–နာရီခွဲမှာ မြို့တော်ရုံ၌ တရားပွဲကျင်းပသည်။ ဗာလီပုဏ္ဏားများက မန္တန်မန်းမှုတ်၍ အခန်းအနားဖွင့်သည်။ ပန်းပွင့်အဖတ်ကလေးများကို တခုချင်း ဖဲ့ကာဖဲ့ကာ ပစ်ချလျက် လက်နှစ်ဘက်ကို အမျိုးမျိုး ကွေးကောက်လှည့်ပတ်လျက် မန်းမှုတ်နေသည်ကို မြင်ရသောအခါ ဘုရားလက်ထက်တော်က အမျိုးမျိုးသော အမှုအရာဖြင့် အံ့ဩဘွယ်ရာများကို ပြလျက် အလှူခံစားနေသော ပုဏ္ဏားများကို သတိရမိသည်။ တရားဟောကာစ၌ ထိုဗာလီပုဏ္ဏားများက ဗုဒ္ဓဘာသာတရားကို လေးစားဟန် လက္ခဏာမရှိသေး။ သို့သော် အရှင်နာရဒမထေရ်က အကြောင်းအကျိုးဆက်စပ်နေပုံများကို ဓာတုဗေဒဆရာကြီးတို့၏ ဝေဘန်ချက်, ကမ္ဘာ့ပညာရှိကြီးများ၏ အမြင်စသည်နှင့် ကျယ်ပြန့်စွာ ခွဲခြားဝေဘန်ပြီးလျှင် ဗုဒ္ဓတရားတော်သာလျှင် ခိုင်လုံကြောင်းကို ရှင်းလင်း၍ ဟောလိုက်သောအခါ ထိုပုဏ္ဏားများလည်း သဘောကျသွားဟန် လက္ခဏာရှိပေသည်။ ထိုနောင်မေးခွန်းများကို ဖြေရှင်းပြီး ၉–နာရီခွဲမှာ တရားပွဲကို သိမ်းသည်။ ထိုနေ့က ဟောသော တရားမှာ လူအများပင် အထူးသဘောကျဟန်ရှိသည်။ ထိုနေ့က ပုဏ္ဏားများအား အခမ်းအနားဖွင့်ရန် စီစဉ်ထားသည်မှာ ၎င်းတို့ကိုလည်း တရားနာစေလိုသောကြောင့်ဟု ကြားသိရ၏။

## လင်းနို့ဂူကြီး

(၂–၆–၅၉) ကဆုန်လဆုတ် ၁၂–ရက်နေ့ နံနက် ၈–နာရီမှာ ဒင်ပဆာမြို့မှ ထွက်ခွါခဲ့ကြသည်။ ၉–နာရီမှာ ကလုံတုံမြို့၌ ခေတ္တနားသည်။ ၉–နာရီခွဲမှာ ဂုဝလဝခေါ် လင်းနို့လိုဏ်ဂူသို့ ရောက်သည်။ တောင်စောင်းလိုဏ်ဂူကြီးထဲ၌ လင်းနို့အကြီးစားတွေ ထောင်သောင်းများစွာ ကြပ်ခဲနေသည်ကို တွေ့ရသည်၊ သံဝေဂဖြစ်ဘွယ်ကောင်းသည်။ အရှင်အရိယဝံသ မထေရ်က လင်းနို့ဖြစ်ဘူးသော ရဟန်းငါးရာထုံးကို နှလုံးသွင်းလျက် “ကုသလာဓမ္မာ အကုသလာဓမ္မာ” စသည်ဖြင့် အဘိဓမ္မာဒေသနာတော်ကို ရွတ်ဆိုဟောကြားခဲ့သည်။

## ကရင်အဆန်မြို့တော်

၁၀–နာရီခွဲမှာ ကရင်အဆန်မြို့တော် တမံတီရိထဂင်္ဂါခေါ် ဌာနသို့ ရောက်သည်။ ၎င်းမှာ ကရင်အဆန် ဘုရင်ဟောင်း ဒါယကာကြီး၏ ဆောင်းရာသီ စံနန်းတော်ဖြစ်သည်။ ထိုဌာနမှာ ရေပန်းတွေ အမျိုးမျိုးနှင့် ရေကန်ကြီးတွေ အဆန်းတကြယ် လုပ်ထားသည်။ ထိုဘုရင်ဟောင်း ဒါယကာကြီးကပင် နေ့ဆွမ်းကပ်သည်။ ၁၂–နာရီခွဲမှာ ထိုဌာနမှ ထွက်လာကြရာ ၁၂–နာရီ ၄၅–မိနစ်မှာ ထိုဘုရင်ဟောင်း ဒါယကာကြီး၏ နွေရာသီစံနန်းသို့ ရောက်ကြသည်။ ၎င်းမှာ ရေကန်ကြီး အလယ်၌ ဆောက်ထားသော အလွန်ခမ်းနားသည့် တိုက်အိမ်ကြီးဖြစ်သည်။ ပင်လယ်ကမ်းနှင့်လည်း ကိုက် ၃၀၀–လောက်သာ ဝေးသည်။ ၎င်းအိမ်ကြီး၌ သာသနာပြုဆရာတော်များ တည်းခိုရန် ခုဋင် အိပ်ရာ ခြင်တောင် စသည် အသင့်ပြင်ထားသည်။ ယိုးဒယားအဖွဲ့မှ မှတ်တမ်းအဖြစ်ဖြင့် ဓာတ်ပုံအမျိုးမျိုးရိုက်ယူသည်။

## ကရင်အဆန်မြို့ တရားပွဲ

ညနေ ၄–နာရီမှာ ကရင်အဆန်မြို့ထဲက စာသင်ကျောင်း၌ တရားပွဲကျင်းပသည်။ ဘုရင်ဟောင်းကြီးကိုယ်တိုင် သားတော် သမီးတော်များနှင့်တကွ လာရောက် တရားနာသည်။ ပရိသတ် ၃၀၀–ကျော်လောက်ရှိသည်။ မဟာစည်ဆရာတော်က သီလပေးသည်။ အရှင်နာရဒံက တရားဟောသည်။ အမေးများကိုလည်း ဖြေရှင်းသည်။ ဘုရင်ဟောင်းကြီးက ဝမ်းမြောက် ဝမ်းသာနှင့် ထောက်ခံပြောဆိုသည်။ တော်တော်သဘောကျသွားဟန် ရှိသည်။ ၇–နာရီခွဲမှာ ရေကန်အလယ် တည်းခိုရာ စံနန်းသို့ ပြန်ရောက်သည်။

## ဗာလီရဟန်းခံပွဲ

(၃–၆–၅၉) ကဆုန်လဆုတ် ၁၃–ရက်နေ့ နံနက် ၅–နာရီခွဲမှာ တည်းခိုရာ စံနန်းမှ ထွက်ခွါလာခဲ့ကြသည်။ ၅–နာရီ ၄၅–မိနစ်မှာ ဘုရင်ဟောင်းကြီး၏ အိမ်တော်သို့ ရောက်သည်။ ထိုအိမ်တော်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် မေတ္တာသုတ်ပရိတ်တရားဖြင့် ရွတ်ဖတ်ချီးမြှောက်ကြသည်။ ထိုနောင် ဗာလီသာမဏေကို ရဟန်းခံပေးရန် ဗေသာခီနတ်ကွန်းသို့ ရည်ရွယ်လျက် ၇–နာရီ ၁၀–မိနစ်မှာ ကားဖြင့် ထွက်ခွါခဲ့ကြသည်။ ဘုရင်ဟောင်းကြီးလည်း နောက်မှ လိုက်ပါလာသည်။ ၈–နာရီခွဲမှာ ဗေသာခီနတ်ကွန်းသို့ရောက်သည်။ ထိုနတ်ကွန်းမှာ တော်တော်ကြီးကြီးကျယ်ကျယ် လုပ်ထားသည်။ ဘုရားလက်ထက်တော်က ဝေသာလီပြည်မှ ဥဒေနစေတီ ဂေါတမကစေတီ စသည်တို့ကဲ့သို့ ဗာလီကျွန်း၌ အထူးထင်ရှားသော နတ်ကွန်းကြီးတစ်ခု ဖြစ်ပေသည်။ ထို့ကြောင့်ပင် ထိုနတ်ကွန်း၌ ရဟန်းခံပေးရန် ရွေးချယ်ထားပေသည်။

## ရဟန်းခံရာသိမ်

ထိုဗေသာခီနတ်ကွန်းတွင် ပေ ၃၀–လောက် ကျယ်ပြန့်သော အဆောက်အဦ တစ်ခုပေါ်၌ ၉–နာရီ ၁၀–မိနစ် အချိန်မှာ သီဟိုဠ် ၅–ပါး၊ မြန်မာ ၁–ပါး၊ ယိုးဒယား ၄–ပါး၊ အင်ဒိုနေးရှား ၂–ပါး၊ အားလုံးပေါင်း ရဟန်းတော် ၁၂–ပါး ပါဝင်သော သံဃာတော်က ဗာလီသာမဏေ ဖိနပ္ပိယအား ရဟန်းခံပေးသည်။ ဥပဇ္ဈာယ် ဆရာမှာ အရှင်နာရဒမထေရ် ဖြစ်သည်။ ကမ္မဝါဆရာများမှာ ၁–အရှင်အရိယဝံသ သီဟိုဠ်မထေရ်၊ ၂–မဟာစည်ဆရာတော် အရှင်သောဘန မြန်မာ မထေရ်၊ ၃–အရှင်ဝိသာလ သမဏဂုဏ ယိုးဒယားမထေရ်တို့ဖြစ်သည်။ သိမ်မှာ ဂါမသိမ်ဖြစ်သည်။ ထိုအချိန်တွင် ထိုရွာနယ်ပယ်၌ရင်း၊ ဗာလီတကျွန်းလုံး၌ရင်း၊ ကမ္ဘာကာရက သံဃာတော် ၁၂–ပါးအပြင် အခြားရဟန်းများ မရှိသောကြောင့် ထိုဂါမသိမ်၌ ဥပသမ္ပဒကံ ဆောင်ခြင်းသည် ဝိနည်းတော်နှင့် အညီပင်ဖြစ်သည်။

ရဟန်းခံပြီးသောအခါ ကရင်အဆန် ဘုရင်ဟောင်း ဒါယကာကြီးက အမှတ်တရ ဖြစ်စေရန် ရည်ရွယ်၍ ဗာလီကျွန်းဖြစ် ဝတ္ထုပစ္စည်းတစ်ခုစီ လှူဒါန်းသည်။ ၎င်းဝတ္ထုမှာ နဂါးကိုသုတ်သည့် ဂဠုန်ပေါ်တွင် နတ်ရုပ်စီးလျက်ရှိသော သစ်သားရုပ်ဖြစ်သည်။ ယုတ္တိရှာမရသော ထိုအရုပ်မျိုးတွေမှာ ဗာလီကျွန်းတွင် ထိုထိုအရုပ်များ၌ ပေါများလှ၏။ ဟိန္ဒူ ဘာသာကျမ်းများအရ မှန်းဆ၍ လုပ်ထားသော အရုပ်များဖြစ်ရာ၏။ မဟာစည်ဆရာတော် ရလာသော နဂါး ဂဠုန်နတ် ၃–မျိုးတွဲ အရုပ်ကို အထိမ်းအမှတ်အဖြစ် ထားလိုကထားရန် ဗုဒ္ဓသာသနာအဖွဲ့သို့ ပေးအပ်သည်။

## မန္တန်အစွမ်းနှင့် နေ့ဆွမ်း

ထိုနောင်ဘုရင်ဟောင်းကြီးက ဆရာတော်များအား ကောင်းခြင်းမင်္ဂလာ ဖြစ်စေရန် ရည်ရွယ်လျက် ရှိဝစသော ဟိန္ဒူနတ်များကို ရှိခိုးပူဇော်ပသ၍ ဟိန္ဒူမန္တန်များကို ရွတ်သည်။ ထိုအခါ မဟာစည်ဆရာတော်၏ စိတ်ထဲ၌ "ဪ– ဘုရား တရား သံဃာကိုတော့ ရှိမခိုးနိုင်ဘူး၊ နတ်တွေကိုမှ ရှိခိုးနိုင်တယ်၊ အယူအစွဲဟာ တယ်ကြောက်စရာကောင်းပါ တကား"ဟု သံဝေဂဖြစ်မိသည်။

ထိုသို့ဘုရင်ဟောင်းကြီးက စေတနာကောင်းကောင်းနှင့် ရွတ်ဖတ်နေသည်ကို စောင့်နေရသောကြောင့် ခရီးထွက် ချိန်မှာ မိနစ် ၃၀–လောက် နောက်ကျသွားသည်။ ၁၀–နာရီ ထွက်ရမည့်အစား ၁၀–နာရီခွဲမှာမှ ထွက်ရသည်။ အရှင်နာရဒ အရှင်အရိယဝံသ အရှင်ဇိနရက္ခိတနှင့် မဟာစည်ဆရာတော်တို့မှာ ကားကလေးတစ်စီးနှင့် ရှေ့မှ ထွက်လာခဲ့ကြသည်။ ၁၁– နာရီ ၄၅–မိနစ်မှာ ဘင်္ဂလီမြို့ တည်းအိမ်သို့ ရောက်သည်။ အသင့်ပြင်ဆင်ထားသော ဆွမ်းကို ၁၅–မိနစ်အတွင်း ခပ်သုတ်သုတ် စားကြရသည်။ ဘတ်စ်ကားနှင့် နောက်မှလိုက်လာကြသော အခြားရဟန်းတော်များမှာ ၁၂–နာရီကျော်မှ ထိုအိမ်သို့ ရောက်လာကြသည်။ ဆွမ်းချိန်မမှီကြတော့ချေ။ ကားပေါ်တွင် ပါလာသော မုံ့များ ငှက်ပျောသီးများဖြင့်ပင် ဆွမ်းကိစ္စ ပြီးစေခဲ့ကြသည်။ မန္တန်၏ အကျိုးပင် မဟုတ်ပါလော၊ ထိုနေ့ညနေ ၃–နာရီခွဲ အချိန်မှာ ဘင်္ဂလီမြို့၌ တရားပွဲ ကျင်းပသည်။ ပုဏ္ဏားများက မန္တန် မန်းမှုတ်၍ အခမ်းအနားဖွင့်သည်။ ပရိသတ် ၂၀၀–လောက်ရှိသည်။ ည ၈–နာရီမှ ပြီးသည်။

## သယ်ရာဇာမြို့သို့ရောက်ခြင်း

(၄–၆–၅၉) ကဆုန်လဆုတ် ၁၄–ရက်နေ့ နံနက် ၇–နာရီမှာ ဘတ်စ်ကားဖြင့် ဘင်္ဂလီမှ ထွက်ခဲ့ကြသည်။ ၈–နာရီ ခွဲမှာ ကင်တာမဏိတောင်ထိပ်၌ ခေတ္တနားသည်။ ၁၀–နာရီခွဲမှာ သယ်ရာဇာမြို့သို့ ရောက်သည်။ တည်းအိမ်မှ တစ်ဖါလုံ လောက် ဝေးသော အရပ်၌ အရှင်ဇိနရက္ခိတ၏ ကျောင်းကလေးတစ်ခုရှိသည်။ ၂–နာရီခွဲမှာ ထိုကျောင်းသို့သွား၍ ဥပါသကာအဖြစ် ခံယူကြသော ယောကျ်ား မိန်းမ ၆–ဦးတို့အား သရဏဂုဏ်သီလ ပေးခဲ့သည်။ ညနေ ၄–နာရီမှာ မြို့တော် ရုံ၌ တရားပွဲ ကျင်းပသည်။ ည ၈–နာရီမှာ ပြီးသည်။ ပရိသတ် (၄၀၀)လောက် ရှိသည်။

အထူးမှာ ဗာလီကျွန်း၌ တရုပ်လူမျိုးများကို မတွေ့ခဲ့ရ။ တည်းအိမ်ရှင်များမှာလည်း ဗာလီတိုင်းရင်းသား ဟိန္ဒူ ဘာသာဝင်များဖြစ်သည်။ ထို့ပြင် အန်ကျင်ဆွာတို့မှာ ဗာသီတကျွန်းလုံးတွင် ဆရာတော်များ သွားလေရာရာ အရပ်သို့ လိုက်၍ အစစအရာရာ ဂရုစိုက် စောင့်ရှောက်ကြပေသည်။ စေတနာသဒ္ဓါတရား ကောင်းကြပါပေသည်။

(၅–၆–၅၉) ကဆုန်လဆုတ် ၁၅–ရက်နေ့ နံနက် ၅–နာရီခွဲမှာ သယ်ရာဇာမှ ဘတ်စ်ကားဖြင့် ထွက်ခွါခဲ့ကြသည်။ ၈–နာရီ မိနစ် ၂၀–မှာ ဂိလိမနုက် ကမ်းခြေသို့ ရောက်သည်။ ၉–နာရီခွဲမှာ မော်တော်ဘုတ် ထွက်သည်။ ၁၀–နာရီ ၁၅– မိနစ်မှာ ဘန်ဂျူပင်ဂီသို့ ရောက်သည်။ စုရာဘယာမှလာ၍ ကြိုနေသော ကားကလေးများဖြင့် ထွက်လာကြရာ ညနေ ၆– နာရီမှ စုရာဘယာ တည်းအိမ်သို့ ပြန်ရောက်သည်။

(၆–၆–၅၉) နယုတ်လဆန်း ၁–ရက်နေ့ နံနက်မှာ အရှင်အရိယာဝံသ၊ အရှင်သရဏပါလ၊ အရှင်မဟာနာမနှင့် ယိုးဒယားရဟန်းတစ်ပါးတို့သည် ဂျကာတာသို့ ပြန်ကြသည်။ ထိုအခါ၌ သာသနာပြု ဆရာတော်များအဖွဲ့မှာ သံဃာတော် ၉–ပါးသာ ရှိတော့သည်။ ၉–နာရီမှာ ခေတ်ပညာတတ် အမျိုးသမီးတစ်ဦး ဥပါသိကာအဖြစ်ခံယူသည်။ မဟာစည် ဆရာတော်က သရဏဂုမ် သီလပေးသည်။ အရှင်နာရဒက ၎င်းအား သန္တာဟု အမည်ပေးထားသည်။ ဂျိန်းဘာသာဝင် အိန္ဒိယကုန်သည်တစ်ဦးက အိမ်သို့ပင့်၍ နေ့ဆွမ်းကပ်သည်။ ထိုနေ့ ညနေပိုင်းမှာ တည်းအိမ်ရှင်က ယိုးဒယားပရိတ် သီဟိုဠ်ပရိတ် မြန်မာပရိတ်များကို အသီးသီး ရီကော်ဒါဖြင့် အသံဖမ်းယူသည်။ ည ၈–နာရီမှာ အရှင်နာရဒက မေတ္တာ ကမ္မဋ္ဌာန်း အာနာပါန ကမ္မဋ္ဌာန်းများကို မေး၍ တထိုင်အတွင်း၌ မိနစ်ပိုင်းဖြင့် အားထုတ်စေသည်။ ထင်မြင်ပုံကိုလည်း မေးစစ်၍ ရှင်းလင်းပြောပြသည်။ အားထုတ်သူများမှာ ၄၀–ကျော် ရှိသည်။ စိတ်ပါဝင်စားကြသည်။

## မဓုရာကျွန်းသို့ကြွခြင်း

(၇–၆–၅၉) နယုန်လဆန်း ၂–ရက်နေ့ နံနက် ၈–နာရီမှာ မဓုရာကျွန်းသို့သွားရန် တည်းအိမ်မှ ကား ၃–စီးဖြင့် ထွက်ခဲ့ကြသည်။ ၈–နာရီ ၄၅–မိနစ်မှာ ပွဲချိတ်မော်တော် သမ္ဗန်ကလေးထွက်သည်။ ၅–မိနစ်လောက်အကြာတွင် စက်ရပ် သွားသည်။ စက်ကို စက်မောင်းသမားက ပြင်သည်။ မိနစ် ၂၀–လောက်ကြာသော်လည်း စက်မှာ မကောင်းသေး။ အခြား မော်တော်များကလည်း အကူအညီမပေးကြ၊ ထိုစက်ပျက်သော နေရာမှာ ပေ ၁၅၀–လောက်ကျယ်သော တူးမြောင်း အတွင်းမှာ ဖြစ်သည်။ "ပင်လယ်ထဲမရောက်ခင် ပျက်လို့ တော်ပေသေးသည်"ဟု အောက်မေ့ကြသည်။ "ဒီမော်တော် နှင့်တော့ ပင်လယ်ရေလက်ကြားကိုဖြတ်ပြီး မဓုရာဘက်ကို သွားဘို့မသင့်တော့ဘူး။ တည်းအိမ်ကိုဘဲ ပြန်သွားကြဘို့ သင့်သည်"ဟု အရှင်နာရဒက ပြောဆိုသည်။ ထိုနောင် ထိုးဝါးနှင့်ထိုး၍ တဖြည်းဖြည်းခြင်း မူလဆိပ်ကမ်းသို့ ပြန်သွား သည်။ နာရီဝက်လောက်ကြာမှ ရောက်သည်။ ထိုအရပ်၌ သွားလာနေသော မော်တော်များမှာ ကုမ္ပဏီတစ်ဦးတည်းပိုင်ချည်း ဖြစ်သည်ဟု ဆိုသည်။ သို့ဖြစ်ပါလျက် အခြားမော်တော်များက အကူအညီ မပေးကြသည်မှာ အံ့သြစရာကောင်းလှသည်။ ထိုမော်တော်သမားများမှာ တော်တော်ကြမ်းတမ်းသည်ဟူ၍လည်း ပြောကြ၏။

မူလဆိပ်ကမ်းသို့ ပြန်ရောက်သောအခါ အခြားမော်တော်တစ်စင်းသို့ ပြောင်းရွှေ့၍ စီးကြရသည်။ ၉–နာရီ မိနစ် ၄၀–မှာ ထိုမော်တော်ထွက်သည်။ ပင်လယ်ထဲရောက်သောအခါ လှိုင်းများတော်တော်ကြမ်းသည်ကို တွေ့ရသည်။ ထိုနေရာ မျိုးမှာ စက်ပျက်မည်ဆိုလျှင် နစ်မြုပ်ဘို့ရန်မှာ သေချာပါ၏။ ထိုကြောင့် ထိုပင်လယ်ထဲ မရောက်ခင်က ပဌမမော်တော် စက်ပျက်ခဲ့သည်မှာ သာသနာပြုဆရာတော်များ ကံကောင်းလို့ဟု အောက်မေ့ရပေတော့မည်။ ၁၀–နာရီ မိနစ် ၂၀–မှာ မဓုရာဘက်သို့ ချောမောစွာရောက်သည်။ အသင့်ကြိုနေသော ကားများဖြင့် ထွက်လာကြပြီးလျှင် ၁၁–နာရီမှာ ဘံကာလန် မြို့က တရုပ်အိမ်၌ဝင်၍ ဆွမ်းဘုဉ်းပေးကြရသည်။ ၁၂–နာရီမှာ တဖန် ထွက်လာကြရာ၊ ၂–နာရီမှာ မီးတွင်းဌာနသို့ ရောက်သည်။ (ထိုဌာန၏ အမည်ကို မေးမရ၍ မဖော်ပြနိုင်ပါ။)

## မီးတွင်းကလေး

ကားမှဆင်း၍ လက်ဝဲဘက်မြောက်အရပ်သို့ သွားရသည်။ လမ်းမှာ လယ်ခြား လှည်းလမ်းဖြစ်သည်။ အချို့ နေရာ၌ ရွှံ့ဗွက်များရှိ၍ ဘိနပ်ချွတ်သွားရသည်။ လမ်းထဲ၌ မြက်ပင်ဆူးပင်များရှိ၍ ဆူးမစူးအောင်လည်း ဂရုစိုက်ရသည်။ ချော်မလဲအောင်လည်း သတိပြုရသည်။ ဘန်ဂျာတောကျောင်းက လမ်းကလေးကို ပြန်၍ သတိရမိသည်။ ညွှန်ပြမည့် သူငယ်ကလေးတွေကလည်း သူတို့အလိုလိုပင် လိုက်ပါလာကြသည်။ သူတို့က ဧည့်သည်များကို ပြနေကြဖြစ်ဟန် တူသည်။ ငါးဖါလုံလောက် သွားမိသောအခါ သူငယ်များက ဒါပါဘဲဟု လက်ညှိုးညွှန်ပြ၍ပြကြသည်။

၃–ပေပတ်လည်လောက်ရှိသော မြေကွက်ကလေးထဲမှ မီးတောက်နေသည်ကို တွေ့ရသည်။ မိုးရွာထားသဖြင့် ဘေးပတ်လည်မှာ ရေကွက်ကလေးများလည်း ရှိနေသည်။ မီးတောက်နေရာ မြေကြီးထဲမှလည်း ရေပွက်ကလေးများ တက်တက်လာသည်။ မီးလျှံမှာ တထွာသာသာလောက် မြင့်တက်သည်။ ညဥ့်အခါမှာဆိုလျှင် ၃–ပေလောက် တက်နေသည် ကို မြင်ရသည်ဟု ပြောကြ၏။ ဘေးကရေကွက်ကလေးထဲမှ ရေနှင့် ပက်ထည့်လိုက်သော်လည်း မီးတောက်မှာ အငြိမ်းပျက် ခြင်း မရှိ၊ ကလေးတစ်ယောက်က ပလောပီနံကိုင်းပိုတစ်ခုကို ချိုး၍ထည့်လိုက်ရာ မကြာမီပင် လောင်ကျွမ်းသွားသည်။ ရမ်းနံ့ ကန့်နံ့ ရေနံနံ့လည်းမရ၊ ပင်လယ်ကမ်းခြေနှင့်လည်း မဝေးလှ ၂–မိုင်လောက်သာ ဝေးသည်။ တောင်လည်းမဟုတ်၊ ပင်လယ်ရေပြင်မှ ပေ ၂၀–ထက်မြင့်မည်မထင် ကုန်းစောင်း မြေပြင်မှာပင်ဖြစ်သည်။ အနီးပတ်ဝန်းကျင်၌ မြက်သစ်ပင်များ လည်း ပေါက်လျက်ရှိသည်။ ဂျပန်ပြည်က "အဆို"ခေါ်သည့် မီးတောင်မျိုးလည်း မဟုတ်၊ မြေပြင်တွင် တနေရာတကွက် ကလေးမှ ငြိမ်ငြိမ်သက်သက်ကလေး မီးတောက်လောင်နေသည်မှာ အံ့စရာပင်၊ ထိုမီးသည် ရေနံဓါတ်စသည် လောင်စရာ ရှိ၍သာ လောင်နေသည်မှာ ယုံမှားဘွယ်မရှိပေ။ သို့သော်လည်း ၎င်းမီးတွင်းကို မြင်ရသောအခါ မဟာစည်ဆရာတော်မှာ ရေးနှစ်ပေါင်း ၂၀–ကျော်က ကြားရဘူးသော အော်ပါဝတ္ထုကို ပြန်လည်၍ သတိရမိသည်။

## တဆင့်ကြားဝတ္ထု

ရှေးမြန်မာမင်းများလက်ထက်က မြန်မာစစ်သား တစ်ယောက်သည် စစ်တိုက်သွားရာမှ တပ်ပျက်၍ ပြန်လာသော အခါ ပင်လယ်ကမ်းခြေ၌ တစ်ခုသော ရွာသို့ရောက်သွားလေသည်။ ထိုရွာ၌ သူ၏မယားဟောင်းနှင့်တူသော မိန်းမ တစ်ယောက်ကိုတွေ့ရ၍ ၎င်းနှင့်ပင် သင့်မျှလျက်နေထိုင်သည်။ ညနေတိုင်း မှောင်ချိန်သို့ရောက်လျှင် ပွဲကြည့်ထွက်ကြဟေ့ ဟု ကြွေးကြော်သံကို ကြားရပြီးနောက် ထိုရွာက လူများမှာ ရွာအပြင်သို့ ပွဲကြည့်ရန် ထွက်သွားကြသည်။ ထိုစစ်သားကို သူ၏ မိန်းမက ပွဲကြည့်လိုက်မည်လားဟု မေးသောအခါ လိုက်မည်ဟု ပြောလျှင် ထိုစစ်သားမှာ ချက်ခြင်းပင် အိပ်မောကျ သွားသည်။ မလိုက်ဘူးဟု ပြောလျှင်တော့ ဘာမျှမဖြစ်ဘဲ ပကတိအတိုင်းပင်ရှိသည်။ နေ့ရက်ပေါင်း များလာသောအခါ ထိုစစ်သားမှာ "ပွဲကလည်း ကြည့်ကြလှပါတကား"ဟု မယုံသင်္ကာဖြစ်လာသည်။ ထို့ကြောင့် နောက်တနေ့မှာ ပွဲကြည့်လိုက် မလားဟု မေးသောအခါ ထိုစစ်သားက မလိုက်ပါဘူးဟု လိမ်လည်ပြောပြီးလျှင် ပွဲကြည့်သွားကြသော သူများကို နောက်မှ တိတ်တဆိတ်လိုက်ပြီး ကြည့်ရှုစုံစမ်းသည်။ ထိုအခါ ပွဲကြည့်ရန်သွားကြသော သူများမှာ မီးပုံကြီးထဲသို့ ခုန်ခုန်ချပြီး ဒုက္ခခံနေရသည်ကို တွေ့မြင်ရသည်။ ထိုနေရာကို မှတ်သား၍ ပြန်လာခဲ့သည်။ နောက်တနေ့ နေ့လည်မှာ ထိုနေရာကို သွားကြည့်သောအခါ မီးတောက်ကိုတော့ မတွေ့ရ၊ တွင်းထဲမှ မီးခိုးထွက်နေသည်ကိုသာ တွေ့ရသည်။ ထိုအခါ "ငါဟာ အသုရကာယ် ငရဲဘုံကို ရောက်နေပြီ"ဟု ယူဆပြီးလျှင် ထိုစစ်သားမှာ ထိုရွာမှ ထွက်ပြေးလာခဲ့သည်။

အထက်ပါဝတ္ထုကို မော်လမြိုင်မြို့ တောင်ဝိုင်းကြီး ပုဗ္ဗာရုံဆရာတော်ကြီးထံမှ ကြားရသည်။ ၎င်းဆရာတော်ကြီးမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက ပြန်လွန်တော်မူသွားလေပြီ။

## ပါမီကဆန်မြို့ တရားပွဲ

၂–နာရီ ၃၅–မိနစ်မှာ ထိုမီးတွင်း၌ာနမှ ထွက်လာရာ ပါမီကဆန်မြို့ကို ဖြတ်ကျော်ပြီးနောက် ၃–နာရီအချိန်မှာ ပင်လယ်ကမ်းခြေအနီး တရုပ်ဘုရားကျောင်းသို့ ရောက်သည်။ ထိုကျောင်းမှာ တည်းကြရသည်။ ည ၈–နာရီမှာ ပါမီကဆန် မြို့ထဲသို့ သွားရ၍ တရားဟောကြသည်။ ပရိသတ် ၆၀–လောက်သာ ရှိသည်။ ည ၁၂–နာရီမှာ တည်းခိုရာ တရုပ်ကျောင်း သို့ ပြန်ရောက်သည်။

(၈–၆–၅၉) နယုန်လဆန်း ၃–ရက်နေ့ နံနက် ၇–နာရီမှာ ထို၌ာနမှ ပြန်လာကြသည်။ ၁၀–နာရီမှာ မခုရာ ဆိပ်ကမ်းမှ သင်္ဘောကလေးထွက်သည်။ လေထန်၍ လှိုင်းကြီးသည်။ သင်္ဘောကလေးတောင်မှ လူးလိမ့်နေသေးသည်။ မော်တော်သမ္ဗန်ကလေးနှင့်ဆိုလျှင် စိုးရိမ်စရာပင်။ ၁၀–နာရီခွဲမှာ စုရာဘယာဘက်သို့ ရောက်သည်။

## မဟာစည်ဆရာတော်၏ သီးခြားတရားပွဲ

(၈–၆–၅၉) ထိုနေ့က အထူးတောင်းပန်ထားသောကြောင့် စုရာဘယာမြို့တော်ရုံ၌ ည ၇–နာရီမှာ မဟာစည် ဆရာတော်က ဝိပဿနာ တရားကို ပါဠိဘာသာဖြင့် တဝါကျခြင်း ဖြတ်၍ဖြတ်၍ ဟောသည်။ အရှင်ဝိယဒဿီက အင်္ဂလိပ် ဘာသာပြန်သည်။ အရှင်ဇိနရက္ခိတက အင်ဒိုနေးရှားဘာသာပြန်သည်။ ၂–နာရီခန့်ကြာသည်။ ထိုနောင် အမေးများကို ဖြေရှင်းပြသည်။ ပရိသတ် ၅၀၀–ကျော်လောက် ရှိသည်။ ၁၁–နာရီမှာ ဘဝတုသဗ္ဗမင်္ဂလံ စသော ဂါထာတို့ဖြင့် သံဃာတော်များက ရွတ်ဆို၍ တရားပွဲကို သိမ်းသည်။ တရားပွဲသိမ်းပြီးမှပင် ပရိသတ်များပြန်ကြသည်။ အခြားဘာသာဝင် များပါ စိတ်ဝင်စားကြဟန် လက္ခဏာရှိသည်။

## ဗုဒ္ဓဘာသာဝင်တစ်သန်းခွဲ

(၉–၆–၅၉) နယုတ်လဆန်း ၄–ရက်နေ့ နံနက် ၇–နာရီခွဲမှာ စုရာဘယာမှ ကား ၃–စီးဖြင့် ဘိုဆာရီတောင်စခန်းသို့ လိုက်ပို့ကြသည်။ ၉–နာရီမှာ ကားမှ ဆင်း၍ တစ်မိုင်လောက် လမ်းလျှောက်သွားရသည်။ ထိုတောင်မှာ ပေ–၇၀၀၀ကျော် မြင့်သည်။ ထိုတောင်တဝိုက်က လူများမှာအားလုံး ဗုဒ္ဓဘာသာဝင်တွေချည်းဖြစ်သည်။ လူဦးရေလည်း တစ်သန်းခွဲရှိသည်ဟု အရှင်ဇိနရက္ခိတက ပြောသည်။ ထိုစကားကို ကြားရသောအခါ သာသနာပြုဆရာတော်များမှာ စိတ်အားတက်လာသည်။ အကြောင်းမှာ ဗာလီကျွန်း၌ လှုပ်လှုပ်ရွရွနှင့် တွေ့ရသော လူတိုင်း ဟိန္ဒူဘာသာဝင်တွေ ဖြစ်နေသည်။ မဓုရာကျွန်းနှင့် ဂျာဝါးကျွန်း အခြားနေရာများ၌ မူစလင်ဘာသာဝင်တွေချည်းလိုလို ဖြစ်နေသည်။ သို့ဖြစ်နေရာထဲမှ ထိုတောင်တဝိုက် နယ်ပယ်တွင် ဗုဒ္ဓဘာသာဝင်တွေ တစ်သန်းခွဲလောက် အစုလိုက် ရှိနေသေးသည်ကို မမျှော်လင့်ဘဲနှင့် ကြားသိရသောကြောင့် ဖြစ်ပေသည်။

ကားက ဆင်းလိုက်သည်နှင့် တပြိုင်နက် ဘိနပ်မပါဘဲ ခပ်သုတ်သုတ်နှင့် သွားလာနေကြသော ယောကျ်ား မိန်းမတော်တော်များများကို တွေ့ရသည်။ စားသောက်ရေးအတွက် အလျင်အမြန် သွားနေကြရဟန် တူပေသည်။ ၎င်းတို့မှာ ထိုတောင်ပေါ်က ဗုဒ္ဓဘာသာဝင်များပင်ဖြစ်သည်။ သို့သော် ၎င်းတို့မှာ ရဟန်း သံဃာများအား အရိုအသေပြုရမှန်း ရှိခိုးရမှန်းလည်း မသိရှာကြ၊ ရဟန်းသံဃာဟူ၍လည်း သိကြဟန်မတူပေ။ မြင်ဘူးကြဟန်လည်း မတူပေ။ မိနစ် ၃၀–လောက် လျှောက်၍ တက်သွားမိသောအခါ ဝေါနောကီတြိ (ဝနကိတ္တိ)ခေါ် တောင်ပေါ်ရွာကလေး၏ စာသင်ကျောင်းသို့ ရောက်သည်။ ထိုရွာက ရွာသူကြီးနှင့် ကျောင်းဆရာများက သာသနာ့အလံများနှင့် ကြိုဆိုသည်။

အရှင်နာရဒမထေရ်က ကျောင်းသားကလေးများကို ခေါ်၍ မေးမြန်းကြည့်သည်။ ထိုခလေးများမှာ ဗုဒ္ဓဘာသာဟု ဝန်ခံကြသော်လည်း ဗုဒ္ဓဆိုတာ ဘယ်လိုပုဂ္ဂိုလ်ဟူ၍လည်း မသိကြ၊ ဗုဒ္ဓဘာသာကျင့်ဝတ်ကိုလည်း မသိကြ၊ ဗုဒ္ဓံသရဏံဂစ္ဆာမိကိုလည်း မဆိုတတ်ကြ၊ နမောတဿ ဘုရားရှိခိုးကိုလည်း မရကြ၊ နမောဗုဒ္ဓါယကိုပင် မရကြ၊ အခြားဘာသာဝင် မဖြစ်ရုံမျှသာ ရှိရာကြသည်။ အလွန်ပင် သနားစရာကောင်း၏။ ထို့ကြောင့် အရှင်နာရဒမထေရ်က ၎င်းတို့အား နမောဗုဒ္ဓါယကို သင်ပေးသည်။ ဗုဒ္ဓံသရဏံဂစ္ဆာမိ စသော သရဏဂုမ်ကိုလည်း သင်ပေးသည်။ အနက်အဓိပ္ပါယ်ကိုလည်း ပြောပြသည်။ ၁–နာရီလောက် သင်ပြပေးရာ ကလေးတွေမှာ သိနားလည်မှု တော်တော်ရသွားသည်။ ဝမ်းမြောက်ဘွယ်ပင်။ ထိုဒေသက လူများမှာ မဟာယာန အဆက်အနွယ်များ ဖြစ်ပေလိမ့်မည်။ သို့သော် ၎င်းတို့မှာ ယခုနေအခါ၌ မဟာယန အစွဲအလမ်း ရှိကြဟန် မတူပေ၊ ထေရဝါဒ ဗုဒ္ဓဘာသာတရားကို ဟောပြမည့်သူရှိလျှင် လက်ခံနိုင်မည့် လက္ခဏာရှိပေသည်။ ထို့ကြောင့် အရှင်ဇိနရက္ခိတက ထိုအရပ်၌နေရန် စဉ်းစားထားကြောင်းပြောသည်။ မဟာစည်ဆရာတော်ကလည်း ထိုအရပ်၌နေ၍ သာသနာပြုရန် သင့်ကြောင်း အရှင်ဇိနရက္ခိတအား တိုက်တွန်းအားပေးခဲ့သည်။

## ပရိတ်နှင့်ပုလိပ်

စုရာဘယာမှ ယူဆောင်ခဲ့သော ဆွမ်းထုပ်များကို နေ့ဆွမ်းအဖြစ် ဘုဉ်းပေးကြပြီးနောက် ပြန်ခါနီးတွင် ပရိတ်ရွတ်ဖတ် ချီးမြှောက်ရန် စုဝေးကြသည်။ ထိုအချိန်၌ ပုလိပ်များ ရောက်လာပြီးလျှင် ထိုဌာနက ခေါင်းဆောင်လူကြီးအား ခေါ်ယူ၍ မေးမြန်းစစ်ဆေးနေသောကြောင့် ပရိတ်မရွတ်ရဘဲ ဆိုင်းငံ့နေရသည်။ အကြောင်းမှာ အင်ဒိုနေးရှား၌ အစည်းအဝေးလုပ်လိုလျှင် ဖြစ်စေ တရားပွဲလုပ်လိုလျှင်ဖြစ်စေ အမိန့်ယူပြီးမှ လုပ်နိုင်ခွင့်ရှိသည်။ ထိုအရပ်၌ တရားပွဲ ကျင်းပရန် ရည်ရွယ်ချက် မရှိသောကြောင့် ထိုနေ့က အမိန့်တောင်းယူမထားခဲ့။ ထို့ကြောင့် ပရိတ်ရွတ်ရန် စုဝေးနေသည်ကိုပင် အစည်းအဝေးပွဲ တရားပွဲ ကျင်းပနေသည်ဟု ထင်မှတ်သောကြောင့် ထိုကဲ့သို့ မေးစစ်နေခြင်းဖြစ်ပေသည်။

ထိုအခါ အရှင်နာရဒမထေရ်က အစည်းအဝေးလည်း မဟုတ် တရားပွဲလည်းမဟုတ် လူအများဘေးရန်ကင်းအောင် ပရိတ်မန္တန်ရွတ်ဖတ်ရန်မျှသာ ဖြစ်ကြောင်းရှင်းပြပြီးလျှင် ထိုသို့ ပရိတ်မန္တန်ရွတ်ခြင်းကို တရားဥပဒေက တားမြစ်ပါသလားဟု မေးမြန်းသည်။ ဂါဇာနာဟုခေါ်သော ပုဂ္ဂိုလ်က မတားမြစ်ကြောင်း ပြန်ကြားသည်။ ဘုရားကားများ တရားစာအုပ်ကလေးများ ဝေငှခြင်းကိုကော ဥပဒေက တားမြစ်ပါသလားဟု တဖန်မေးသည်။ မတားမြစ်ကြောင်း ပြန်ကြားသည်။ ထိုအခါ အရှင်နာရဒမထေရ်က ကျေးဇူးတင်ပါတယ်ဟု ပြောပြီးလျှင် ဘုရားကားနှင့် စာအုပ်ကလေးများကို ထိုဂါဇာနာမှစ၍ တစ်ကားစီ တစ်အုပ်စီ ဝေငှလိုက်သည်။ ထိုအခါကျမှ အားလုံးပြေရှင်းသွားပေတော့သည်။ ထို့ပြင် အင်ဒိုနေးရှားနိုင်ငံ၌ နိုင်ငံခြားသားများ လိုက်နာရသည့် အခြားတာဝန်တစ်ခုလည်း ရှိသေးသည်။ ၎င်းမှာ ရောက်ရာရောက်ရာ မြို့တိုင်း၌ အကြောင်းအရာများကို ဖေါ်ပြ၍ ကိုယ်တိုင်လက်မှတ်ထိုးပြီး ပုလိပ်ဌာနသို့ တိုင်ကြားပေးပို့ရခြင်းဖြစ်သည်။ သာသနာပြုဆရာတော်များမှာ တစ်နေ့လျှင် တမြို့လိုလိုပင် ပြောင်းရွှေ့နေရသဖြင့် နေ့တိုင်းလိုလိုပင် လက်မှတ်ထိုးပေးနေရသည်။ ထို့ပြင် လာရောက်စစ်ဆေးပါက ဘယ်အချိန်မဆို အသင့်ထုတ်ပြနိုင်စေရန် ပါတ်စ်ပို့ လက်မှတ်ကိုလည်း သွားလေရာရာ အသင့်ယူဆောင်သွားရသည်။

ပေါ်နောကီတြိရွာ စာသင်ကျောင်း၌ ပရိတ်ရွတ်ဖတ်ချီးမြှောက်ပြီးလျှင် ထိုတောင်ပေါ်မှ ဆင်းခဲ့ကြသည်။ မွန်းလွဲ ၂–နာရီမှာ ပစုရုဝမ်ခေါ် ပင်လယ်ကမ်းစပ်မြို့သို့ ရောက်သည်။ ထိုမြို့၌ အနည်းငယ် ဟောပြောပြီးလျှင် နောက်ပါ ၄–ပါး နှင့်တကွ အရှင်နာရဒမှာ စုရာဘယာသို့ ပြန်ကြွလေသည်။ ယိုးဒယားဆရာတော် အရှင်ဝိသာလ သမဏဂုဏ၊ သီဟိုဠ်အရှင်ပိယဒဿီ၊ အင်ဒိုနေးရှား အရှင်ဇိနရက္ခိတနှင့် မဟာစည်ဆရာတော်တို့မှာ မာလံမြို့သို့ ထွက်ခဲ့ကြသည်။ ထိုမြို့သို့ ရောက်ခါနီးတွင် လမ်းဘေး ခပ်လှမ်းလှမ်း ကုန်းမြင့်၌ အရှင်ဇိနရက္ခိတ၏ ကျောင်းငယ်ကလေးကို တွေ့ရသည်။ ၄–နာရီ ၂၀–မိနစ်မှာ မာလံမြို့သို့ရောက်သည်။ ညမှာ တရားဆွေးနွေးပွဲလုပ်သည်။

## မိုဂျိုကာရ်ဘိုမြို့တရားပွဲ

(၁၀–၆–၅၉) နယုတ်လဆန်း ၅–ရက်နေ့ နံနက် ၁၀–နာရီမှာ တည်းအိမ်ရှင်က ပရိတ်အသံ သွင်းယူပြီး နေ့ ၁–နာရီမှာ ကားနှစ်စင်းနှင့် လိုက်ပို့ကြသည်။ ၃–နာရီ ၄၅–မိနစ်မှာ မိုဂျိုကာရ်ဘိုမြို့သို့ ရောက်သည်။ သီလယူသူ တော်တော်များသည်။ ည ၈–နာရီမှာ တရားဟောသည်။ ၁၁–နာရီ ပြီးသည်။ ပရိသတ် ၄၀၀–လောက်ရှိသည်။ မူစလင်များသည်။ နောက်တနေ့ နံနက်မှာ အရှင်ဇိနရက္ခိတ၏ တရားဟောရာ ကမ္မဋ္ဌာန်းပေးရာ ကျောင်းကလေးသို့ သွား၍ကြည့်ကြသည်။ ဘုရားတစ်ခု အိပ်ခန်းတစ်ခုနှင့် ဓမ္မာရုံခန်းကျယ်တစ်ခုရှိသည်။

(၁၁–၆–၅၉) နယုတ်လဆန်း ၆–ရက်နေ့ မွန်းလွဲ ၁–နာရီမှာ ထိုမြို့မှ ထွက်ခဲ့ကြသည်။ ၃–နာရီမှာ ကေဒီရိမြို့သို့ ရောက်သည်။ ထိုမြို့၌ ၅–နာရီမှာ တရားဟောပြီးလျှင် ၆–နာရီခွဲမှာ ထွက်ခဲ့ကြသည်။ ၇–နာရီခွဲမှာ တူလံအဂုံမြို့သို့ ရောက်သည်။ ၈–နာရီခွဲမှာ တရားဟောသည်။ ၁၁–နာရီမှာ ပြီးသည်။ ပရိသတ် ၃၀၀–လောက်ရှိသည်။

## ဝိဟာရဗုဒ္ဓဂယာသို့ ပြန်ရောက်ခြင်း

(၁၂–၆–၅၉) နယုတ်လဆန်း ၇–ရက်နေ့နံနက် ၈–နာရီခွဲမှာ ထိုမြို့မှ ထွက်ခဲ့ကြသည်။ ၁၁–နာရီမှာ မဒိယန်မြို့သို့ရောက်သည်။ တရုပ်ဥပါသကာ အိမ်က ဆွမ်းကပ်သည်။ ဗမာဟင်းနှင့်တူသည်။ ၁၂–နာရီခွဲမှာ ၎င်းမှ ထွက်ခဲ့ကြသည်။ ၂–နာရီခွဲမှာ ဆိုလို ဟူ၍လည်း ခေါ်သော ဆူရ်ကာရ်တာမြို့ အာနန္ဒ၏အိမ်သို့ ရောက်သည်။ ဤအာနန္ဒမှာ အရှင်နာရဒ၏ ဘာသာပြန် ဒါယကာဖြစ်သည်။ ၎င်းအိမ်၌ အရှင်ဇိနရက္ခိတ၏ ဝိဟာရရှိသည်။ ထိုအိမ်မှ ၃–နာရီခွဲမှာ ထွက်လာရာ ဆမာရမ်မြို့ ဝါ့တုဂုံအရပ် ဝိဟာရဗုဒ္ဓဂယာသို့ ညနေ ၅–နာရီမှာ ရောက်သည်။ အရှင်နာရဒတို့ အဖွဲ့ကလည်း စုရာဘယာ ဘလိုရာ ရင်ဘန်းမြို့များ၌ တရားဟောခဲ့၍ ထိုနေ့က ဗုဒ္ဓဝိဟာရဂယာသို့ ရှေးဦးစွာရောက်နေနှင့်သည်။ ည ၇–နာရီခွဲမှာ ဆမာရမ်မြို့ထဲ၌ မဟာစည်ဆရာတော်က သီလပေး၍ အရှင်နာရဒက တရားဟောသည်။ ၁၁–နာရီခွဲမှာပြီးသည်။

(၁၃–၆–၅၉) နယုန်လဆန်း ၈–ရက်နေ့ ည ၇–နာရီမှာ သီဟိုဠ်ဆိုဖီအသင်းတိုက်၌ မဟာစည်ဆရာတော်က သီလပေး၍ အရှင်နာရဒက အဘိဓမ္မာတရားကို ဟောသည်။ ဟောချိန်ကို ၂–နာရီသာ ကန့်သတ်ထားသဖြင့် ၉–နာရီမှာ ပြီးသည်။ သဘောကျကြဟန် လက္ခဏာရှိသည်။

## နယ်လှည့်အဖွဲ့ ၂–စုခွဲ၍ ထွက်ပြန်ခြင်း

(၁၄–၆–၅၉) နယုန်လဆန်း ၉–ရက်နေ့မှာ အရှင်နာရဒတို့အဖွဲ့က အနောက်မြောက်ပိုင်းသို့ တရားဟော လှည့်ရန် ထွက်ခွါသွားသည်။ မဟာဆရာတော်တို့ အဖွဲ့က အနောက်တောင်ပိုင်းသို့ လှည့်ရန် နေ့ ၁၂–နာရီခွဲမှာ ထွက်ခွါခဲ့သည်။ ၂–နာရီ ခွဲမှာ မူတီလန်မြို့ကလေးသို့ ရောက်သည်။ ည ၈–နာရီမှာ တရားဟောသည်။ ၁၀–နာရီမှာ ပြီးသည်။ ပရိသတ် ၁၅၀–လောက် ရှိသည်။

## ဗောရောဗုဒူးကို ဒုတိယအကြိမ်ဖူးမျှော်ခြင်း

(၁၅–၆–၅၉) နယုန်လဆန်း ၁၀–ရက်နေ့ နံနက် ၈–နာရီမှာ ဗောရောဗုဒူးသို့ ဒုတိယအကြိမ် သွားရောက်ဖူးမျှော်ကြသည်။ စေတီတော်ကြီး၏ အရှေ့မြောက်ထောင့်၌ လွန်ခဲ့သော ၂၅–နှစ်က (ယခုအင်ဒိုနေးရှား၌ ဟောပြော သာသနာပြုလျက်ရှိသော) အရှင်နာရဒမထေရ် သီဟိုဠ်မှ ပင့်ဆောင်စိုက်ပျိုးထားသော ဗောဓိညောင်ပင်ရှိသည်။ ထိုညောင်ပင်အောက်မှာ မူတီလန်မြို့မှ ယူဆောင်ခဲ့သော ဆွမ်းထုပ်များကို နေ့ဆွမ်းအဖြစ် ဘုဉ်းပေးကြသည်။

## အစိုးရက စောင့်ရှောက်ထားခြင်း

ဗောရောဗုဒူး စေတီကို အင်ဒိုနေးရှားအစိုးရက ရှေးဟောင်းပစ္စည်းအဖြစ်ဖြင့် သိမ်းပိုက်စောင့်ရှောက်ထားသည်။ ရေညှိချေးများ သုတ်သင်နေကြသည်ကိုလည်း တွေ့ခဲ့ရသည်။ ရှေးဟောင်းကြည့်ရှုဘွယ် အဖြစ်ဖြင့် ကြည့်ရှုသူတို့လည်း မနည်းလှပေ၊ ၃–နာရီလောက် အတွင်းမှာပင် ကားကြီးကားငယ် ၁၀–စီးလောက် တွေ့ခဲ့ရသည်။ ၎င်းအကြည့်အရှုလာသူတို့ အတွက် တည်ခင်းရောင်းချနေသော ဈေးဆိုင်ကလေးများပင် ၅–ဆိုင်လောက်ရှိနေသည်။ ထိုစေတီ၌ာန၌ စောင့်ရှောက်ရန် အစိုးရက ခန့်ထားသော အကြီးအမှူးအရာရှိတစ်ဦးကိုလည်း တွေ့ရသည်၊ ၎င်းထံမှ သစ်သားဖြင့် လုပ်ထားသော ဗောရော ဗုဒူးစေတီကြီးပုံတူကိုလည်း ခွင့်တောင်း၍ကြည့်ရှုခဲ့ရသည်။ ထိုသို့ကြည့်ရှုပြီးနောက် ကျေးဇူးတင်ကြောင်း ပြောကြားပြီး လျှင် အရှင်ပိယဒဿီက ထိုအရာရှိအား အောက်ပါအတိုင်း အကြံဉာဏ်ပေးခဲ့သည်။

## အရှင်ပိယဒဿီ၏ အကြံပေးချက်

"ဗောရောဗုဒူးစေတီတော်ကြီးမှာ ကမ္ဘာပေါ်တွင် အလွန်ကြီးကျယ်ခမ်းနားသော စေတီတော်ကြီးဖြစ်ပါသည်။ သီဟိုဠ်မှာ မဟာစေတီကဲ့သို့၎င်း၊ မြန်မာပြည်မှာ ရွှေတိဂုံစေတီတော်ကြီးကဲ့သို့၎င်း၊ ယိုးဒယားမှာ နခွန်ပထုံ စေတီတော်ကြီး ကဲ့သို့၎င်း၊ ဂျပန်မှာ ကမကုရဆင်းတုတော်ကြီးကဲ့သို့၎င်း၊ အင်ဒိုနေးရှားပြည်အတွက် အဘိုးမဖြတ်နိုင်သော ရှေးဟောင်း အမွေအနှစ် ဖြစ်ပါသည်။ ကမ္ဘာမှာ အင်ဒိုနေးရှားပြည် ထင်ရှားကျော်စောနေရာတွင်လည်း ဒီစေတီတော်ကြီးက ပြခန်း သော အကြောင်းတစ်ခုဖြစ်နေပါသည်။ အင်ဒိုနေးရှားသို့ လာကြသည့်နိုင်ငံခြားသားများကို ဘယ်အတွက်လာကြသလဲလို့ ကျွန်ုပ် မေးကြည့်ပါသည်၊ ၎င်းတို့က ဗောရောဗုဒူးကို ကြည့်ဘို့လာသည်ဟု အဖြေပေးကြပါသည်။ ဒါကြောင့် ဒီစေတီကြီးကို အထူးဂရုပြု၍ စောင့်ရှောက်သင့်ပါသည်။ အင်ဒိုနေးရှားအစိုးရက စောင့်ရှောက်နေသည်ကို ကြားသိရ၍ ဝမ်းသာပါသည်၊ ကျေးဇူးလည်းတင်ပါသည်။ ကျွန်ုပ်ကလည်း အကြံဉာဏ်ပေးလိုပါသည်၊ ဘုရားဖူးရန် ကြည့်ရှုရန် လာသောသူတို့အတွက် အိမ်သာများ လုံလောက်အောင် ထားသင့်ပါသည်။ (၂၂–၅–၅၉)နေ့၌ ဝေသာခပွဲကျင်းပစဉ်တုန်းက လူတွေအများကြီးလာကြပါသည်။ ပုလိပ်၌ာနမှ ပြောဆိုချက်အရဖြင့် ခြောက်သောင်း (၆၀၀၀၀)လောက်လာသည်ဟု သိရပါသည်။ ထိုစဉ်အခါက အချို့လူတွေဟာ ချောင်ကျသည့်နေရာများတွင် ကျင်ငယ်စွန့်နေသည်ကို တွေ့ရပါသည်။ ထို့ပြင် စေတီပေါ်သို့ ဘိနပ်တွေနှင့် စီးပြီးတက်ကြပါသည်။ ဘိနပ်နှင့်ထိပါးတိုက်ခိုက်ဖန်များလျှင် ကျောက်တွေဟာ တဖြည်းဖြည်းပွန်းပဲ့ ပျက်စီးသွားနိုင်ပါသည်။ ဒါကြောင့် အကြည့်အရှုလာတဲ့လူတွေက စေတီပေါ်မှာ ဘိနပ်စီးတက်ခွင့် မပြုသင့်ဘူးလို့ ထင်ပါသည်၊ အဲဒါကို အထက်အစိုးရများအား ပြောပြလျှင်ကောင်းပါလိမ့်မည်"ဟု အကြံပေးပြီးလျှင် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌လည်း ရေးခဲ့သည်။

## မဂလန်မြို့သို့ ရောက်ခြင်း

နေ့ ၁၂–နာရီခွဲမှာ ဗောရောဗုဒူးမှ ထွက်ခဲ့သည်။ ၁–နာရီမှာ မဂလန်မြို့သို့ရောက်သည်။ ညနေ ၅–နာရီမှ ၆–နာရီ အထိ မေတ္တာကမ္မဋ္ဌာန်းကို အရှင်ပိယဒဿီကပေးသည်။ လာရောက်အားထုတ်သူ ၁၅–ယောက်ရှိသည်၊ ည ၈–နာရီမှာ တရားဟောသည်၊ ၁၀–နာရီပြီးသည်။ ပရိသတ် ၂၀၀–လောက်ရှိသည်၊ နောက်တနေ့ နံနက် ၇–နာရီခွဲမှာ တည်းအိမ်မှ တစ်မိုင်လောက် ဝေးသော အာသောကဝိဟာရသို့ ခြေလျင်လျှောက်သွားကြသည်၊ ၎င်းဝိဟာရမှာ ဆေးပြင်းလိပ် ကုမ္ပဏီပိုင် အိမ်ကြီးအပေါ်ထပ်၌ အခန်းတစ်ခုမျှ ဖြစ်သည်၊ အရှင်ဇိနရက္ခိတသည် ထိုဝိဟာရ၌ တခါတရံ သီတင်းသုံးလျက် တရားဟောခြင်း၊ တရားဆွေးနွေးခြင်း၊ တရားအားထုတ်ခြင်းများကို ပြုကြသည်၊ ထိုဝိဟာရ၌ သီလပေး၍ ပရိတ်ရွတ်ပြီး လျှင် အရှင်ပိယဒဿီက အနုမောဒနာ တရားအနည်းငယ်ဟောသည်။ ထိုနောက် အထူးတောင်းပန်သောကြောင့် မဟာစည်ဆရာတော်က နတ်ပြည်က မှာလိုက်သော စကား ၃–ခွန်းကို ဖော်ပြ၍ သုဂတိသို့ ရောက်ခြင်း၊ ကောင်းသော ရခြင်းဆိုတဲ့ ပဉ္စမ ၂–မျိုးကတော့ ပြည့်စုံနေပြီးဖြစ်ကြောင်း၊ ထိုဝိဟာရမှာ မှန်မှန်လာရောက်၍ တရားအားထုတ် သွားမည်ဆိုလျှင် ကောင်းစွာတည်တံ့ခြင်းဆိုတဲ့ ကျန်တမျိုးလဲ ပြည့်စုံသွားနိုင်ကြောင်း သို့ဖြစ်၍ ထိုဝိဟာရကို တည်ထောင် ထားရသည်မှာ အကျိုးများကြောင်း စသည်ဖြင့် အားပေးတရားဟောခဲ့သည်။

(၁၆–၆–၅၉) နယုန်လဆန်း ၁၁–ရက်နေ့ မွန်းလွဲ တနာရီခွဲမှာ မဂလန်မှ ကားဖြင့်လိုက်ပို့ကြသည်၊ ၂–နာရီမှာ တမန်ဂုံးမြို့သို့ ရောက်သည်၊ ထိုမြို့၌တည်းအိမ်ရှင်မှာ တရုပ်လူမျိုးမဟုတ် အင်ဒိုနေးရှားအမျိုးသားပင်ဖြစ်သည်၊ ည ၈– နာရီမှာ တရားဟောသည်၊ ပရိသတ် ၂၀၀–ကျော်လောက် ရှိသည်၊ မေးခွန်းနည်းသည်၊ တရား၌ ရိုသေလေးစားကြသည်၊ နောက်ကာလ၌ ဗုဒ္ဓဓမ္မကို လက်ခံနိုင်ကြလိမ့်မည်ဟု မျှော်လင့်ဘွယ်ရှိသည်။

## ဝေါနောဆိုဘိုမြို့သို့ရောက်ခြင်း

(၁၇–၆–၅၉) နယုတ်လဆန်း ၁၂–ရက်နေ့ ၁၂–နာရီမှာ တမန်ဂုံးမှ ထွက်ခဲ့ကြသည်၊ ၁–နာရီမှာ ဝေါနောဆိုဘို ခေါ် တောင်ပေါ်မြို့သို့ ရောက်သည်။ ဝေါနောဆိုဘိုမှာ ဝနသောဘဟူသော ပါဠိမှဖြစ်လာသည်၊ တင့်တယ်သော တောဟု ဆိုလိုသည်၊ အစိုးရ၏ ရက်စ်ဟောက်စ်မှာ တည်းကြရသည်၊ ညနေ ၅–နာရီမှာ မေတ္တာကမ္မဋ္ဌာန်းပေးသည်၊ အားထုတ်သူ ၁၃–ယောက်ရှိသည်၊ ည ၈–နာရီမှာ တရားဟောသည်၊ ၁၀–နာရီမှာ ပြီးသည်၊ ပရိသတ် ၂၀၀–ကျော်လောက်ရှိသည်၊ နောက်တနေ့မှာ ပေ (၆၀၀၀)ကျော်မြင့်သော ဒီရင်တောင်ပေါ်သို့ လိုက်ခဲ့ကြသည်၊ ဝေါနောဆိုဘိုမှ ၁၈–မိုင်လောက် ဝေးသည်၊ ထိုတောင်ပေါ်၌ ဟိန္ဒူအဆောက်အဦ အကြွင်းအကျန်များကို တွေ့ရသည်။

## မဟာစည်ဆရာတော်၏ သီးခြားတရားပွဲ

ထိုနေ့က အထူးတောင်းပန်ထားသောကြောင့် ရက်စ်ဟောက်စ်၌ပင် ည ၈–နာရီမှာ မဟာစည်ဆရာတော်က ဘုရား အကြောင်းနှင့် ဘုရားအဆုံးအမ ၃–ပါးကို အကျဉ်းချုပ်ဟောသည်၊ ထို့နောင် ဥပါသကာကျင့်ဝတ်များကို ဟောပြပြီးလျှင် ဥပါသကာအဖြစ် ခံယူမည့် ပုဂ္ဂိုလ် ၂–ဦးအား သရဏဂုမ်သီလပေးသည်၊ တစ်ဦးကို ဓမ္မကာမဟူ၍၎င်း၊ အခြားတစ်ဦးကို ဓမ္မဒိန္နဟူ၍၎င်း အမည်ပေးခဲ့သည်၊ ပရိသတ် ၃၀–ကျော်ရှိသည်၊ ထိုမြို့၌လည်း နောင်အခါတွင် ဗုဒ္ဓဘာသာဝင်များ တိုးပွါး လိမ့်မည်ဟု မျှော်လင့်ဘွယ်ရှိသည်။

## ငိုဘိုလ်တောရွာတရားပွဲ

(၁၉–၆–၅၉) နယုန်လဆန်း ၁၄–ရက်နေ့ နံနက် ၈–နာရီခွဲမှာ ဝေါနောဆိုဘိုမှ မိုင် (၄၀)ဝေးသော ပူရ်ဝေါရဂျိုမြို့ သို့ ကားနှင့်လိုက်ပို့ကြသည်၊ ၁၀–နာရီ ၁၅–မိနစ်မှာ ရောက်သည်၊ ညနေ ၆–နာရီခွဲမှာ ထိုမြို့မှ ၁၂–မိုင်ဝေးသော ငိုဘိုလ်ခေါ် တောရွာကလေးသို့ တရားဟောရန် သွားရောက်ကြသည်။ ပူရ်ဝေါရဂျိုမြို့မှ လူ ၄၀–လောက် လိုက်ပါလာကြ သည်၊ ထိုရွာ၌ ဗုဒ္ဓဘာသာအသင်းအဖွဲ့ရှိသည်၊ ထိုအဖွဲ့၏ ဥက္ကဋ္ဌမှာ ထိုဌာန၌ အကြီးအကဲရွာသူကြီးပင်ဖြစ်သည်၊ ကော်မတီထဲမှာလည်း ရွာသူကြီး ၅–ဦးပါဝင်သည်။ ထိုအသင်းအဖွဲ့သားအားလုံးမှာ မူစလင်ဘာသာဝင်များဖြစ်ကြသည်၊ ထိုအဖွဲ့ကပင် ဗုဒ္ဓဘာသာ တရားပွဲကျင်းပသည်၊ ည ၇–နာရီခွဲမှာ ထိုအဖွဲ့ဝင်များက ရှေးဦးစွာ မေတ္တာ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ကြသည်၊ ဆရာတော်တို့နှင့် လိုက်ပါလာသော ဗုဒ္ဓဘာသာဝင်များက အသံကျယ်ကျယ်နှင့် တညီတည်း ရွတ်ဆို၍ သီလတောင်းကြသည်၊ မဟာစည်ဆရာတော်က သီလပေးသည်၊ သီလဆောက်တည်သော အသံမှာ ပရိသတ် အားလုံးကို လွှမ်းသွားသည်၊ အားလုံးက မတ်တတ်ရပ်လျက် အရိုအသေပြုနေကြသည်၊ ထိုဗုဒ္ဓဘာသာ အဖွဲ့အား ဗုဒ္ဓဆင်းတုတော် တစ်ဆူကို ပေးအပ်သည်။

ထိုနောင် အရှင်ဝိယဒဿီက "ဗုဒ္ဓဆင်းတုတော်ကို ပေးသည်မှာ ရှိခိုးဘို့မဟုတ်ကြောင်း၊ ထိုဆင်းတုတော်ရှေ့မှာ ထိုင်၍ ဗုဒ္ဓဘုရား ဟောသည့်အတိုင်း တရားအားထုတ်ဘို့ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရားဟာ အလုံးစုံစင်ကြယ်တော်မူ၍ ထိုဗုဒ္ဓ၏ ကိုယ်စားဖြစ်သော ဆင်းတုတော်ရှေ့မှာ တရားအားထုတ်လျှင် စိတ်သန့်ရှင်းစင်ကြယ် သွားနိုင်ကြောင်း၊ စိတ်စင်ကြယ်ဘို့မှာ အရေးအကြီးဆုံးဖြစ်ကြောင်း" စသည်ဖြင့် ထိုဗုဒ္ဓဘာသာအဖွဲ့ဝင် မူစလင်တို့အား တရားဟောသည်၊ ပရိသတ်မှာ ၃၀၀–ကျော်လောက်ရှိသည်၊ ခေါင်းငြိမ့်လျက် ငြိမ့်လျက် ရှိသေစွာနာနေကြသည်ကို တွေ့ရသည်။ လာရောက် ကြည့်ရှုကြသော ကလေးသူငယ်များလည်း ငြိမ်သက်တိတ်ဆိတ်စွာ ကြည့်ရှုနားထောင်နေကြသည်၊ ၁၀–နာရီမှာ ပြီးသည်၊ ၁၁–နာရီမှာ ပူရ်ဝေါရဂျိုမြို့ တည်းအိမ်ပြန်ရောက်ကြသည်။

(၂၀–၆–၅၉) နယုန်လပြည့်နေ့ ညနေ ၅–နာရီမှာ မေတ္တာကမ္မဋ္ဌာန်းပေးသည်၊ အားထုတ်သူ ၁၄–ယောက်ရှိသည်။ ည ၈–နာရီခွဲမှာ တရားဟောသည်၊ ၁၁–နာရီပြီးသည်။

## ကုတောအာရ်ဂျိုမြို့သို့ ရောက်ခြင်း

(၂၁–၆–၅၉) နယုန်လဆုတ် ၁–ရက်နေ့ နံနက် ၈–နာရီမှာ ၈–မိုင်ခန့်ဝေးသော ကုတောအာရ်ဂျိုမြို့သို့ ကားနှင့် လိုက်ပို့ကြသည်၊ အာနန္ဒ၏ အိမ်၌တည်းခိုကြရသည်၊ ဤအာနန္ဒမှာ အရှင်ဝိယဒဿီ၏ ဘာသာပြန် လူငယ်တစ်ဦး ဖြစ်သည်၊ ထိုအိမ်၌လည်း အရှင်ဇိနရက္ခိတ၏ ဝိဟာရကလေးတစ်ခုရှိသည်၊ ည ၇–နာရီခွဲမှာ တရားဟောသည်၊ ၁၁–နာရီ မှာ ပြီးသည်၊ ပရိသတ် ၄၀၀–လောက်ရှိသည်။

## မီးရထားခေါင်းတွဲပြုတ်သွားခြင်း

(၂၂–၆–၅၉) နယုန်လဆုတ် ၂–ရက်နေ့ နံနက် ၈–နာရီ ၄၅–မိနစ်မှာ ကုတောအာရ်ဂျိုမြို့မှ မီးရထားဖြင့် ထွက်ခွါခဲ့ကြသည်။ ဆရာတော်တို့ စီးနင်းလိုက်ပါလာသော ရထားတွဲမှာ အဲယားကွန်ဒစ်ရှင်းတွဲဖြစ်သည်။ သို့သော် မြန်မာပြည်က မီးရထားအထက်တန်းတွဲများလောက် ကျယ်ပြန့်သန့်ရှင်းခြင်း မရှိပေ၊ ကြည့်ကျလင်က ဘူတာမှ ထွက်လာပြီးနောက် ညနေ ၆–နာရီ ၁၅–မိနစ်အချိန်၌ အရှိန်နှင့်အလျင်အမြန် ခုတ်မောင်းနေစဉ်မှာ ဒုတ်ဒုတ်ဟုမြည်ပြီး မီးရထားတွဲများ ရပ်တန့်သွားသည် တစုံတရာတော့ ချို့ယွင်းဟန်တူသည်ဟု ယူဆကြပြီးလျှင် အချို့ခရီးသည်များက အောက်သို့ ဆင်း၍ ကြည့်ရှုကြသည်၊ မီးရထားစက်ခေါင်းချည်း ပြုတ်သွားကြောင်း ထိုသူများထံမှ ကြားသိရသည်၊ ထိုအခါ အရှင်ပိယဒဿီက မကြာမီတုန်းကလဲ ဘန်ဒုန်းရောက်ခါနီး တောင်အတက်မှာ ဒီလိုစက်ခေါင်းပြုတ်သွား၍ ခရီးသည်တွေ တော်တော်များများ သေကြေပျက်စီးကြ ဒဏ်ရာရကြကြောင်း ပြောကြားသည်။ ထိုအခါ မဟာစည်ဆရာတော်က "ယခု ခေါင်းတွဲပြုတ်သွားသည်မှာ မြေပြင်ညီညီမှာမို့ တော်ပေသေးသည်။ စောစောတုန်းက တောင်အတက်မှာ ပြုတ်လိုက်လျှင်တော့ ဟိုတခါတုန်းကလိုဘဲ နောက်သို့ပြန်လျှောကျပြီးတော့ သေကြေပျက်စီးကုန်မှာဘဲ"ဟု ထင်မြင်ချက်ပေးသည်။ စက်ခေါင်းပြန်လာ၍ စစ်ဆေးပြီး ပြန်ဆက်နေသည်မှာ မိနစ် ၃၀–လောက်ကြာသွားသည်။ ၆–နာရီ ၄၅–မိနစ်ကျမှ တဖန်ထွက်နိုင်သည်။ ၇–နာရီမှာ ဘန်ဒုန်းသို့ ရောက်သည်။ အသင့်ကြိုနေကြသော ဒါယကာများက ဝိမလဓမ္မဝိဟာရသို့ ပင့်ဆောင်သွားကြသည်။

## ဥပါသကာအဖြစ်ခံယူကြခြင်း

(၂၃–၆–၅၉) နယုန်လဆုတ် ၃–ရက်နေ့မှာ ထိုဝိဟာရ၌ ကမကထပြု၍ ဆောင်ရွက်နေသော ဒါယိကာမ တစ်ယောက်နှင့် အခြားဒါယကာကလေး တစ်ယောက်တို့ ဥပါသကာအဖြစ်ခံယူကြသည်။ မဟာစည်ဆရာတော်က ဥပါသကာ ကျင့်ဝတ်များကို ဟောပြ၍ သရဏဂုမ်သီလပေးသည်။ ည ၈–နာရီတရားပွဲ၌လည်း အထူးတောင်းပန်သောကြောင့် ပလ္လင်ခံ အနုသန္ဓေတရား အနည်းငယ်ဟော၍ အရှင်ပိယဒဿီအား ဆက်လက်၍ ဟောစေသည်၊ ၁၀–နာရီ ပြီးသည်။

## တြိဓမ္မဝိဟာရ

(၂၄–၆–၅၉) နယုန်လဆုတ် ၄–ရက်နေ့ ၁–နာရီခွဲမှာ ဘန်ဒုန်းမှ ကားဖြင့်ထွက်ခွါခဲ့ကြသည်။ ၂–နာရီ ၄၅–မိနစ်မှာ ကျိယံဂျူရ် တြိဓမ္မဝိဟာရသို့ရောက်သည်။ ထိုဝိဟာရနှင့်စပ်ဆိုင်သော အမျိုးသမီး အမျိုးသားတို့သည် ကွန်ဖူးရှပ်ဘာသာ တောင်းဝစ်ဇင်းဘာသာနှင့် ဗုဒ္ဓဘာသာဟူသော တရား ၃–မျိုးကို လက်ခံကျင့်သုံးကြသောကြောင့် ထိုဝိဟာရကို တြိဓမ္မဟု အရှင်ဇိနရက္ခိတက အမည်ပေးထားသည်။ သို့သော် ဗုဒ္ဓဘာသာမှာ ပဓာနဖြစ်ပေသည်။ နောင်ကာလမှာ ပရိသုဒ္ဓဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပေလိမ့်မည်ဟု မျှော်လင့်ရသည်။ ထိုဝိဟာရ၌ ည ၈–နာရီမှာ တရားဟောသည်။ တရုပ်အမျိုးသမီး အမျိုးသား (၆၀)ကျော်လောက် လာရောက်ကြသည်။ သရဏဂုမ်သီလ ယူသူ တော်တော်များသည်။ ၁၀–နာရီမှာ ပြီးသည်။

## သုခဘူမိမှာ ပြီးဆုံးသည်

(၂၅–၆–၅၉) နယုန်လဆုတ် ၅–ရက်နေ့ နံနက် ၉–နာရီခွဲမှာ ကျိယံဂျူရ်မှ ကားနှင့်လိုက်ပို့ကြသည်။ ၁၀–နာရီ ၁၅–မိနစ်မှာ သုခဘူမိမြို့သို့ ရောက်သည်။ ဘန်ဒုန်းမြို့ ကျိယံဂျူရ်မြို့များကဲ့သို့ပင် ရာသီဥတု ချမ်းသာယာသော မြို့ဖြစ်သည်။ ည ၆–နာရီခွဲမှာ တရားဟောသည်။ ပရိသတ် ၂၀၀–လောက်ရှိသည်၊ ၉–နာရီခွဲမှာပြီးသည်။ မဟာစည်ဆရာတော်တို့အဖွဲ့အတွက် နယ်လှည့်တရားဟော အစီအစဉ်မှာ ဤမြို့၌ ပြီးဆုံးသည်။ သုခဘူမိဟူသော အမည်မှာ သုကဘူမိမှ ဖြစ်လာလျှင် ကျေးငှက်တို့၏ နယ်မြေဟု အဓိပ္ပါယ်ရသည်၊ သုက္ကဘူမိမှ ဖြစ်လာလျှင် ဖြူစင်သန့်ရှင်းသော နယ်မြေဟု အဓိပ္ပါယ်ရသည်။ သုက္ခဘူမိမှ ဖြစ်လာလျှင် ခြောက်သွေ့သောနယ်မြေဟု အဓိပ္ပါယ်ရသည်၊ သို့သော် ယခုကာလ ထိုမြို့သားတို့၏ အသံထွက်အတိုင်း သုခဘူမိကိုပင် အတည်ပြု၍ အတိတ်နိမိတ် ကောက်ယူရလျှင် ချမ်းသာရာ နယ်မြေဟု အဓိပ္ပါယ်ရသောကြောင့် မဟာစည်ဆရာတော်တို့အဖွဲ့က တရားဟောလှည့်၍ သာသနာပြုခြင်း ကိစ္စမှာ သတ္တဝါအများ ချမ်းသာရာသို့ ရောက်စေနိုင်အောင် ကျေးဇူးများလိမ့်မည်ဟု ကောက်ယူသင့်ပေသည်။

(၂၆–၆–၅၉) နယုန်လဆုတ် ၆–ရက်နေ့ နံနက် ၇–နာရီမှာ သုခဘူမိမှ ကားဖြင့်ထွက်ခွါခဲ့ကြသည်။ ၉–နာရီ ၁၅–မိနစ်မှာ ဂျကာတာမြို့ သုံထွာကျို၏ အိမ်သို့ရောက်သည်။ အရှင်နာရဒတို့အဖွဲ့မှာလည်း (၂၀–၆–၅၉)နေ့ကပင် ထိုအိမ်သို့ ရောက်နေနှင့်ကြသည်။

## အရှင်ဇိနရက္ခိတ၏ ဇာတိဌာနေ

(၂၇-၆-၅၉) နယုန်လဆုတ် ၇-ရက်နေ့မှာ နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့သို့ ပေးလှူရန် အင်ဒိုနေးရှားဖြစ် ဆင်းတုတော် တစ်ဆူကို အင်ဒိုနေးရှား ဗုဒ္ဓသာသနာအဖွဲ့၏ကိုယ်စား အရှင်ဇိနရက္ခိတက မြန်မာသံရုံးသို့ ပေးအပ်သည်။ ထို့နောက် ဘိုဂိုမြို့ အရှင်ဇိနရက္ခ၏ ဇာတိဌာနသို့ သွားကြသည်။ ညနေပိုင်း၌ ဂျကာတာမြို့သို့ ပြန်လာကြသည်။ အရှင်ဇိနရက္ခိတမှာ ဘန်ဒုန်းမှ စုရာဘယာအထိ ပြန်သွားရန် ကိစ္စရှိနေသောကြောင့် ထိုဘိုဂိုမြို့မှာပင် နေရစ်သည်။

နယုန်လဆုတ် ၈-ရက် ၉-ရက်နေ့များမှာ မဟာစည်ဆရာတော်နှင့်တကွ ဂျကာတာမြို့မှာရှိနေသော သံဃာတော် ၄-ပါးကို မြန်မာသံရုံးမှ နေ့ဆွမ်းကပ်သည်။ ထိုနေ့များတွင် သံမှူးဦးတင်လတ်၏ဇနီး ဒေါ်ခင်ခင်ရီနှင့် အတွင်းဝန် ဦးဖေသန်း၏ဇနီး ဒေါ်အေးရီတို့က ဂျာကာတာမြို့၌ သံဃာတော်များအား ဆွမ်းကပ်ရန် အလွန်ရခဲသော အခွင့်ကို ရကြသဖြင့် မြန်မာဆွမ်းဟင်းအမျိုးမျိုးတို့ကို အထူးတလည် စီမံပြုပြင်၍ ဝမ်းသာအားရ ဆက်ကပ်ကြသည်။ ဦးဖေသန်း၏ သား မောင်ကံမြင့်ကလည်း မဟာစည်ဆရာတော် အလိုရှိနေသော အင်ဒိုနေးရှားအကြောင်း, ဗာလီကျွန်းအကြောင်း စာအုပ် ကလေးများကို ရှာ၍ကပ်လှူသည်။ ၎င်းစာအုပ်များ၏ အကူအညီဖြင့်လည်း ဤမှတ်တမ်းမှာ သာ၍ပြည့်စုံ သေချာစွာ ဖော်ပြနိုင်ပေသည်။ ထိုအာအုပ်များ၌ ပါရှိသော ဗောရောဗုဒူး စေတီတော်ပုံ စသည်တို့ကိုလည်း ဤမှတ်တမ်း၌ ထည့်သွင်း ဖော်ပြခွင့်ရရန် အတွင်းဝန်ဒါယကာ ဦးဖေသန်းက အင်ဒိုနေးရှားအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနမှ ခွင့်တောင်းပေးသည်။ ထိုဓာတ်ပုံများကို ကူးယူ ထည့်သွင်းခွင့်ပြုသည့်အတွက် အင်ဒိုနေးရှားအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနအား အထူးကျေးဇူး တင်သည်။

အရှင်နာရဒမထေရ်နှင့် အရှင်ပိယဒဿီမထေရ်တို့မှာ ဂျကာတာမြို့နှင့် ၎င်း၏အနီးတဝိုက် ဌာနများ၌ တရား ဟောပြောလျက် (၂-၇-၅၉)နေ့ တိုင်အောင် အင်ဒိုနေးရှားမှာပင် နေရစ်ကြသည်။ မဟာစည်ဆရာတော်မှာ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရန် ကိစ္စများ အလုံးစုံပြီးစီးပြည့်စုံပြီ ဖြစ်သောကြောင့် (၂၉-၆-၅၉) နယုန်လဆုတ် ၉-ရက်နေ့ ည ၁၀-နာရီခွဲ အချိန်မှာ အင်ဒိုနေးရှားပြည် ဂျကာတာမြို့ လေဆိပ်မှ ဘီအိုအေစီလေယာဉ်ဖြင့် ထွက်ခွါလာခဲ့သည်။

မြန်မာသံရုံးမှ သံမှူးဦးတင်လတ်, အတွင်းဝန် ဦးဖေသန်း, ဦးထွန်းလွင်နှင့် ဦးထွန်းရွှေတို့က လေဆိပ်သို့ လိုက်ပို့ ကြသည်။ ရဟန်းသစ် ဇိနပုတ္တနှင့် ရှစ်ပါးသီလအမြဲစောင့်ထိန်းနေသူ ဥပါသိကာမ သုသီလာတို့လည်း လေဆိပ်သို့ လိုက်ပို့ကြသည်။ ဦးတင်လတ်နှင့်တကွ သံရုံးအရာရှိများမှာ လေယာဉ်ပျံထွက်သည်တိုင်အောင် စောင့်ကြည့်လျက် လေယာဉ်ပျံကွင်းထဲ၌ ကျန်ရစ်ကြသည်။ သဒ္ဓါတရားထက်သန်စွာနှင့် စိတ်ပါလက်ပါ ဆောင်ရွက်ကြသည်ကို ဆရာတော် က သတိရလျက်ရှိသည်။

ည ၁၂-နာရီ ၁၅-မိနစ်မှာ စင်္ကာပူလေဆိပ်သို့ ရောက်သည်။ လေယာဉ်ပျံရုံအပေါ်ထပ် ဟော်တယ်ခန်းမကြီးထဲ၌ တစ်နာရီလောက်နားနေရသည်။ ၁-နာရီ ၁၅-မိနစ်မှာ တဖန် လေယာဉ်ထွက်သည်။ ၁၃၂၁-ခုနှစ် နယုန်လဆုတ် ၁၀-ရက် (၃၀-၆-၅၉) အင်္ဂါနေ့ နံနက် ၅-နာရီ မိနစ် ၂၀-(ဂျကာတာစံချိန်) မြန်မာစံချိန်အားဖြင့် ၄-နာရီ မိနစ် ၂၀-မှာ မြန်မာပြည် ရန်ကုန်လေဆိပ်သို့ ချောမောစွာ ဆိုက်ရောက်သည်။

ထိုအချိန်၌ လေယာဉ်ပျံရုံကြီးထဲတွင် ကမ္ဘာအေးမှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဉာဏုတ္တရ အမှူးရှိသော သီတင်းသုံးဘော် ရဟန်းတော်များနှင့် ဗုဒ္ဓသာသနအဖွဲ့မှ သက်ဆိုင်ရာ ရုံးသားများ သာသနရိပ်သာမှ တပည့် ရဟန်းတော် များနှင့် ဒါယကာ ဒါယိကာမများက မဟာစည်ဆရာတော်အား အသင့်ကြိုဆိုလျက် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်ကြ သည်။ ၅-နာရီမှာ သာသနာရိပ်သာသို့ ချောမောစွာ ပြန်လည်ဆိုက်ရောက်သည်။

ဤတွင် အင်ဒိုနေးရှားသာသနာပြုခရီးစဉ်မှတ်တမ်းပြီးဆုံးသည်။ တရားမှတ်တမ်းကို နောက်ဆက်တွဲအဖြစ်ဖြင့် ဖော်ပြဦးမည်။

အရှင်သောဘန
မဟာစည်ဆရာတော်
(၂၀-၇-၅၉) ၁၃၂၁-ခု
ဝါဆိုလဆုတ် ၁-ရက်။

## နောက်ဆက်တွဲ တရားတော်များ

အင်ဒိုနေးရှား သာသနာပြုကိစ္စနှင့် စပ်လျဉ်း၍ မဟာစည် ဆရာတော်ပါကြွရောက်လျက် တရားဟောခဲ့ရာ မြို့များမှာ ၃၃–မြို့ရှိ၍ တရားပွဲအကြိမ်ပေါင်းမှာ ၄၀–ကျော်ရှိသည်။ မဟာစည်ဆရာတော်မပါဘဲ အရှင်နာရဒအဖွဲ့ သက်သက်လှည့်လည်၍ ဟောခဲ့သော မြို့များနှင့် တရားပွဲ အရေအတွက်ကိုမူ မည်မျှဟု မသိရပေ။ အကြိမ် ၂၀–ထက် မနည်းရှိမည်ဟု ထင်သည်။ ထိုတရားပွဲတို့တွင် မဟာစည်ဆရာတော် အနည်းငယ်ပါဝင်၍ ဟောရသော တရားပွဲမှာ ၅–ပွဲ ဖြစ်သည်။ သီးသန့်ဟောရသော တရားပွဲမှာ ၃–ပွဲဖြစ်သည်။ အဆိုပါတရားပွဲ ၄၀–ကျော်မှ မှတ်မိသမျှ အချို့ကို ဖေါ်ပြမည်။ သို့သော် ထိုအရပ်ဒေသက ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယအားလျော်စွာ ဟောခဲ့သော ထိုတရားများမှာ မြန်မာပြည်က တရားရေဝနေသော ပုဂ္ဂိုလ်တို့အဖို့ လေးနက်လှမည် မဟုတ်ပေ။ ဗဟုသုတအဖြစ်မျှသာ ရည်ရွယ်သည်။

တရားပွဲ ကျင်းပရာဌာနသို့ သာသနာပြုသံဃာတော်များ အကုန်ပင် ကြွရောက်ကြသည်။ အချိန်ကျသောအခါ သီလယူရန် ကျေညာလိုက်သည်။ ပရိသတ်အားလုံး ထိုင်ခုံမှထ၍ မတ်တတ်ရပ်လျက် အရိုအသေပြုနေကြသည်။ ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများက အသံညီညီရွတ်ဆို၍ သီလတောင်းကြသည်။ အများအားဖြင့် မဟာစည်ဆရာတော်က သီလပေးသည်။ သီလယူပြီးသောအခါ ပရိသတ်များက ပြန်၍ထိုင်ကြသည်။ ထိုနောင် ကြွရောက်လျက်ရှိသော ဆရာတော်များကို မည်သည့်နိုင်ငံက မည်သို့သော ဂုဏ်ထူးရှိသည့် မည်သည့်ဆရာတော်များ ဖြစ်ကြောင်းကို အသီးအသီး ညွှန်ပြ၍ မိတ်ဆက်အနေအားဖြင့် ပြောကြားသည်။ ထိုနောင် အရှင်နာရဒမထေရ်က သို့မဟုတ် အရှင်နာရဒမပါသော တရားပွဲများ၌ အရှင်ပိယဒဿီက အင်္ဂလိပ်ဘာသဖြင့် တဝါကျ နှစ်ဝါကျခြင်း ဟောပြောသွားသည်။ အင်ဒိုနေးရှား ဒါယကာတစ်ဦးဦးကဖြစ်စေ၊ အရှင်ဇိနရက္ခိတကဖြစ်စေ အင်ဒိုနေးရှား ဘာသာပြန်သည်။

## တရားအစပျိုးပုံ

ဒီမြို့ ဒီဌာနမှာ ယခုလိုတရားပွဲကျင်းပပြီး ဗုဒ္ဓဘာသာတရားတော်ကို ဟောခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ တရားပွဲ ဖြစ်မြောက်အောင် ရွက်ဆောင်ကြတဲ့ ဗုဒ္ဓဘာသာ အဖွဲ့ဝင်များကိုလဲ ကျေးဇူးတင်ပါတယ်။ လိုလိုချင်ချင်နဲ့ လာရောက်ပြီး တရားနာကြတဲ့ ပုဂ္ဂိုလ်များကိုလဲ ကျေးဇူးတင်ပါတယ်။ (သာသနာပြု ကိစ္စအတွက် အင်ဒိုနေးရှားဗုဒ္ဓသာသန အဖွဲ့က ပင့်လို့ ဆရာတော်များ ကြွလာရပုံ ရှင်ပြုရဟန်းခံပွဲများ ကျင်းပခဲ့ပုံ၊ ဗောရောဗုဒူး၌ ဝေသာခပွဲ ကျင်းပခဲ့ပုံ၊ ဘုရား အဆုံးအမ ဩဝါဒတော်နှင့်အညီ တမြို့မှတမြို့သို့ လှည့်လည်၍ တရားဟောခဲ့ပုံများကိုလဲ ပြောသည်)။ ငါတို့ ဗုဒ္ဓမြတ်စွာ ဘုရားဟာ အလွန်ကြီးမားတဲ့ မေတ္တာတော် ကရုဏာတော်နဲ့ပြည့်စုံတော်မူပါတယ်။ မြတ်စွာဘုရားမှာ လူဘဝက ရခဲ့တဲ့ သားတော် ရာဟုလာဆိုတာ ရှိပါတယ်။ အဲဒီသားတော် ရာဟုလာလိုပင် သတ္တဝါအားလုံးကိုလဲ ချမ်းသာစေလိုတဲ့ စိတ် ညီတူညီမျှဘဲ ရှိတော်မူပါတယ်။ ဒီလိုအလွန်ကြီးမားတဲ့ မေတ္တာတော် ကရုဏာတော်နဲ့ ဟောထားတဲ့ မြတ်စွာဘုရား တရားတော်ဟာ အလွန်ဘဲ သိမ်မွေ့နူးညံ့ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာတရားကို ကျင့်သုံးနေတဲ့သူတွေမှာ အခြားဘာသာဝင်တွေကို နှောက်ယှက်ဖျက်ဆီးလိုတဲ့ စိတ်မရှိကြဘူး။ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်တွေဟာလဲ အခြားဘာသာတွေကို ဖျက်ဆီးခြင်း မရှိဘဲ အေးချမ်းစွာဖြင့်ဟောပြောပြီး သာသနာပြုခဲ့ကြပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားလက်ထက်တိုင်အောင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ကျော်ကာလကိုပြန်ကြည့်လျှင် ဗုဒ္ဓသာသနာပြု ကိစ္စနှင့်စပ်ပြီး သွေးစွန်းခဲ့တဲ့ ရန်ပွဲဆိုတာ တကြိမ်မျှမဖြစ်ခဲ့သည်ကို တွေ့ရပါတယ်။ ဒါဟာဘာ့ကြောင့်လဲ တရားတော်ကလဲ မေတ္တာကရုဏာနဲ့ ဟောထားလို့ သာသနာပြုတဲ့ ပုဂ္ဂိုလ်တွေကလဲ မေတ္တာ ကရုဏာလက်ကိုင်နဲ့ ပြုလို့ဘဲ မဟုတ်လား။

ဒီအင်ဒိုနေးရှားမှာ သိရီဝိဇယနိုင်ငံတော်ကြီး တည်နေတဲ့ ၇–ရာစုနှစ်မှစပြီး ၁၃–ရာစုတိုင်အောင် ဗုဒ္ဓဘာသာ နိုင်ငံတော် ဖြစ်ခဲ့ကြောင်း ထင်ရှားပါတယ်။ အဲဒီတုန်းက ဗုဒ္ဓဘာသာဝင်တွေဟာ အခြားဘာသာဝင်တွေကို အနှောက် အယှက် မပေးခဲ့ကြဘူး၊ ဘာသာရေးနှင့်စပ်ပြီး သည်းခံမှုရှိခဲ့ကြတယ်။ ယခုလဲ ဆရာတော်တို့ ရောက်လေရာရာမှာ အင်ဒိုနေးရှားက လူတွေဟာ ဘာသာရေးနှင့်စပ်ပြီး သဘောထားကြီးတာကို တွေ့ရတယ်။ ဗုဒ္ဓဘာသာဝင် မဟုတ်ကြပေမဲ့ ဗုဒ္ဓဘာသာတရားကို ရိုရိုသေသေနာနိုင်ကြတယ်။ ဒါဟာ ဟိုရှေးရှေးက ဗုဒ္ဓဘာသာဝင် ဘိုးဘွားဟောင်းများ၏ မျိုးရိုး စိတ်ဓါတ်တွေဘဲလို့ ယူဆနိုင်ပါတယ်။

## ရှိဝဗုဒ္ဓ

ဗာလီကျွန်းတရားပွဲများ၌ အရှင်နာရဒက အောက်ပါ ချီးကျူးစကားကိုလည်း ထည့်သွင်းဟောပြောသွားသည်။

ဗာလီကျွန်းက လူတွေဟာ ရှိဝဗုဒ္ဓကို ကိုးကွယ်တယ်လို့ ဆိုကြတယ်။ ရှိဝဆိုတာ ဟိန္ဒူဘာသာဘုရားဘဲ ဗုဒ္ဓဆိုတာ ဗုဒ္ဓဘာသာဘုရားဘဲ၊ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာနှစ်မျိုးလုံးကို ကိုးကွယ်လာကြလို့ ရှိဝဗုဒ္ဓကို ကိုးကွယ်တယ်လို့ ပြောနေကြတာဘဲ။ ဟိန္ဒူဘာသာက အဟိံသာ မညှင်းဆဲခြင်း သနားကြင်နာခြင်းကို ဓမ္မတရားလို့ ဟောတယ်။ ဗုဒ္ဓဘာသာက မေတ္တာ–သတ္တဝါများကို ချမ်းသာစေလိုခြင်း၊ ချစ်ခင်ခြင်း၊ ကရုဏာ–သနားခြင်း၊ မုဒိတာ–ချမ်းသာကြွဝသောသတ္တဝါတို့အတွက် ကြည်သာဝမ်းမြောက်ခြင်း၊ ဥပေက္ခာ–မချစ်မမုန်းအညီအမျှ နှလုံးသွင်းခြင်းဆိုတဲ့ ဗြဟ္မာ့စိုရတရားကို ဟောတယ်။ ဒီသိမ်မွေ့နူးညံ့တဲ့ ဘာသာတရားတွေကို လက်ခံကျင့်သုံးလာကြတဲ့အတွက် ဗာလီကျွန်းက လူတွေဟာ အကုသိုလ်အပြစ်နည်းကြတယ်။ ပုလိပ်ဌာနမှ ပေးတဲ့သတင်းအရ ဗာလီကျွန်းမှာ လူသတ်မှုဟာ မရှိသလောက်ပင်ရှားတယ်လို့ သိရတယ်။ ဒါကြောင့် ဒီကျွန်းဟာ ရာဇဝတ်ပြစ်မှု ကင်းတဲ့ကျွန်းလို့ ဆိုထိုက်ပါတယ်။ ပြီးတော့ ဒီကျွန်းက လူတွေဟာ သားလိုက်မုဆိုးတွေ မဟုတ်ဘူး။ လယ်သမားတွေဖြစ်တယ်။

## ဘာသာမပြောင်းတဲ့ နိုင်ငံနှစ်နိုင်ငံ

ကမ္ဘာပေါ်မှာ ဟိန္ဒူဘာသာ အပြန့်နှံ့ဆုံး နိုင်ငံဟာ နှစ်ခုရှိတယ်။ တစ်ခုက အိန္ဒိယ မြောက်ဘက် နယ်စပ်က နီပေါနိုင်ငံဖြစ်တယ်၊ ဒိုပြင်နိုင်ငံက ဘယ်ဟာလဲ။ ဒီဗာလီကျွန်းပါဘဲ။ ပြီးတော့ ကမ္ဘာပေါ်မှာ နှစ်ပေါင်း ၂၀၀၀–လောက်အတွင်း ဘာသာ မပြောင်းဘဲ ခိုင်မြဲနေတဲ့ နိုင်ငံ ၂–ခုရှိတယ်။ တစ်ခုက ယိုးဒယား ကမ္ဘောဒီယားနိုင်ငံနဲ့ ဆက်စပ်နေတဲ့ လာအိုနိုင်ငံဘဲ၊ အဲဒီနိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံဖြစ်တယ်။ မင်းပြောင်း မင်းလွဲ ရာဇဝင်ခေတ်တွေက ပြောင်းလွဲသွားပေမယ်လို့ အဲဒီနိုင်ငံကလူတွေဟာ ဘာသာမပြောင်းဘူး၊ ဗုဒ္ဓဘာသာဝင်အဖြစ် ခိုင်မြဲနေတယ်လို့ အမေရိကန်တွေက အသိအမှတ်ပြုထားကြတယ်။ ပြီးတော့ နောက်တစ်နိုင်ငံက ဘယ်ဟာထင်ကြသလဲ။ (ပရိသတ်က စဉ်းစားနေကြသည်) ဒါယကာတို့နဲ့မဝေးဘူးထင်တယ်။ (ခပ်ပြုံးပြုံး ဖြစ်လာကြတယ်) ဒီဗာလီကျွန်းပါဘဲ၊ (သဘောကျကြသည်) ဒီဗာလီကျွန်းက လူတွေကိုလဲ အမေရိကန် သာသနာပြုတွေက ဆွဲဆောင်လို့ မရဘူး၊ မိမိတို့ လက်ရှိဘာသာနဲ့ ခိုင်မြဲနေတယ်လို့ ကြားသိရတယ်။ ဤသို့စသည်ဖြင့် ဗာလီတရားပွဲများ၌ ချီးကျူးပြောဆိုသည်။

## ဗာလီကျွန်း၏ အလေ့ဆိုး

မှတ်ချက် (ဗာလီကျွန်း၌ မကောင်းသော အလေ့တစ်ခုလည်းရှိသည်။ ၎င်းမှာ ကြက်တိုက်ပွဲလုပ်ခြင်းပင်ဖြစ်သည်။ “အိမ်တိုင်းမှာလိုလိုပင် လှောင်ချိုင့်နှင့် တိုက်ကြက်ကို မွေးထားတတ်သည်။ ရွာတိုင်းမှာလိုလိုပင် ကြက်ပွဲ ကျင်းပရာသီးသန့်ဌာနရှိသည်။ ကြက်တိုက်သည်မှာလည်း ရိုးရိုးမဟုတ် အတက်၌ထက်သော ထားသွားများတပ်၍၎င်း၊ အချို့ပွဲများ၌ ထိုထားသွားတွင် အဆိပ်လူး၍၎င်း တိုက်ကြသည်။ အဆိပ်ထိ၍ မကြာခင်ပင် ကြက်များသေရှာကြသည်။ ထိုကြက်ပွဲများကြောင့် မကြာခဏပင် အိမ်ထောင်ပေါင်းများစွာ စီးပွါးပျက်ပြုန်းလျက် ဒုက္ခရောက်ကြရသည်”ဟု ဗာလီအကြောင်းစာအုပ်၌ ဖေါ်ပြထားသည်။ ထိုအမှုမျိုးကို တရားပွဲ၌ မပြောသည်မှာ လူများသည် မိမိတို့ကို ကဲ့ရဲ့လျှင် မကြိုက်ကြ၊ ချီးမွမ်းမှ ကြိုက်တတ်ကြသောကြောင့် ဖြစ်ဟန်ရှိပေသည်။ ဗာလီသို့ရောက်စ တရားပွဲ ၂–ပွဲ ၃–ပွဲမှာ “ဗာလီက လူတွေဟာ အခြားကိုယ်ကျင့်တရားတွေ ကောင်းကြောင်း၊ သို့သော် ဝက်သတ်ခြင်းနှင့် ဝက်သားစားခြင်းမှာ မကောင်းကြောင်း၊ ၎င်း ၂–ခုကို ရှောင်ကြဉ်လိုက်လျှင် ပိုပြီးကောင်းလာမည် ဖြစ်ကြောင်းကို” အရှင်နာရဒက ဟောသည်။ ထိုအခါ ပရိသတ်များက သဘောမကျသည့် အရိပ်နိမိတ် ပေါ်လာသည်။ “ဝက်ကို သတ်တာက လူတိုင်းမဟုတ်ပါဘူး၊ ဝက်သားစားတာကလဲ လူတိုင်းမဟုတ်ပါဘူး” စသည်ဖြင့် ဆင်ခြေကန်ကြသည်။ ထိုဩဝါဒကို နောက်တရားပွဲများ၌ မကြားရတော့ပေ။ ကြိုက်ပုံမရသောကြောင့် ပြည်ဖုံးချလိုက်ဟန် တူပေသည်။)

## ဗုဒ္ဓမြတ်စွာဘုရားအကြောင်း

ဗုဒ္ဓမြတ်စွာဘုရား၏ တရားကို မဟောမီ ဗုဒ္ဓဘုရားအကြောင်းကို ရှေးဦးစွာ ဖော်ပြမည်၊ ဗုဒ္ဓဘုရားဆိုတာ ရာဇဝင်အထောက်အထား မရှိတဲ့ ကောင်းကင်ဘုံသား မဟုတ်ပါဘူး။ ရာဇဝင်ထင်ရှားတဲ့ လူသားဘဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀–လောက်က အိန္ဒိယပြည် မြောက်ဘက်နယ်စပ်, ယခု နီပေါပြည်နယ်ထဲမှာ ကပိလဝတ္ထုဆိုတဲ့ မြို့တော်ကြီး တစ်ခုရှိခဲ့ပါတယ်။ နိုင်ငံရဲ့အမည်ကတော့ သာကီဝင်မင်းတို့၏ စိုးစံရာဖြစ်လို့ သက္ကတိုင်းလို့ ခေါ်ပါတယ်။ ဗုဒ္ဓဘုရားဖြစ်တော်မူမည့် ဘုရားအလောင်းတော်ဟာ အဲဒီသက္ကတိုင်း ကပိလဝတ္ထုနေပြည်တော်မှာ သုဒ္ဓေါဒန ဘုရင်မင်းမြတ်၏ အဂ္ဂမဟေသီ မိဖုရားကြီးဖြစ်တဲ့ မာယာဒေဝီမှ လွန်ခဲ့သော ၂၅၈၃–နှစ်က ဖွါးမြင်တော်မူခဲ့ပါတယ်။ ကိစ္စအလုံးစုံပြီးမြောက် အောင်မြင်မယ်ဆိုတဲ့ အနက်အဓိပ္ပါယ်ကိုယူပြီး အဲဒီမင်းသားကလေးကို သိဒ္ဓတ္ထလို့ ခေါ်ဝေါ်ကြပါတယ်။ အဲဒီမင်းသားကလေးဟာ နန်းတွင်းသူ အထိန်းတော် အပြုအစုတွေနဲ့ အင်မတန် ချမ်းသာစွာ ကြီးပြင်းလာခဲ့ပါတယ်။ ၁၆–နှစ်အရွယ် ရောက်တဲ့အခါမှာ ခမည်းတော် သုဒ္ဓေါဒန ဘုရင်မင်းမြတ်က ဒေဝဒဟပြည်မှ သုပ္ပဗုဒ္ဓဘုရင်၏ သမီးတော် ယသော်ဓရာဆိုတဲ့ မင်းသမီးကလေးနဲ့ စုလျားရစ်ပတ် လက်ထပ်ခြင်း မင်္ဂလာပြုပေးပြီး မင်းစည်းစိမ်ကို အေးချမ်းစွာ စံစားစေပါတယ်။

အသက်တော် ၂၉–နှစ်အရွယ်သို့ ရောက်တဲ့အခါမှာ ဘုရားအလောင်းတော်ဟာ ဥယျာဉ်တော်သို့ ထွက်သွားစဉ် လမ်းခရီးတွင် သူအို, သူနာ, သူသေဆိုတာတွေကို တွေ့မြင်ရတဲ့အတွက် အိုတတ်, နာတတ်, သေတတ်တဲ့ လောကကြီးကို ရွံမုန်း စက်ဆုပ်တော်မူပါတယ်။ အိုခြင်း, နာခြင်း, သေခြင်းဖြင့် အနှိပ်စက်ခံနေရတဲ့ သတ္တဝါတွေကိုလဲ အလွန်သနားပြီးတော့ ကယ်ချင်တဲ့စိတ် ဖြစ်လာပါတယ်။ ထိုနောင် ရဟန်းကိုလဲ တွေ့မြင်ရတဲ့အတွက် ရဟန်းပြုပြီးတော့ မအိုတတ်, မနာတတ်, မသေတတ်တဲ့တရားကို ရှာချင်တဲ့ စိတ်ဆန္ဒလဲ ဖြစ်လာပါတယ်။ အဲဒီကာလ အတောအတွင်းမှာဘဲ ကြင်ယာတော်ဖြစ်တဲ့ ယသော်ဓရာမိဘုရားမှ သားတော်ဖွါးမြင်တယ်ဆိုတဲ့ မင်္ဂလာသတင်းကို ကြားရပြန်တယ်။ ဒီတော့ သိဒ္ဓတ္ထမင်းသားမှာ သံယောဇဉ် နှောင်ကြိုးတစ်ခု တိုးလာပြန်ပါတယ်။

မူလကထဲက မယ်တော် ခမည်းတော် သံယောဇဉ်ရှိခဲ့တယ်။ အခြွေအရံအပေါင်းအသင်း သံယောဇဉ်တွေလဲ ရှိခဲ့တယ်၊ ထီးနန်းစည်းစိမ် သံယောဇဉ်လဲရှိခဲ့တယ်။ ကြင်ယာတော်ဖြစ်တဲ့ ယသော်ဓရာမိဖုရားရဲ့ သံယောဇဉ်ကတော့ ဘယ်လောက်ကြီးမယ်ဆိုတာကို အိမ်ထောင်ရှင်တွေက ပိုပြီးသိပါလိမ့်မယ်။ ပြီးတော့ ၁၃–နှစ်ပတ်လုံး သားသမီး မထွန်းကားခဲ့ဘဲ ရှိနေရာမှ ယခုသားတော်ကလေး ထွန်းကားလာတယ်ဆိုတော့ အဲဒီသား သံယောဇဉ်ကလဲ ဘယ်လောက်ကြီးမယ်ဆိုတာကို တစ်ဦးတည်းသော သားကလေးရဲ့ မိဘတွေက ပိုပြီးသိမှာပါဘဲ။ ဒီလို သံယောဇဉ်နှောင်ကြိုးတွေ ဝိုင်းနေပေမယ်လို့ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ တွန့်ဆုတ်ခြင်းမရှိဘူး၊ သတ္တဝါတွေကို သနားပြီး ကယ်ချင်တဲ့စိတ်က အလွန်ထက်သန်နေတဲ့အတွက် ထိုနေ့ညမှာဘဲ တောထွက်ပြီး ရဟန်းပြုတော်မူခဲ့ပါတယ်။

ရဟန်းပြုပြီးတော့ ၆–နှစ်ပတ်လုံး အမျိုးမျိုးအထွေထွေ ကျင့်ကြံအားထုတ်ပြီး မအို, မနာ, မသေနိုင်တဲ့ တရားကို ရှာတော်မူခဲ့ပါတယ်။ နောက်ဆုံးမှာ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ကို ကျင့်ပြီးတော့ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။ ဘုရားဖြစ်တော့ ဘာတွေထူးခြားလာသလဲဆိုလျှင် လောဘ ကင်းတယ်၊ ဒေါသကင်းတယ်၊ မောဟကင်းတယ်၊ မကောင်းတဲ့ စိတ်အညစ်အကြေးဟူသမျှ အကုန်ကင်းပြီး စိတ်ဓါတ်ဟာ လုံးဝသန့်ရှင်းစင်ကြယ်တယ်၊ ဆင်းရဲ အစစ်အမှန်ကိုလဲ သိပြီး ပယ်ရှားပစ်လိုက်တယ်၊ ဆင်းရဲအလုံးစုံ ငြိမ်းတဲ့တရား အစစ်အမှန်ကိုလဲ သိတယ်၊ အဲဒီဆင်းရဲငြိမ်းရာ ဆိုက်ရောက်သွားတဲ့ အကျင့်လမ်းမှန်ကိုလဲ သိတယ်။ ရှေးရှေးဘဝဟောင်းတွေကိုလဲ သိတယ်။ သတ္တဝါတွေ ကံအားလျော်စွာ လောကထဲ ဖြစ်နေကြရပုံတွေကိုလဲ သိတယ်။ အတိုချုပ် ပြောရမယ်ဆိုလျှင် တရားအလုံးစုံကို အကုန်သိတော်မူတယ်။ ဒီလို ထူးခြားလာပါတယ်။

ဒီလိုထူးခြားတဲ့ ဘုရားအဖြစ်ကို ရောက်ရတယ် ဆိုတာကလဲ နောက်ဆုံး တစ်ဘဝထဲ ၆–နှစ်လောက် ကျင့်ရုံနဲ့ ရောက်ရတာ မဟုတ်ပါဘူး၊ ရှေးရှေးဘဝပေါင်းများစွာ ကမ္ဘာပေါင်းများစွာက ဘုရားဖြစ်ကြောင်း အကျင့်တွေကို ဖြည့်ကျင့်လာခဲ့လို့ ရောက်ရတာ ဖြစ်ပါတယ်။ အဲဒီဘုရားဖြစ်ကြောင်း အကျင့်တွေက ဘာတွေလဲဆိုလျှင်–

(၁) ဒါနပါရမီ–ပေးကမ်းလှူဒါန်းခြင်းအကျင့်။
(၂) သီလပါရမီ–ကိုယ်နှုတ်ကို စောင့်ထိန်းခြင်းသီလအကျင့်။
(၃) နေက္ခမ္မပါရမီ–လူ့လောကမှ ထွက်ခွါ၍ ရသေ့ရဟန်းပြုခြင်းအကျင့်။
(၄) ပညာပါရမီ–ဉာဏ်ပညာ လေ့လာခြင်းအကျင့်။
(၅) ဝီရိယပါရမီ–မနစ်မဆုတ် အားထုတ်ခြင်းလုံ့လအကျင့်။
(၆) ခန္တီပါရမီ–သည်းခံခြင်းအကျင့်။
(၇) သစ္စာပါရမီ–အမှန်ကိုသာ ပြောဆိုခြင်းအကျင့်။
(၈) အဓိဋ္ဌာန်ပါရမီ–ရည်ရွယ်ချက်အတိုင်း မနစ်မဆုတ် ပြုလုပ်ခြင်းအကျင့်။

(၉) မေတ္တာပါရမီ–သတ္တဝါတို့အား ချမ်းသာစေရန် လိုလားခြင်းအကျင့်။
(၁၀) ဥပေက္ခာပါရမီ–ချမ်းသာနှင့်ဆင်းရဲကို အညီအမျှ ရှုခြင်းအကျင့်။

ဆိုတဲ့ ဒီပါရမီ (၁၀)ပါးပါဘဲ။ (အချို့ပါရမီများကို အနည်းငယ်စီချဲ့၍ ပြောသည်။ တရံတခါ၌ သောတတ္တကီကျမ်းမှ လာသော ကျားစာကျွေးသည့် ဘုရားလောင်း ဝတ္ထုကိုလည်း ထည့်သွင်းဖေါ်ပြသွားသည်။)

ဒီပါရမီအကျင့်တွေကို ဘဝပေါင်းများစွာက ကျင့်သုံးလာတဲ့ ပုဂ္ဂိုလ်ထူးကို ဘုရားအလောင်း (ဗောဓိသတ္တ)လို့ ဗုဒ္ဓဘာသာတရားတော်ကဆိုပါတယ်။ ဒီတော့ ခရစ်တော်ကို ဘုရားအလောင်းလို့ ဆိုနိုင်ပါမလား၊ မိုဟာမက်ကိုကော ဘုရားအလောင်းလို့ ဆိုနိုင်ပါမလား။ မဆိုနိုင်ဘူး၊ ဘာကြောင့်လဲ ခရစ်တော် ဟောတဲ့တရား မိုဟာမက် ဟောတဲ့တရားထဲမှာ ယခု တစ်ဘဝထဲသာ ရှိတယ်။ ရှေးဘဝတွေရယ်လို့ မရှိဘူး၊ ရှေးဘဝတွေ မရှိလျှင် ရှေးဘဝပေါင်းများစွာက ပါရမီကို ဖြည့်ကျင့်ခဲ့တာလဲ မရှိနိုင်ဘူး။ ဒါကြောင့်ပါဘဲ၊ ပြီးတော့ ဗုဒ္ဓမြတ်စွာဘုရားဟာ ကောင်းကင်ဘုံရှိ ဘုရားက စေလွှတ်လိုက်တဲ့ သားတော်ဖြစ်နိုင်ပါမလား။ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲ၊ ကောင်းကင်ဘုံက စေလွှတ်လိုက်တဲ့ သားတော်ဆိုလျှင် ရှေးဘဝလဲ မရှိရဘူး၊ ပါရမီလဲ ဖြည့်ကျင့်ဘို့ မလိုဘူး၊ ကောင်းကင်ဘုံက ဘုရားအလိုအတိုင်း ဖြစ်ဘို့သာရှိတယ်။ သို့ပေမဲ့ ဗုဒ္ဓမြတ်စွာဘုရားမှာ ရှေးဘဝပေါင်းများစွာက ပါရမီတွေကို ဖြည့်ကျင့်ခဲ့ရတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားဟာ ကောင်းကင်ဘုံသား မဟုတ်ဘူး၊ ဘဝပေါင်းများစွာက ပါရမီတွေကို ဖြည့်ကျင့်လာလို့ သူတကာထက် ထူးခြားတဲ့ လူသားပါဘဲ၊ ဒီလူသား ပုဂ္ဂိုလ်ထူးကဘဲ တရားကျင့်ပြီး တရားအလုံးစုံကို သိတဲ့ ဘုရားအဖြစ်သို့ ရောက်ရပါတယ်။

ဒီလိုဘုရားဖြစ်ပြီးတော့လဲ မိမိတကိုယ်လွတ်လျှင် ပြီးရောဆိုပြီး ရေသာခိုကာ ချမ်းသာခံမနေပါဘူး၊ "ဗုဒ္ဓေါ ဗောဓေယျံ–ငါကိုယ်တိုင် တရားမှန်ကို သိလျှင် သတ္တဝါများကိုလဲ သိစေမည်။ မုတ္တော မောစေယျံ–ငါကိုယ်တိုင် ဆင်းရဲမှ လွတ်မြောက်လျှင် သတ္တဝါများကိုလဲ လွတ်မြောက်စေမည်။ တိဏ္ဏော တာရေယျံ–ငါကိုယ်တိုင် သံသရာရေအယဉ်ကို ကူးမြောက်လျှင် သတ္တဝါများကိုလဲ ကူးမြောက်စေမည်"ဟု အလောင်းတော်ဘဝကပင် နှလုံးသွင်း ရည်ရွယ်ခဲ့သည့်အတိုင်း သတ္တဝါများကိုလဲ မိမိကဲ့သို့ပင် အမှန်တရားကို သိမြင်ကြစေရန် ဆင်းရဲမှလွတ်မြောက်၍ ချမ်းသာသို့ ရောက်ကြစေရန် သံသရာ ရေအလျဉ်ကို ကျော်လွန်၍ နိဗ္ဗာန်ဆိပ်ကမ်းသို့ ရောက်ကြစေရန် ၄၅–နှစ်ပတ်လုံး တရားရေအေးကို တိုက်ကျွေး ဟောကြားတော်မူခဲ့ပါတယ်။ ဒီလိုဟောကြားတော်မူပြီးတော့ လွန်ခဲ့တဲ့ ၂၅၀၃–နှစ်က အိန္ဒိယပြည် ကုသိနာရမြို့အနီးရှိ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပါတယ်။

## ဗုဒ္ဓမြတ်စွာ၏ တရားတော်

၄၅–နှစ်ပတ်လုံးလုံး မြတ်စွာဘုရားဟောတော်မူခဲ့တဲ့ တရားတော်တွေကို ဝိနည်း သုတ္တန် အဘိဓမ္မာ ဒီလို ၃–ပိုင်း ခွဲခြားထားပါတယ်၊ ဝိနည်းမှာ ရဟန်းတော်များ၏ ကျင့်ဝတ်ကို ပြထားပါတယ်၊ စာအုပ်ကြီး ၅–အုပ်ရှိပါတယ်။ သုတ္တန်မှာ ရဟန်းအားလုံးတို့ ကျင့်ဘို့နည်းလမ်းတွေကို အပြည့်အစုံ ပြထားပါတယ်။ စာအုပ်ကြီး ၁၈–အုပ်ရှိပါတယ်။ (အခြား ပါဠိတို့၏ အဖွင့်သဘောရှိသော နိဒ္ဒေသ၊ ပဋိသမ္ဘိဒါ၊ နေတ္တိ၊ မိလိန္ဒ၊ ဤစာအုပ်များကို နုတ်ထားသည်) အဘိဓမ္မာမှာ ရုပ်နာမ် သဘောတရားတွေကို အကြွင်းမဲ့ ဝေဘန်ပြထားပါတယ်၊ စာအုပ်ကြီး ၁၂–အုပ် ရှိပါတယ်။ အားလုံးပေါင်း အုပ်ရေ ၃၅–အုပ်၊ စာမျက်နှာအားဖြင့် ၁၅၀၀၀–လောက်ရှိပါတယ်။ ဒါလဲတူရာတွေကို အကျဉ်းချုံးထားတဲ့ တရားတွေ ဖြစ်ပါတယ်။ မူလက ဟောစဉ်အတိုင်းဆိုလျှင် ဒါထက် အဆတစ်ရာမက ကျယ်ဝန်းသွားနိုင်ပါတယ်။ (အရှင်နာရဒ ဟောသောအခါ ကျမ်းပမာဏကို ဘာသာခြားတို့ သိနေသော ဘိုက်သ်လ် ကျမ်းစာအုပ်နှင့် နှိုင်းယှဉ်ပြသည်)။

အဲဒီဒေသနာတွေမှာ ဟောထားတဲ့အတိုင်း တရားကတော့ သစ္စာ ၄–ပါးဘဲ ဖြစ်ပါတယ်။ ဒုက္ခသစ္စာ–ဆင်းရဲအမှန်၊ သမုဒယသစ္စာ–ဆင်းရဲဖြစ်ကြောင်းအမှန်၊ နိရောဓသစ္စာ–ဆင်းရဲငြိမ်းရာအမှန်၊ မဂ္ဂသစ္စာ–ဆင်းရဲငြိမ်းကြောင်း အကျင့်မှန်၊ ဒီလေးပါးပါဘဲ။ ဒီ ၄–ပါးထဲမှာ ဒုက္ခသစ္စာဆိုတာဘာလဲ၊ ဘဝအသစ် ဖြစ်ရတာလဲ ဒုက္ခဘဲ၊ အိုရတာလဲ ဒုက္ခဘဲ၊ သေရတာလဲ ဒုက္ခဘဲ၊ စိုးရိမ်ပူဆွေးရတာလဲ ဒုက္ခဘဲ၊ ငိုကြွေးရတာလဲ ဒုက္ခဘဲ၊ ကိုယ်ထဲက နာကျင်ပင်ပန်းရတာ စိတ်ထဲက ပူပန် ပင်ပန်းရတာတွေလဲ ဒုက္ခဘဲ။ အလိုမရှိတာတွေနဲ့ တွေ့ဆုံနေရတာလဲ ဒုက္ခဘဲ၊ အလိုရှိတာတွေနဲ့ ခွဲခွာရတာလဲ ဒုက္ခဘဲ၊ အလိုရှိတိုင်း မပြည့်စုံတာလဲ ဒုက္ခဘဲ၊ ဒီအထဲမှာ ဘဝအသစ်ဖြစ်မိလျှင် သေရမှာ မလွဲနိုင်တော့ဘူး၊ လူ့လောကမှာ ဖြစ်လျှင် လူ့လောကမှာ သေရမယ်။ ကောင်းကင်ဘုံမှာ ဖြစ်လျှင် ကောင်းကင်ဘုံမှာ သေရမယ်၊ "ကောင်းကင်ဘုံမှာတော့ မသေရဘူး"လို့ တချို့က ဟောကြတယ်၊ ဘယ်သူမှ ရောက်ဘူး တွေ့ဘူးတာ မဟုတ်ဘူး၊ ယုံကြည်မှုသက်သက်နဲ့ ဟောနေကြတာဘဲ၊ "ဖြစ်လျှင် ပျက်တယ်၊ မွေးလာလျှင် သေတယ်"ဆိုတာကတော့ လူတိုင်း မျက်မြင်ဖြစ်နေတယ်။ ဒါကြောင့် ဘဝအသစ် ဖြစ်ရတာဟာ သေဘို့ လမ်းဖွင့်ပေးရာ ရောက်နေလို့ မကောင်းဘူး၊ ဒုက္ခဘဲ၊ အိုရတာ သေရတာ စိုးရိမ် ပူဆွေးရတာ စသည်တွေကတော့ ဒုက္ခဘဲဆိုတာ ထင်ရှားနေပါပြီ၊ အချုပ်အားဖြင့်ဆိုလျှင် တကိုယ်လုံးမှာ ရှိနေတဲ့ ရုပ်နာမ်တွေဟာ ဆင်းရဲဒုက္ခချည်းပါဘဲ။

## ဒုက္ခသစ္စာ

လူတွေက ကိုယ်ထဲမှာ ချမ်းသာတွေ ရှိနေတယ်လို့ ထင်နေကြတယ်၊ ဒါပေမဲ့ ချမ်းသာအစစ်ဆိုတာ ကိုယ်ထဲမှာ ဘာမျှမရှိပါဘူး၊ ချမ်းသာအစစ် ရှိတယ်ထင်လျှင် အဲဒါကို ထုတ်ဖော်ပြကြစမ်းပါ၊ အပူအအေး ညီမျှတဲ့နေရာတွင် ကုလားထိုင်ပေါ်မှာ အသာကလေး မှေးပြီး ထိုင်နေရတာကို ချမ်းသာတယ်လို့ ထင်ကြမယ်။ ဒါပေမဲ့ အဲဒါဟာ ချမ်းသာအစစ် မဟုတ်ပါဘူး၊ စဉ်းစားကြည့်ပါ၊ ဘယ်လောက်ကြာအောင် ထိုင်နေနိုင်မလဲ၊ ငြိမ်ငြိမ်ကလေး နေရမယ် ဆိုလျှင် မိနစ် ၃၀–လောက် မကြာခင်ဘဲ ညောင်းလာမယ်၊ ပူလာမယ်၊ ပင်ပန်းလာမယ်၊ ဒီတော့ ပြင်ပြီးထိုင်ရမယ်၊ အဒါလဲ မိနစ် ၃၀–လောက် မကြာခင် ပင်ပန်းလာဦးမှာဘဲ၊ ဒါကြောင့် ငြိမ်ငြိမ်ကလေး ထိုင်နေရတာလဲ ချမ်းသာ အစစ်မဟုတ်ဘူး။ ဒုက္ခဘဲဆိုတာ ထင်ရှားပါတယ်။ (ငြိမ်ငြိမ်ကလေးအိပ်နေလျှင် ဘယ်လောက်ကြာအောင် အိပ်နေနိုင်မလဲ၊ ပျော်ပွဲ ရွှင်ပွဲတွေကို တသမတ်တည်း ကြည့်နေမယ် ဆိုလျှင် ဘယ်လောက် ကြာအောင်ကြည့်နေနိုင်မလဲ၊ အဆိုကောင်း အသံကောင်းကို တလစပ် နားထောင်နေမယ်ဆိုလျှင် ဘယ်လောက်ကြာအောင် နားထောင်နိုင်မလဲ၊ အချိုအချဉ် အဆိမ့် စသည် အရသာကောင်းကို တမျိုးတည်းသာ စားနေရမည်ဆိုလျှင် ဘယ်လောက်ကြာအောင် စားနိုင်မလဲ စသည်ဖြင့်လည်း ရှင်းလင်းပြောပြသည်)။ တစ်မျိုးတည်းကိုသာ ခံစားနေရမည်ဆိုလျှင် ဘယ်လိုအာရုံကိုမှ ကြာရှည်မခံစားနိုင်ဘူး၊ ဒါကြောင့် တမျိုးပြီးတမျိုး ပြောင်းလဲပြောင်းလဲပြီး ခံစားနေရတယ်၊ ဒီလိုပြောင်းပြီး ခံစားနေရတာကိုဘဲ ချမ်းသာလို့ ထင်နေကြတယ်။ အမှန်ကတော့ ချမ်းသာအစစ်ဆိုတာ မရှိပါဘူး၊ ဝန်ထုပ်များ ပခုံးပြောင်း ထမ်းလိုက်တော့ သက်သာတယ် ထင်ရတာလို ဆင်းရဲ ဝန်တွေ တမျိုးပြီးတမျိုး ပြောင်းခံနေရတာလောက်ဘဲ ရှိပါတယ်၊ ဒါကြောင့် မိမိတို့ကိုယ်ထဲမှာ တွေ့သိနေရတဲ့ ရုပ်နာမ်တွေအားလုံးဟာ ဆင်းရဲဒုက္ခချည်းဘဲ၊ ဒါကြောင့် အဲဒါတွေကို မြတ်စွာဘုရားက ဒုက္ခသစ္စာ ဆင်းရဲအစစ်အမှန်လို့ ဟောတော်မူပါတယ်။

## သမုဒယသစ္စာ

သမုဒယသစ္စာ ဆင်းရဲဖြစ်ပွားကြောင်း အစစ်ဆိုတာကတော့ တဏှာပါဘဲ၊ တဏှာဆိုတာ မိမိကိုယ်တိုင် ကောင်းစား ချမ်းသာချင်တဲ့ သဘောပါပဲ၊ အဲဒီချမ်းသာချင်တာတွေ များလေလေ ဆင်းရဲဒုက္ခတွေ များလေလေဘဲ၊ လူတွေမှာ တကယ်လိုနေတဲ့ ပစ္စည်းက ၄–မျိုးထဲရှိပါတယ်၊ စားစရာ အစားအစာလိုတယ်၊ ဝတ်စရာ အဝတ်အထည် လိုတယ်၊ နေထိုင်စရာ အိမ်လိုတယ်၊ မကျန်းမာတဲ့အခါမှာ ဆေးဝါးလိုတယ်၊ ဒီပစ္စည်း ၄–မျိုးပြည့်စုံလျှင် လူဟာ ချမ်းသာစွာ နေနိုင်ပါပြီ၊ ဒါပေမဲ့လူတွေက ဒီပစ္စည်း ၄–မျိုး ရိုးရိုးပြည့်စုံရုံလောက်နဲ့တော့ အားမရကြသေးဘူး၊ အစားအစာတွေလဲ ကောင်းသည်ထက် ကောင်းတာကို လိုချင်ကြတယ်၊ အဝတ်အထည်တွေလဲ ကောင်းသည်ထက် ကောင်းတာကို လိုချင်ကြတယ်၊ ကိုယ့်အရပ် ကိုယ့်နိုင်ငံကဟာနဲ့ အားမရသေးဘဲ အခြားအရပ် တခြားနိုင်ငံက အစားအစာ အဝတ်အထည် တွေကိုလဲ လိုချင်ကြတယ်၊ ထို့အတူ အိပ်ရာနေရာတွေလဲ ကောင်းသည်ထက် ကောင်းတာကို လိုချင်ကြတယ်။ ဒါတွင် မကသေးဘူး၊ အခြွေအရံမရှိသေးတဲ့ သူက အခြွေအရံလိုချင်တယ်၊ တယောက် နှစ်ယောက် စသည် ရှိလာပြန်တော့ နှစ်ယောက် သုံးယောက်စသည် လိုချင်လာကြပြန်တယ်၊ ယာဉ်ရထားတွေလဲ လိုချင်လာတယ်၊ ရေဒီယို ဓာတ်စက်အစရှိတဲ့ စည်းစိမ်ခံ ပစ္စည်းတွေကိုလဲ အကန့်အသတ်မရှိ လိုချင်လာတယ်၊ အဲဒီ လိုချင်တာတွေကို ရအောင် တိုးတိုးပြီး အားထုတ်ရ တယ်၊ ပြည့်စုံလာတာတွေကိုလဲ မပျောက်မပျက်အောင် စောင့်ရှောက်ထိန်းသိမ်းထားရတယ်၊ ဒီတော့ လုံခြုံအောင် အကာအကွယ် လက်နက်တွေကို ရှာရပြန်တယ်၊ ယခုခေတ်မှာ ဒီလိုဝတ္ထုပစ္စည်းတွေနဲ့ အများဆုံး ပြည့်စုံနေတာ ဘယ်သူ တွေလဲ၊ အမေရိကံက အပြည့်စုံဆုံးဘဲ မဟုတ်လား၊ ဒီလိုပြည့်စုံတဲ့အတွက် အမေရိကန်မှာ အလိုပြည့်ဝပြီး ချမ်းသာနေပါ သလား၊ မချမ်းသာပါဘူး၊ ပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးစားနေရတုန်းပါဘဲ၊ အလုပ်အကိုင်ကြီးတွေ များပြား ကြီးကျယ်သလောက် နေ့ညမအားအောင် အလုပ်များပြီး ဆင်းရဲဒုက္ခတွေပွါးနေကြပါတယ်၊ မိမိတို့မှာ ပြည့်စုံပြီးသားတွေ ဆုံးရှုံးမသွားရအောင်လဲ မပြတ်အားထုတ်နေကြရပါတယ်၊ ပြီးတော့ တိုးတက်နေပါတယ်ဆိုတဲ့ ဆိုဗီယက်ရုပ်ရှားကိုလဲ ဆင်ခြင်ကြည့်နိုင်ပါတယ်၊ အဲဒီမှာလဲ လိုချင်မှုကြောင့် ဒုက္ခတွေ ရောက်နေကြတာကို တွေ့မြင်ရပါလိမ့်မယ်၊ ဒါကြောင့် ကောင်းစားချမ်းသာချင်တဲ့ တဏှာကို ဆင်းရဲဖြစ်ပွါးကြောင်းအစစ် သမုဒယသစ္စာဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောတော် မူပါတယ်။ (ဒုက္ခနှင့် သမုဒယမှာ ဘာသာခြားပုဂ္ဂိုလ်များပါ နားလည်နိုင်ရုံ သိလွယ်သည်ကိုသာ ဖော်ပြထားသည်)။

## နိရောဓသစ္စာ

နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းတဲ့တရား အစစ်ဆိုတာ အဲဒီကောင်းစားချမ်းသာချင်တဲ့တဏှာ ချုပ်ငြိမ်းမှုပါဘဲ၊ ဒီဆင်းရဲငြိမ်းတာက အတုနှင့်အစစ် ၂-မျိုးရှိတယ်၊ ထမင်းဆာတဲ့ ဆင်းရဲဟာ ထမင်းစားလိုက်လျှင် ပြေငြိမ်းသွားတယ်၊ ဒါပေမဲ့ အမြဲတမ်းငြိမ်းတာတော့ မဟုတ်ဘူး၊ နောက်တဖန် အစာစားချိန်လောက် ကြာသွားလျှင် ဆာလောင်တဲ့ ဆင်းရဲ တခါပေါ်လာဦးမှာဘဲ၊ ထိုအတူ ကိုယ်အနေအထိုင်ပြင်လိုက်လို့ ညောင်းညာဆင်းရဲငြိမ်းတာလဲ အမြဲတမ်းငြိမ်းတာ မဟုတ်ဘူး၊ အနာရောဂါဆေးကုလိုက်လို့ ငြိမ်းသွားတာလဲ အမြဲတမ်းမဟုတ်ဘူး၊ နောက်တချိန်ကျလျှင် အဲဒီဆင်းရဲမျိုး ပြန်ပေါ်လာနိုင်သေးတယ်၊ ဒါကြောင့် ဒီလိုဆင်းရဲငြိမ်းတာတွေကတော့ အစစ်အမှန် မဟုတ်သေးဘူး၊ အတုတွေဘဲ၊ ချမ်းသာချင်တဲ့ တဏှာငြိမ်းလို့ ဆင်းရဲငြိမ်းတယ်ဆိုတာကတော့ အစဉ်ထာဝရ အမြဲတမ်းငြိမ်းတယ်၊ ဒါကြောင့် အဲဒါကို အမှန်စင်စစ် ဆင်းရဲငြိမ်းတာလို့ဆိုတယ်၊ ငြိမ်းပုံကတော့ တစုံတခုသော ဝတ္ထုပစ္စည်းကို မလိုချင်လျှင် အဲဒီဝတ္ထုပစ္စည်း အဲဒီ ဝတ္ထုပစ္စည်းနှင့်စပ်ပြီး ကြောင့်ကြစိုက်ရတဲ့ ဆင်းရဲငြိမ်းတယ်၊ အဝတ်စုပ် စက္ကူစုပ်ပဲဖြစ်ဖြစ် အသုံးကျမယ်ထင်ပြီးတွယ်တာမှု ရှိနေသေးလျှင် အဲဒီအဝတ်စုပ်ကို တရိုတသေ သိမ်းဆည်းရတဲ့ ဒုက္ခရှိနေသေးတာဘဲ၊ အသုံးမကျဘူးလို့ သိပြီး တွယ်တာမှု ကင်းသွားတဲ့အခါမှာ အဲဒါတွေကို သိမ်းဆည်းရတဲ့ ဒုက္ခငြိမ်းသွားတယ်၊ သူတပါးကို နှစ်သက်ခင်မင်နေလျှင် အဲဒီသူနှင့် စပ်ပြီး ဒုက္ခခံရတယ်၊ နှစ်သက်ခင်မင်မှု ကင်းသွားလျှင် အဲဒီသူနဲ့စပ်ပြီး ဒုက္ခအေးသွားတယ်၊ မိမိကိုယ်ထဲက ရုပ်နာမ်တွေကို ကောင်းတယ်ထင်ပြီး သာယာမြတ်နိုးနေလျှင် မိမိကိုယ် ချမ်းသာရအောင်လို့ အမျိုးမျိုးကြောင့်ကြစိုက်ပြီး ဒုက္ခခံရတယ်၊ နောင်ကာလမှာလဲ ဘဝသစ်တွေဖြစ်ပြီး အိုရ, နာရ, သေရ, စိုးရိမ်ပူဆွေးရ စသည်ဖြင့် ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံရတယ်၊ မိမိကိုယ်ထဲက ရုပ်နာမ်တွေကို အမှန်အတိုင်းသိပြီးတော့ သာယာမြတ်နိုးမှု ကင်းသွားလျှင်တော့ ယခုဘဝမှာလဲ ကြောင့်ကြ စိုက်ရတဲ့ ဆင်းရဲတွေ ငြိမ်းတန်သမျှ ငြိမ်းသွားတယ်၊ နောင်ကာလမှာလဲ အိုခြင်း, နာခြင်း, သေခြင်းစသော ဆင်းရဲဒုက္ခတွေ အစဉ်ထာဝရ ကင်းငြိမ်းသွားတယ်၊ ဒါကြောင့် ကောင်းစားချမ်းသာချင်တဲ့ တဏှာငြိမ်းတာကို ဆင်းရဲငြိမ်းတဲ့ တရားအစစ် အမှန်ဘဲလို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောတော်မူပါတယ်။

## မဂ္ဂသစ္စာ

မဂ္ဂသစ္စာ၊ ဆင်းရဲငြိမ်းကြောင်း အကျင့်လမ်းမှန်ဆိုတာကတော့ မဂ္ဂင်ရှစ်ပါးတရားပါဘဲ၊ အဲဒီရှစ်ပါးက ဘာတွေလဲ ဆိုလျှင် (၁) သမ္မာဒိဋ္ဌိ၊ မှန်စွာသိမြင်ခြင်း၊ (၂) သမ္မာသင်္ကပ္ပ၊ မှန်စွာကြံခြင်း၊ (၃) သမ္မာဝါစာ၊ မှန်စွာပြောဆိုခြင်း၊ (၄) သမ္မာကမ္မန္တ၊ မှန်စွာပြုလုပ်ခြင်း၊ (၅) သမ္မာအာဇီဝ၊ မှန်စွာစီးပွါးရှာခြင်း၊ (၆) သမ္မာဝါယာမ၊ မှန်စွာ အားထုတ်ခြင်း၊ (၇) သမ္မာသတိ၊ မှန်စွာ အမှတ်ရခြင်း၊ (၈) သမ္မာသမာဓိ၊ မှန်စွာစိတ်တည်ကြည်ခြင်းဆိုတဲ့ ဒီရှစ်ပါးဘဲ၊ (အသင့်အတင့် နားလည်အောင် ရှင်းပြသည်)၊ ဒီမဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံးလိုက်လျှင် သီလ သမာဓိ ပညာ သုံးပါးဘဲ ဖြစ်ပါတယ်၊ ဒီသုံးပါးကို မြတ်စွာဘုရားက ဒီလိုလဲ အကျဉ်းချုပ်ပြီး ဟောကြားထားပါတယ်၊ (၁) မကောင်းမှုကို မပြုနဲ့၊ (၂) ကောင်းမှုကိုပြုပါ၊ (၃) မိမိစိတ်ကို စင်ကြယ်ပါစေ။ ဒီသုံးချက်ဟာ မြတ်စွာဘုရား၏ အကျဉ်းချုပ် ဩဝါဒဖြစ်ပါတယ်။

## ဩဝါဒ ၃-ပါး ရှင်းပြချက်

(၁) မကောင်းမှုဆိုတာ သတ္တဝါကို ညှင်းဆဲခြင်း၊ သတ်ဖြတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ လုယူခြင်း၊ လိမ်ယူခြင်း၊ ဖျက်ဆီးခြင်း၊ သူတပါး၏ သားမယားတို့၌ ကျူးလွန်ခြင်း၊ သူတပါးအား အကျိုးမဲ့ဖြစ်အောင် လိမ်ပြောခြင်း၊ နားမခံသာ အောင် ကြမ်းတမ်းရိုင်းပြစွာ ပြောဆိုခြင်း၊ တဦးနှင့်တဦး မိတ်ပျက်ကွဲပြားအောင် ရန်တိုက်ပေးခြင်း၊ အလဟဿ အချိန်ကုန် အောင် အကျိုးမဲ့စကားကို ပြောခြင်း၊ ဒါတွေဟာ သူတပါးအား အကျိုးမဲ့ဖြစ်စေတတ်တဲ့ အမှုတွေ ဖြစ်တဲ့အတွက် မကောင်းမှုလို့ ခေါ်တယ်၊ မကောင်းတဲ့အမှုဖြစ်ပုံကို အနည်းငယ် ရှင်းပြဦးမယ်၊ သတ္တဝါကို သတ်တာဟာ သတ်သူဘက် ကနေ ကြည့်လျှင်တော့ ကောင်းတယ်လို့ ပြောမှာဘဲ၊ အကျိုးမဲ့ ပြုဘူးလို့ သို့မဟုတ် အကျိုးမဲ့ပြုမှာမြင်လို့၊ သို့မဟုတ် စားသောက်ရေးအတွက် ပြည့်စုံအောင်လို့ သတ်ရပါတယ် စသည်ဖြင့် အကြောင်းပြမှာဘဲ၊ သို့သော်လဲ အသတ်ခံရသူ ဘက်ကနေကြည့်လျှင်တော့ ကောင်းတယ်လို့ ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူး၊ အကျိုးမဲ့ပြုဘူးတယ် ဆိုပေမဲ့ သေသည်အထိတော့ မပြုရသေးဘူး မဟုတ်ဘား၊ အကျိုးမဲ့ပြုမှာကို မြင်တယ် ဆိုရာမှာလဲ တကယ် မပြုရသေးဘူး မဟုတ်လား။ စားသောက်ရေးအတွက် ဆိုတာကတော့ တရားအလွန်ဆုံးပါဘဲ။ မိမိအသက်ရှင်ရေး ချမ်းသာရေးအတွက် သူတပါးကို သတ်ရတယ်ဆိုတာ ဘယ်မှာ တရားနိုင်မလဲ၊ ကိုယ်က အသတ်ခံရသူ အနေနဲ့ကြည့်လျှင် မတရားဘူးလို့ချည်း ဆိုမှာဘဲ၊ တချို့က ကုန်းသတ္တဝါ ရေသတ္တဝါတွေကို ဘုရားသခင်က လူတွေ စားဘို့ ဖန်ဆင်းပေးထားတယ်လို့ဆိုကြတယ်။ လူ၏ အသွေး အသားကို စားလေ့ရှိတဲ့ ခြင်, မှတ်, ကျား, ခြင်္သေ့, မိကျောင်း စသော သတ္တဝါတွေက လူတွေကို ဘုရားသခင်က သူတို့စားဘို့ ဖန်ဆင်းပေးထားတယ်လို့ ပြောလျှင် လက်ခံနိုင်ပါမည်လား၊ ဒီအချက်တွေကို စဉ်းစားကြည့် လျှင် သတ်တာဟာ မကောင်းတဲ့အမှုဖြစ်ကြောင်း ထင်ရှားပါတယ်။ အတိုချုပ်အားဖြင့်ဆိုလျှင် သူတပါးအား အကျိုးမဲ့

ဖြစ်အောင်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် ပြုလုပ်ပြောဆိုမှု ဟူသမျှဟာ မကောင်းမှုချည်းပါဘဲ၊ အဲဒီ မကောင်းမှု ဟူသမျှကို မပြုရဘူး ရှောင်ကြဉ်ရမယ်တဲ့၊ ဒီလို မပြုလုပ်ဘဲ ရှောင်ကြဉ်နေလျှင် ကိုယ်ကျင့်သီလ ပြည့်စုံပါတယ်။

(၂) ကောင်းမှုဆိုတာ သူတပါးအား ပေးကမ်းထောက်ပံ့ခြင်း ကူညီခြင်း၊ သူတပါးအကျိုးကို ဆောင်ရွက်ခြင်း၊ တရားဟောခြင်း၊ တရားနာခြင်း၊ ကောင်းသော အတတ်ပညာကို သင်ပြပေးခြင်း၊ ဒီလိုအလုပ်တွေဟာ ကောင်းမှုတွေပါဘဲ၊ အထူးအားဖြင့်ဆိုလျှင်တော့ ဆိုးသွမ်း ညစ်နွမ်းတဲ့စိတ်မျိုးတွေ ဖြစ်ခွင့်မရအောင် သမာဓိဘာဝနာအလုပ်ကို ပွါးများ အားထုတ်နေတာဟာ ကောင်းမှုအစစ်ပါဘဲ၊ ဥပမာ–မေတ္တာဘာဝနာကို ပွါးများနေတယ်ဆိုပါတော့၊ အဲဒီပုဂ္ဂိုလ်ဟာ လူတယောက်ကိုဖြစ်စေ၊ သတ္တဝါအများကိုဖြစ်စေ၊ အာရုံပြုပြီး "ချမ်းသာပါစေ, ချမ်းသာပါစေ" "ချမ်းသာကြပါစေ ချမ်းသာကြပါစေ"လို့ မပြတ်နှလုံးသွင်းနေရတယ်၊ ဒီလိုမပြတ် နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်မှာ သူတပါးအား အကျိုးမဲ့ပြုလိုတဲ့ မကောင်းတဲ့ စိတ်ကူးတွေဖြစ်နိုင်ပါဦးမလား၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ရုံတွင်တောင် မကသေးဘူး၊ အဲဒီလို မေတ္တာပွါးနေတဲ့ ပုဂ္ဂိုလ်ဟာ သူတပါးအကျိုးကို ဆောင်ရွက်ဘို့ရာလဲ ဝန်မလေးဘူး၊ ကူညီပေးကမ်း ထောက်ပဘို့လဲ ဝန်မလေးဘူး၊ ဒီတော့ ဒီမေတ္တာ ဘာဝနာအလုပ်ဟာ ကောင်းတဲ့ အလုပ်ဘဲ မဟုတ်လား၊ ဒီပြင် အခြားဘာဝနာအလုပ်တွေလဲ အကောင်းချည်း ပါဘဲ၊ ဒါကြောင့် ဒီသမာဓိဘာဝနာ အလုပ်တွေကို ကောင်းမှုလို့ ခေါ်ပါတယ်။ ဒီကောင်းမှုကိုလဲ ပြုလုပ်ပါတဲ့၊ ဒီလို ပြုလုပ်လျှင် သမာဓိအကျင့် ပြည့်စုံပါတယ်။

(၃) မိမိစိတ်ကို စင်ကြယ်ပါစေ –ဆိုတာကတော့ မိမိစိတ်သန္တာန်မှာ လောဘ, ဒေါသ, မောဟအစရှိသော စိတ်အညစ်အကြေးတွေ ဘယ်တော့မှ မကျရောက်လာနိုင်အောင် ဝိပဿနာအလုပ်ကို အားထုတ်ပါလို့ ဆိုလိုတာပါဘဲ၊ ဝိပဿနာဆိုတာ မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ တရားတွေကို မမြဲတဲ့တရား ဆင်းရဲတဲ့တရား အတ္တကောင် မဟုတ်တဲ့ တရားဘဲလို့ အမှန်အတိုင်း သိအောင်ရှုရတဲ့ အလုပ်ပါဘဲ၊ ပကတိလူတွေက ရုပ်ကိုယ်ကြီးလဲ တသက်လုံး တဘဝလုံး မြဲတည်နေတယ်လို့ ထင်နေကြတယ်၊ စိတ်ဟာလဲ တသက်လုံး တဘဝလုံး မြဲတည်နေတယ်လို့ ထင်နေကြတယ်၊ အမှန်ကတော့ မြဲတည်နေတဲ့ တရားဆိုတာ ဘာမျှမရှိပါဘူး။

## မီး, ရေ, လေ, ဥပမာ

ဓာတ်မီးလုံးထဲက မပြတ် လင်းနေတဲ့ အရောင်ကို ဆင်ခြင်ကြည့်ပါ၊ အဲဒီအလင်းရောင်ဟာ မြဲတည်နေတဲ့ အလင်းမဟုတ်ပါဘူး၊ လျှပ်စစ်ဓါတ်အားတွေ အသစ်အသစ် လာနေလို့ ဒီလိုမပြတ် လင်းနေနိုင်တာဖြစ်ပါတယ်။ မီးခလုတ်ကို ပိတ်လိုက်လျှင် အဲဒီအလင်းရောင်ဟာ ချက်ခြင်းဘဲ ပျောက်သွားပါတယ်၊ တနည်းအားဖြင့် ရေစီးကြောင်းထဲမှာ လက်နှင့် စမ်းသပ်ထားလျှင် လက်မှာ ထိခိုက် ထိခိုက်သွားတဲ့ ရေတွေဟာ အသစ် အသစ်ချည်းဘဲဆိုတာ ထင်ရှားသိနိုင်ပါတယ်။ တနည်းအားဖြင့် လေတိုက်နေတဲ့အရပ်မှာ တည်နေလျှင် ကိုယ်မှာ တိုက်ခိုက် တိုက်ခိုက် သွားတဲ့ လေတွေဟာ အသစ် အသစ်ချည်းဘဲဆိုတာ ထင်ရှားသိနိုင်ပါတယ်၊ ဒါလိုပါဘဲ လူ့ကိုယ်ထဲမှာ မြင်တိုင်း ကြားတိုင်း ထိတိုင်း ထိတိုင်း ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေဟာ အသစ် အသစ်ချည်းပါဘဲ။ တခဏချင်း ပျောက်ပျက်သွားတဲ့ တရားချည်းဘဲ၊ အဲဒါကို ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ ကိုယ်တိုင်ဘဲ တွေ့ရပါတယ်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ဟာ သူများပြောတာလောက်နဲ့ ခေါင်းညိမ့်ပြီး ယုံကြည်ရတဲ့ တရားမျိုးမဟုတ်ပါဘူး၊ ကိုယ်တိုင် ကျင့်ကြည့်လျှင် ဟုတ်မှန်ကြောင်း ကိုယ်တိုင်ဘဲ တွေ့မြင်နိုင်တဲ့ တရားတော်ဖြစ်ပါတယ်။ ဒါကြောင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဟာ ရုပ်နာမ်တရားတွေ ခဏမစဲ ဖြစ်ပျက်နေတာကို ကိုယ်တိုင်ဘဲ တွေ့ရပါတယ်။ ဒီလို တွေ့ရတဲ့ အတွက် အဲဒီရုပ်နာမ်တွေကို အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားချည်းဘဲလို့လဲ ကိုယ့်ပိုင်ဉာဏ်ဖြင့် သိမြင်သဘောကျ သွားပါတယ်။ ဒီလို သဘောကျသွားတဲ့သူမှာ အဲဒီရုပ်နာမ်တွေနဲ့စပ်ပြီး လောဘ, ဒေါသ အစရှိသော စိတ်အညစ်အကြေး တွေ ဖြစ်ခွင့်မရှိတော့ဘဲ စင်ကြယ်သွားပါတယ်။ ဘယ်အထိ စင်ကြယ်သွားသလဲဆိုလျှင် အရဟတ္တမဂ်ဖိုလ်ဉာဏ်အထိ စင်ကြယ်သွားပါတယ်။ ဒီလို စိတ်အညစ်အကြေးတွေမှာ စင်ကြယ်သွားတဲ့ပုဂ္ဂိုလ်ကို ဗုဒ္ဓဘာသာ တရားတော်က ရဟန္တာပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

## ရဟန္တာဆိုတာ

ဒီရဟန္တာပုဂ္ဂိုလ်ဆိုတာက ပကတိလူတွေနဲ့ အများကြီးကွာခြားနေပါတယ်၊ ပကတိလူတွေက လိုချင်နှစ်သက်စရာ ကောင်းတဲ့ အာရုံဝတ္ထုဆိုလျှင် လိုချင်နှစ်သက်ကြတယ်၊ တပ်မက်သာယာကြတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာတော့ ဘယ်လောက် လိုချင်နှစ်သက်ဖွယ် ကောင်းတဲ့ အာရုံဝတ္ထုဖြစ်ပေမဲ့ လိုချင်နှစ်သက်မှု မရှိဘူး၊ တပ်မက်သာယာမှု မရှိဘူး၊ ကာမဂုဏ်အာရုံ တွေကို သာယာနှစ်သက်ဘို့ လက်ခံသိမ်းပိုက်ဘို့ဆိုတာကတော့ အဝေးကြီးပါဘဲ၊ ပြီးတော့ ပကတိလူတွေက မကောင်းတဲ့ အာရုံဝတ္ထုတွေနဲ့ တွေ့လျှင် စိတ်ဆိုးတတ်ကြတယ်၊ ရွံမုန်းတတ်ကြတယ်၊ ကြောက်ရွံ့တတ်ကြတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာတော့ ဘယ်လောက် မကောင်းတဲ့ အာရုံဝတ္ထုတွေနဲ့ တွေ့ရပေမဲ့ စိတ်ဆိုးခြင်း စိတ်ပျက်ခြင်း မရှိဘူး၊ ရွံမုန်းခြင်း ကြောက်ရွံ့ခြင်း မရှိဘူး၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ စိတ်ဆင်းရဲဆိုတာ ဘယ်တော့မှ မဖြစ်ဘူး။ စိတ်ဟာ အမြဲတမ်း အေးချမ်းကြည်လင် နေတယ်၊ ဒီလို လောဘ, ဒေါသစသော စိတ်အညစ်အကြေးကင်းပြီး ကြည်လင်သန့်ရှင်းနေတဲ့အတွက် ရဟန္တာပုဂ္ဂိုလ်မှာ ဒီဘဝက ပရိနိဗ္ဗာန်ပြုသွားတဲ့အခါ ဘဝသစ်ဆင်းရဲတွေ မပေါ်လာတော့ဘဲ အကုန်ငြိမ်းပြီး အမြဲတမ်း ချမ်းသာသွားပါတယ်၊ ဒါကြောင့် ဒီလို စိတ်စင်ကြယ်သွားအောင်လဲ အားထုတ်ပါတဲ့။ (ဤဩဝါဒ ၃–ပါး ရှင်းပြချက်မှာ အများအားဖြင့် မဟာစည်ဆရာတော်၏ ဟောပြောချက်ဖြစ်သည်)။

မကောင်းမှုကို မပြုနဲ့၊ ကောင်းမှုကိုပြုပါ၊ မိမိစိတ်ကို စင်ကြယ်ပါစေဆိုတဲ့ ဒီဩဝါဒ ၃–ချက်ထဲမှာ "ငါဘုရားကို ကိုးကွယ်ကြ၊ ငါဘုရားကို ကိုးကွယ်မှ ကယ်တင်မယ်"လို့ ဒီလိုပြောဆိုချက်များ ပါသေးသလား၊ မပါပါဘူး၊ ဘယ်သူဘဲ ဖြစ်ဖြစ် ဒီညွှန်ကြားချက် ၃–ပါးအတိုင်း ကျင့်လျှင် ဆင်းရဲမှ လွတ်မြောက်ပြီး ချမ်းသာသွားမှာဘဲ၊ ဗုဒ္ဓမြတ်စွာဘုရားဆိုတာ ချမ်းသာစေနိုင်တဲ့ နည်းလမ်းကောင်းကို ညွှန်ပြရုံသာ ညွှန်ပြနိုင်ပါတယ်။ ညွှန်ပြတဲ့အတိုင်း လိုက်နာပြီး ကျင့်ဘို့ဆိုတာ ကတော့ ကောင်းစားချမ်းသာချင်တဲ့ လူတွေရဲ့ တာဝန်ဖြစ်ပါတယ်၊ ဥပမာ ဆရာဝန်ဆိုတာ ရောဂါဝေဒနာ ပျောက်အောင် ညွှန်ကြားရုံသာ ညွှန်ကြားနိုင်ပါတယ်၊ တကယ်ရောဂါပျောက်အောင် မသင့်တာကိုရှောင်ဘို့ သင့်တဲ့ ဆေးစသည်ကို မှီဝဲ သုံးဆောင်ဘို့ ဆိုတာတွေကတော့ ရောဂါပျောက်ချင်တဲ့ သူနာရဲ့ တာဝန်ဖြစ်ပါတယ်။ ဆရာဝန်က ညွှန်ကြားထားတဲ့ အတိုင်း မလိုက်နာလျှင် ရောဂါမပျောက်ဘူး၊ လိုက်နာလျှင် နေရာဂါပျောက်တယ်၊ ဒါလိုပါဘဲ မြတ်စွာဘုရားက ညွှန်ကြား တဲ့အတိုင်း လိုက်နာပြီး ကျင့်တဲ့သူတွေမှာ ဆင်းရဲမှ လွတ်မြောက်ပြီး ချမ်းသာသွားကြမယ်၊ မလိုက်နာတဲ့ သူတွေမှာတော့ ဆင်းရဲဒုက္ခရောက်နေကြမှာဘဲ။

စဉ်းစားကြည့်ပါ၊ လူတယောက်က အိပ်ချင်နေရာမှာ အခြားလူတယောက်က သူ့ကိုယ်စား အိပ်ပေးတာနဲ့ ပဌမ လူမှာ အိပ်ချင်ပြေသွားပါမလား၊ မပြေပါဘူး၊ အိပ်ချင်တဲ့လူကိုယ်တိုင် အိပ်ရမှ အိပ်ချင်ပြေနိုင်ပါတယ်၊ လူတယောက်က ရေငတ်နေရာမှာ အခြားလူက သူ့ကိုယ်စား ရေသောက်ပေးလို့ ရေငတ်ပြေနိုင်ပါမလား မပြေနိုင်ဘူး၊ သူကိုယ်တိုင် ရေသောက်မှဘဲ ရေငတ်ပြေနိုင်တယ်။ လူတယောက် ရောဂါဖြစ်နေရာမှာ အခြားလူတယောက်က သူ့အစား ဆေးကို စားသုံးတာနဲ့ ရောဂါပျောက်နိုင်ပါမလား၊ မပျောက်နိုင်ဘူး၊ သူကိုယ်တိုင် ဆေးကို စားသုံးရမှ ရောဂါပျောက်နိုင်တယ်။ ဒီလိုပါဘဲ တရားဆိုတာ ကိုယ်တိုင်ကျင့်မှ ကိုယ်တိုင်ချမ်းသာနိုင်တယ်၊ အခြားပုဂ္ဂိုလ်က မိမိတို့ အပြစ်ကို တာဝန်ယူတယ်၊ ကယ်တင်ပေးတယ်ဆိုတာဟာ ချင့်ချိန်စဉ်းစားကြည့်စရာ ကောင်းပါတယ်။

"ဘယ်အချိန်မှာ သေရမယ်"လို့ အတိအကျမသိကြရသော်လဲ "တနေ့ကျတော့ သေရမယ်"ဆိုတာကတော့ လူတိုင်းဘဲ သိနေကြပါတယ်။ ဒီတော့ သေသွားတဲ့အခါမှာ စိတ်ချက်လက်ချ တကယ်အားကိုးစရာ လက်ကိုင်ရှိထားဘို့ လိုပါတယ်၊ ယခုလောကမှာ ရာဇဝတ်ပြစ်မှု ကျူးလွန်မိတဲ့သူကို ဘယ်သူကမှ မကယ်နိုင်ဘူး၊ ကျူးလွန်တဲ့သူ ကိုယ်တိုင် ခံစားရတာဘဲ၊ ရောဂါဖြစ်စေတတ်တဲ့ အစာကို စားလျှင် စားတဲ့သူကိုယ်တိုင်ဘဲ ရောဂါဝေဒနာကို ခံစားရတယ်၊ ဘယ်သူက မှ သူ့ကိုယ်စားဝင်မခံနိုင်ဘူး၊ သေစေတတ်တဲ့အဆိပ်ကို စားသောက်လျှင် စားသောက်တဲ့သူဘဲ သေရတယ်၊ အခြားသူက အစားဝင်ခံပြီး မကယ်နိုင်ဘူး။

## ပုံဝတ္ထုများ

### မောင်ဒုက္ခဝတ္ထု

ယခုစိတ်ဝင်စားစရာကောင်းတဲ့ ပုံဝတ္ထုကလေးတစ်ခုကို ပြောပြီးတရားကို သိမ်းပါတော့မယ်၊ လူတစ်ယောက်ဟာ ဆင်ကြီးက လိုက်လို့ ကြောက်လန့်တကြား ပြေးရာ ရေတွင်းထဲကျသွားတယ်၊ ရေတွင်းထဲမှ မြွေကြီးက ထပြီးလိုက်ပြန်တယ်၊ ကြောက်လန့်တကြား ခုန်ပြေးရပြန်တယ်၊ နွယ်တခုကို တွေ့ရလို့ ဆွဲတက်နေယင်း ပျားအုံမှ တစက်ချင်းကျနေတဲ့ ပျားရည်ကို လျှာနဲ့ခံယူပြီး လျက်နေပါတယ်။ ဒီအတွင်းမှာ ကြွက်မဲနှင့် ကြွက်ဖြူ နှစ်ကောင်ကလည်း သူ့ကို နှောင့်ယှက်နေကြပါတယ်။ ကယ်မည့်သူကလည်း "ဒီကိုလာ ဒီကိုလာ၊ ငါကယ်မယ်" ခေါ်နေပါတယ်၊ ဒီတော့ ဘေးဒုက္ခ ရောက်နေတဲ့ လူက "ခဏလောက်ဆိုင်းပါဦး၊ ဒီမှာ ပျားရည်အရသာကို ခံစားပါရစေဦး"လို့ ပြန်ပြောပါသတဲ့။ ကဲစဉ်းစားကြည့်ကြရမယ်၊ ဆင်ကြီးကလဲ အချိန်မရွေး နင်းသတ်ဘို့ အသင့်ရှိနေတယ်၊ မြွေကြီးကလဲ ကိုက်သတ်မယ်လို့ ချိန်နေတယ်၊ ကြွက်မဲနှင့် ကြွက်ဖြူနှစ်ကောင်ကလည်း တလှည့်စီ အနှောင့်အယှက်ပေးနေတယ်၊ ဒီအထဲမှာ "ပျားရည်အရသာကို ခံစားပါရစေဦး"လို့ မောင်ဒုက္ခက ဆိုနေသေးသတဲ့၊ တယ်သတ္တိကောင်းတဲ့လူဘဲ။

အဲဒီလူဟာ ဘယ်သူထင်ကြသလဲ၊ သူများတွေမဟုတ်ဘူး၊ ယခုလောကထဲမှာ ရှိနေတဲ့ လူတွေဘဲ။ ဆင်ကြီးဆိုတာက သေခြင်းတရားဘဲ၊ ယခုရှိနေကြတဲ့ လူတွေဟာ ဘယ်နှစ်မှာ သေမယ်၊ ဘယ်လ ဘယ်ရက်မှာ သေမယ်၊ နေ့မှာသေမယ်၊ ညမှာသေမယ်၊ ဘယ်နိုင်ငံမှာ ဘယ်မြို့မှာ ဘယ်အရပ်မှာ သေမယ်လို့ ဒီလိုအတိအကျတော့ မသိရဘူး၊ သေရမှာကတော့ ကိန်းသေဘဲဆိုတာကိုတော့ သိနေကြတယ်။ (ဤနေရာ၌ မြတ်စွာဘုရားက မေး၍ ယက်ကန်းသည်မကလေးက ဖြေပုံများကိုလည်း တခါတရံထည့်သွင်း ဖေါ်ပြသွားသည်)။ ရေတွင်းဆိုတာက ဖြစ်နေကြတဲ့ ဘဝဘဲ။ မြွေကြီးဆိုတာက အိုခြင်းတရားဘဲ၊ နွယ်ဆိုတာက ဘဝတဏှာဘဲ၊ (ကြွက်မည်းနှင့် ကြွက်ဖြူဆိုတာက ဘာတွေလဲ သိသူရှိလျှင်ဖြေပါ၊ တရားစာအုပ်နှင့် ဘုရားကား ဆုပေးမည်ဟု စိတ်ဝင်စားအောင် ပရိသတ်ကို မေးလိုက်သေး၏။ ၎င်းမှာ နာကြားဘူးသူပင် ဖြစ်ပေမည်)။ ကြွက်မည်းနှင့် ကြွက်ဖြူဆိုတာက ညဥ့်နှင့် နေ့ဘဲ။ ပျားရည်ဆိုတာက ကာမဂုဏ်ငါးပါးဘဲ၊ ကယ်မည့်သူဆိုတာက ဗုဒ္ဓမြတ်စွာဘုရားဘဲ။ "ဆင်းရဲမှလွတ်မြောက်ချင်လျှင် မကောင်းမှုကို မပြုနဲ့။ ကောင်းမှုကိုပြုပါ၊ မိမိစိတ်ကို စင်ကြယ်ပါစေ"လို့ ဗုဒ္ဓမြတ်စွာဘုရားက ညွှန်ကြားပြီး ခေါ်နေပါပြီ၊ ဘယ့်နှယ်လဲ တို့လူစုတွေက ပျားရည်ကလေး စားပါရစေဦးလို့ ပြောကြဦးမှာလား။ (ပြုံးရည်ကြသည်)။

### ပျားကောင်ဝတ္ထု

တခါတရံ၌ အခြားပုံဝတ္ထုတခုကို ပြောပြသည်။ ၎င်းမှာ–ပျားတစ်ကောင်ဟာ ဆာလောင်လှသဖြင့် ပန်းဝတ်ရည်ကို ရှာရင်း ပဒုမ္မာကြာအိုင်ကြီးသို့ ရောက်လာတယ်၊ ကြာပွင့်တခုကို ဝင်ပြီး ပန်းဝတ်ရည်ကို စားသုံးနေတယ်၊ ထိုအချိန်မှာ နေဝင်ချိန်ဖြစ်၍ ကြာပန်းက တဖြေးဖြေးစုပြီး ပိတ်သွားတယ်။ ပျားကောင်မှာ ကြာပန်းထဲ၌ ပိတ်မိလျက်ရှိနေတယ်၊ သို့သော် ပျားကောင်မှာတော့ စိတ်မပျက်သေး "နံနက် နေထွက်ချိန်ကျတော့ ဒီကြာပန်းဟာ ပြန်ပွင့်မှာဘဲ၊ ဒီတော့ ငါလဲ ဒီကြာပန်းထဲက ထွက်ပြီး ငါ့အဖေါ်များဆီကို ပြန်သွားမယ်။ အဖေါ်များနဲ့ ဝမ်းမြောက်ဝမ်းသာ တွေ့ရမယ်"၊ စသည်ဖြင့် စိတ်ကူးယဉ်လျက် ရှိနေပါတယ်၊ ထိုအခိုက်မှာ ဆင်ကြီးတကောင်ကလည်း အဲဒီရေအိုင်ကို ရောက်လာပါတယ်။ ဒီဆင်ကြီးကလဲ ဆာလောင်လှသဖြင့် ရေအိုင်ထဲဆင်းပြီး ကြာပန်းတွေကို စားတယ်။ ကံမကောင်း အကြောင်းမသင့်သဖြင့် ဆင်နှာမောင်းက ပျားကောင်ပိတ်မိနေတဲ့ ကြာငုံကိုဘဲ ဆွဲကိုင်မိသွားတယ်၊ အဲ့ဒီကြာငုံကို ဆွဲယူပြီး ဆင်ကြီးက ဝါးစားလိုက်တော့ ပျားကောင်ခမြာမှာ မျှော်လင့်ချက်မရှိဘဲ ဆင့်ပါးစပ်ထဲ၌ သေပွဲဝင်သွားရ ရှာပါတယ်တဲ့။ ဒါက ဥပမာဘဲ။

ဒီဥပမာထဲမှာ ပျားကောင်ဆိုတာက ယခုရှိနေတဲ့ လူတွေဘဲ။ ကြာရုံ ကြာငုံဆိုတာက ကာမဂုဏ်ငါးပါး အာရုံတရားတွေဘဲ၊ ဆင်ကြီးဆိုတာက သေခြင်းတရားဘဲ၊ ပျားကောင်က ကြာငုံထဲမှာ ပန်းဝတ်ရည်တွေကို စားသုံးပြီး မျှော်လင့်ချက်တွေနဲ့ စိတ်ကူးယဉ်နေတယ် ဆိုတာက ယခုလူတွေဟာ ကာမဂုဏ်အာရုံတွေနဲ့ ပျော်မွေ့ပြီး နောင်ရေးနောင်တာအတွက် စိတ်ကူးယဉ်နေကြတာကို ဆိုလိုတယ်။ ပျားကောင် စိတ်ကူးယဉ်နေတုန်း ဆင်းပါးစပ်ထဲ သေပွဲဝင်သွားရတာလို ယခုလူတွေမှာလဲ နက်ဖြန်ခါ ဘယ်သွားမယ်၊ ဘာလုပ်မယ်၊ ဘယ်သူနဲ့တွေ့မယ်၊ ဘာကိုသုံးဆောင်မယ် စသည်ဖြင့် မျှော်လင့်ချက်တွေနဲ့ ပျော်နေတုန်းမှာ သေမင်းကြီးနဲ့တွေ့ပြီး သေသေသွားကြရပါတယ်၊ ဒါကြောင့် အချိန်ရှိခိုက်က လုံ့လစိုက်ပြီး တကယ်အားကိုးရာ ဖြစ်မည့် တရားကို ရှာမှီးဘို့ ကျင့်ကြံဘို့လိုပါတယ် စသည်ဖြင့် ပြောဟောပြီးလျှင် တခါတရံ၌ အရှင်နာရဒ အရှင်ပိယဒဿီတို့က အင်ဒိုနေးရှားဘာသာဖြင့်–

"သမုဂ္ဂ သမူဟ သောဒရ သောဒရီ ဘရဟ ဘာဂီးယား"

"ညီအစ်ကို အစ်မ နှစ်မများအားလုံး ချမ်းသာကြပါစေ"ဟု ဆုတောင်းပတ္ထနာပြုလျက် တရားသိမ်းသည်။ ထိုအခါ အင်ဒိုနေးရှားဘာသာဖြင့် ပြောသည်ကို ကြားရ၍ ပြုံကြသည်။ (သမုဂ္ဂ၊ ဖြစ်ပါစေ။ သမူဟ၊ အားလုံး။ သောဒရ၊ ညီအစ်ကို။ သောဒရီ၊ အစ်မ နှစ်မ၊ ဘရဟ ဘာဂီးယား၊ ချမ်းသာကြသည်)။ ထိုနောင် မေးလိုသော အချက်များကို မေးနိုင်သည်ဟု ခွင့်ပြုပြီး ခေတ္တနားနေသည်။

## အမေးအဖြေများ

တရားပွဲအခမ်းအနားမှူးက မေးခွန်းရေးရန် စက္ကူပိုင်းကလေးများကို ဝေငှသည်။ မေးလိုသော သူများက ၎င်းစက္ကူပိုင်းကလေးများကို တောင်းယူ၍ မိမိတို့မေးလိုရာကို ရေးကြသည်၊ တချို့မေးခွန်းမှာ တိုက်နှင့် ရိုက်ထားသဖြင့် အိမ်မှ စီစဉ်လာခဲ့ဟန်ရှိသည်။ ၁၀-မိနစ်လောက် ကြာသောအခါ စားပွဲပေါ်သို့ အချို့မေးခွန်းများ ရောက်လာသည်။ အစဉ်အတိုင်း ဖြေရှင်းပြသည်။ ၎င်းတို့တွင် အချို့ကို ဤ၌ ဖော်ပြမည်။

## သတ္တဝါတွေကို ဖန်ဆင်းသူရှိသလား

၁။ မေးခွန်း။ သတ္တဝါတွေကို ဖန်ဆင်းတဲ့သူ ရှိပါသလား၊ မရှိပါဘူးလား၊ မရှိဘူးဆိုလျှင် ဘာ့ကြောင့်ပါလဲ။

ဖြေရှင်းချက်။ ဟိန္ဒူဘာသာ၊ ခရစ်ယန်ဘာသာ၊ မူစလင်ဘာသာတရားများအရဆိုလျှင် ဖန်ဆင်းတဲ့ ဘုရားသခင် ရှိတယ်လို့ ဆိုရပေလိမ့်မယ်။ ဗုဒ္ဓဘာသာတရားတော်အရဆိုလျှင်တော့ ဖန်ဆင်းတဲ့ဘုရားသခင်ဆိုတာ မရှိဘူး။ ဘာ့ကြောင့် မရှိဘူးဆိုရသလဲဆိုလျှင် လောကမှာ သေသေချာချာ စဉ်းစားဝေဘန်ကြည့်လျှင် ပကတိ မျက်မြင်အားဖြင့်လဲ အကြောင်းနဲ့ အကျိုးကိုသာ တွေ့ရတယ်။ အနောက်နိုင်ငံက ဓာတုဗေဒ လောကဓါတ် ဆရာကြီးတွေကလဲ သူတို့၏ လက်တွေ့အားဖြင့် အကြောင်းနဲ့အကျိုးကိုသာ တွေ့ရတယ်လို့ ဆိုတယ်။ ဗုဒ္ဓမြတ်စွာဘုရား၏ ညွှန်ကြားချက်အတိုင်း တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာလဲ ဘာဝနာဉာဏ်နဲ့ကြည့်တဲ့အခါ အကြောင်းနဲ့အကျိုးကိုသာ တွေ့မြင်ရတယ်။ ပြီးတော့ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုလျှင် အဲဒီဖန်ဆင်းတဲ့ပုဂ္ဂိုလ်မှာ အပြစ်တင်စရာတွေ အများကြီးရောက်လာတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-ကျော်က ဟောထားခဲ့တဲ့ ဗုဒ္ဓဘာသာတရားတော်မှာ ဖန်ဆင်းတဲ့ ဘုရားသခင် မရှိဘူးလို့ ဆိုထားပါတယ်။

အဲဒါကို အနည်းငယ် ရှင်းလင်းပြီး ပြောပြဦးမယ်။ ရှေးရှေးကမ္ဘာဦးက လူတွေမှာ ကောင်းကင်ကို ပျံတက်ကြည့်ဘို့ လေယာဉ်ပျံလဲ မရှိဘူး၊ ဂြိုဟ်နက္ခတ်တွေကို ကြည့်နိုင် မြင်နိုင်တဲ့ မှန်ပြောင်းလဲ မရှိသေးဘူး၊ ကမ္ဘာမြေကြီးပေါ်မှာလဲ တနေရာက တနေရာကိုသွားဘို့ မီးရထား, မော်တော်ကား, မီးသင်္ဘော, လေယာဉ်ပျံဆိုတာတွေလဲ မရှိသေးဘူး။ ဒါကြောင့် အဲဒီရှေးက ပကတိလူတွေဟာ သူတို့၏ အနီးပတ်ဝန်းကျင်လောက်သာ သိကြတယ်။ ကမ္ဘာလောကကြီး အကြောင်းကို ကောင်းကောင်း မသိကြသေးဘူး၊ အာကာသ ကောင်းကင်အကြောင်းကိုလဲ ကောင်းကောင်း မသိကြသေးဘူး။ မိမိတို့၏ ခေါင်းပေါ်မှ ကောင်းကင် အမိုးခုံးခုံးကြီး ဖုံးအုပ်လျက် ရှိနေတယ်လို့ တချို့က ထင်ကြတယ်။ ဘုရားသခင်က အဲဒီ ကောင်းကင် အမိုးကြီးနဲ့ ကမ္ဘာမြေကြီးကို စပြီး ဖန်ဆင်းတယ်၊ ပြီးတော့မှ သတ္တဝါတွေကိုလဲ ဖန်ဆင်းတယ်လို့ ယူဆကြတယ်။ နေကြီးဟာလဲ ဘုရားသခင်၏ အလိုတော်အတိုင်း ညကာလမှာ အနောက်ဘက်စမှ အရှေ့ဘက်စသို့ ကောင်းကင် အမိုးကြီးပေါ်က ပြန်သွားပြီးတော့ နံနက်အချိန်မှာ အရှေ့ဘက်က တဖန်ထွက်လာတယ် စသည်ဖြင့်လဲ ကြံဆပြီး ယူကြတယ်။

လောကဓာတ် ပညာဘက်က တိုးတက်နေတဲ့ ယခုခေတ်မှာတော့ အဲဒီလိုအခြေအမြစ် မရှိတာတွေကို လက်တွေ့ အခြေအပြစ်ရှာနေတဲ့ ပညာရှိတွေက မယုံကြတော့ဘူး။ အာကာသ ကောင်းကင်ကို လေယာဉ်ပျံနဲ့လဲ တက်ကြည့်နိုင်တယ်။ မှန်ပြောင်းကြီးများနဲ့လဲ ကြည့်နိုင်တယ်။ ဂြိုဟ်တုတွေတောင် လွှတ်ပြီးစုံစမ်းနိုင်သေးတယ်၊ ကမ္ဘာကိုလဲ ရက်တပတ် အတွင်းမှာ လှည့်လည်ပြီး ကြည့်နိုင်တယ်။ ဒါကြောင့် "ကောင်းကင်အမိုးခုံးခုံးကြီး ရှိတယ်ဆိုတာလဲ မဟုတ်ဘူး။ ညပိုင်းမှာ နေကြီးက အဲဒီအမိုးကြီးပေါ်က အရှေ့ကို ပြန်သွားတယ်ဆိုတာလဲ မဟုတ်ဘူး" ဆိုတာတွေကို အမှန်အတိုင်း သိလာကြတယ်။ ဒါကြောင့် ဘုရားသခင်က ကောင်းကင်နဲ့မြေကြီးကို ဖန်ဆင်းတယ် စသည်ဖြင့် ယူဆတဲ့ ဝါဒမျိုးတွေကို လက်တွေ့ အခြေအမြစ်ရှာနေတဲ့ ယခုခေတ် ပညာရှိတွေက လက်မခံနိုင်ကြဘူး။ ပြီးတော့ ဓာတုဗေဒဆရာကြီးတွေက နည်းအမျိုးမျိုးနဲ့ စမ်းသပ်ကြည့်တဲ့အခါမှာ အကြောင်းနဲ့အကျိုးကိုသာ တွေ့ကြရတယ်။ ဗုဒ္ဓမြတ်စွာဘုရားကလဲ "ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ သူ့ဆိုင်ရာ အကြောင်းနဲ့ အကျိုးသာရှိတယ်"လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-ကျော်ကထဲက ဟောထားခဲ့ပါတယ်။ ဒါကြောင့် ယခုခေတ် ဓာတုဗေဒ ဆရာကြီးတွေရဲ့ လက်တွေ့ဟာ ဗုဒ္ဓဘာသာတရားတော်နဲ့ ကိုက်ညီနေပါတယ်။ ဒီနေရာ အထူးသတိပြုစရာကတော့ ဗုဒ္ဓဘာသာတရားက ဓာတုဗေဒပညာနှင့်ကိုက်ညီအောင် ပြုပြင်ထားတာ မဟုတ်ဘူး၊

အမှန်မှာတော့ ယခုခေတ်မှ ပေါ်လာတဲ့ လက်သစ် ဓာတုဗေဒပညာက နှစ်ပေါင်း ၂၅၀၀–ကျော်ကဟောတဲ့ ရှေးဟောင်း ဗုဒ္ဓဘာသာ တရားနှင့်အညီ မှန်ကန်တဲ့ အချက်တွေကို တွေ့တယ်ဆိုတာ အထူးသတိပြုသင့်ပါတယ်။

ပြီးတော့ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုလျှင် မကြေနပ်စရာ အပြစ်တင်စရာတွေ အများကြီး ရှိနေပါတယ်။ လူတွေကို အန္တရာယ်ပြုတတ်တဲ့ မြွေဆိုးတွေ သားရဲတိရစ္ဆာန်တွေ, ပရွက်ဆိတ်တွေ, ခြတွေ, ခြင်, မှတ်, ယင်ကောင်တွေ ရောဂါပိုး အမျိုးမျိုးတွေ ဒီလိုဟာတွေကို ဘာ့ကြောင့် ဖန်ဆင်းရသလဲ၊ လူတွေကိုလဲ ညီတူမဖန်ဆင်းဘဲနဲ့ ဘာ့ကြောင့် အဆင့်အတန်း ခွဲခြားပြီး ဖန်ဆင်းရသလဲ၊ ဥရောပ အမေရိကက လူတွေကို ခေတ်ပေါ်ပစ္စည်းတွေနဲ့ ပြည့်စုံကြွယ်ဝအောင် ဖန်ဆင်းပြီးတော့ အာရှတိုက်က လူတွေကိုတော့ ဘာ့ကြောင့် ပြည့်စုံကြွယ်ဝအောင် မဖန်ဆင်းရသလဲ၊ အထူးအားဖြင့် အင်ဒိုနေးရှားက လူတွေကို ဥရောပ အမေရိကတို့လို ကြွယ်ဝအောင် ဘာ့ကြောင့် မဖန်ဆင်းရသလဲ၊ သီဟိုဠ်နိုင်ငံ ဗမာနိုင်ငံက လူတွေကိုလဲ အလားတူ ပြည့်စုံကြွယ်ဝအောင် ဘာ့ကြောင့် မဖန်ဆင်းရသလဲ၊ ကမ္ဘာအရပ်ရပ်မှာ ဘုရားသခင်ကို မကိုးကွယ်ဘဲနဲ့ ကြီးပွါးချမ်းသာနေတဲ့ လူတွေလဲရှိတယ်။ ဘုရားသခင်ကို ဘိုးစဉ်ဘောင်ဆက်မှစပြီး ကိုးကွယ်နေပါလျက်နဲ့ မကြီးပွားဘဲ ဆင်းရဲနေတဲ့ လူတွေလဲ ရှိတယ်။ အဲဒါတွေကို ဘာ့ကြောင့် ဒီလိုဖန်ဆင်းရသလဲ။ တချို့မှာ အသက်ရှည်တယ်၊ အဆင်းလှတယ်၊ ကျန်းမာတယ်၊ ပညာကြီးတယ်၊ အခြွေအရံပေါတယ်။ ဥစ္စာပေါတယ်၊ အထက်တန်းကျတယ်၊ တချို့မှာတော့ အသက်တိုတယ်၊ အရုပ်ဆိုးတယ်၊ ရောဂါများတယ်၊ ပညာနည်းတယ်၊ အခြွေအရံ မရှိဘူး၊ ဥစ္စာမရှိဘူး၊ လူရာမဝင်ဘူး၊ အဲဒါတွေကို ဘာ့ကြောင့် ဒီလို ခွဲခြားပြီး ဖန်ဆင်းရသလဲ စသည်ဖြင့် မကျေနပ်စရာ အပြစ်တင်စရာတွေ အများကြီး ရှိနေပါတယ်။

အဲဒီ မကျေနပ်စရာတွေကို ဗုဒ္ဓဘာသာတရားတော်က "မိမိတို့ပြုထားတဲ့ ကံတရားအတိုင်းဘဲ"လို့ ဖြေရှင်းထားပါတယ်။ "ရှေးဘဝများက ပြုခဲ့တဲ့ ကောင်းမှုကံရှိသူတွေမှာ ယခုဘဝ၌ ဘာမျှအားမထုတ်ရဘဲနဲ့လဲ ကြီးပွားချမ်းသာနိုင်တယ်၊ ယခုဘဝမှာ ကြီးပွါးရာ ကြီးပွါးကြောင်းအလုပ်ကို လုပ်လျှင်တော့ သာပြီး ကြီးပွါးချမ်းသာနိုင်တယ်။ ရှေးဘဝက ကောင်းမှုကံ မရှိတဲ့သူမှာတော့ ဘယ်လိုဘဲ အားထုတ်ပေမဲ့ ထူးထူးခြားခြား မကြီးပွါးနိုင်ဘူး။ ဝီရိယ အကျိုးလောက်သာ ခံစားရတယ်"လို့ ဖြေရှင်းထားပါတယ်။ ဒီဖြေရှင်းချက်ကို နိုင်ငံတကာမှာရှိကြတဲ့ လူတွေရဲ့ အခြေအနေက ထောက်ခံနေပါတယ်။ လူတွေဟာ အများအားဖြင့် ကြီးပွါးချမ်းသာအောင် အားထုတ်နေကြပါတယ်။ သို့ပေမဲ့ အချို့အနည်းငယ်လောက်သာ ကြီးပွါးချမ်းသာပြီး လူများစုမှာတော့ မကြီးပွါး မချမ်းသာဘဲ ဖြစ်နေပါတယ်။ ဒါက ထင်ရှားတဲ့ သာဓကေ တစ်ခုပါဘဲ။ ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်ရှိတဲ့ အနေနဲ့တော့ ဒီအချက်တွေကို ဖြေရှင်းဘို့ခက်ပါတယ်။

ဒီနေရာမှာ ပိုပြီးထင်ရှားတဲ့ သာဓကေ တစ်ခုကိုလဲ ထုတ်ပြချင်ပါသေးတယ်။ ခရစ်ယန်ဘာသာ, မူစလင်ဘာသာ တရားအရအားဖြင့် လူတွေမှာ ရှေးဘဝရယ်လို့ မရှိဘူး။ ယခုတစ်ဘဝထဲရှိတယ်၊ ယခုဘဝက သေတဲ့အခါလဲ ဘုရားသခင်၏ အလိုတော်ကျ လိုက်နာတဲ့သူကို ကောင်းကင်ဘုံကယ်တင်တယ်၊ မလိုက်နာတဲ့သူကို ထာဝရငရဲ ပစ်ချတယ်လို့ ဆိုကြပါတယ်။ လူမျိုးတိုင်း ဘာသာဝင်တိုင်း၌ တချို့ကလေးဟာ မွေးပြီးခါစမှာဘဲ သေသွားပါတယ်။ အဲဒီကလေးဟာ ဘုရားသခင်ဆိုတာလဲ မသိသေးတဲ့အတွက် အလိုတော်ကျ လိုက်နာတာ မလိုက်နာတာရယ်လို့ ဘာမျှ မရှိနိုင်သေးဘူး။ ဒီလိုကလေးကို ဘာ့ကြောင့် ဒါလောက် အသက်တိုအောင် ဖန်ဆင်းရသလဲ၊ မိခင်ဖြစ်သူမှာလဲ ကလေး ဆုံးသွားတဲ့အတွက် အများကြီး စိတ်မချမ်းမသာဖြစ်ရှာမယ်။ အဲဒါလဲ ဘာ့ကြောင့်လဲ၊ ဗုဒ္ဓဘာသာတရားတော်မှာတော့ "သူတပါးကို သတ်ဘူးတဲ့ကံကြောင့် အသက်တိုရတယ်။ သူတစ်ပါးသတ်ဖြတ်ရာမှာ သဘောတူဘူး ဝမ်းသာဘူးလို့ သားစသည်သေပြီး စိတ်ဆင်းရဲရတယ်"လို့ ဖြေရှင်းထားပါတယ်။ ပြီးတော့ အဲဒီလို မွေးခါစ သေသွားတဲ့ကလေးကို ထာဝရငရဲဘဲပို့မလား၊ ကောင်းကင်ဘုံဘဲ ကယ်တင်မလား၊ ဒီကလေးမှာ ငရဲပို့ရလောက်အောင်လဲ ကျူးလွန်မိတဲ့အပြစ် ရှိမှာမဟုတ်ဘူး။ ကောင်းကင်ဘုံ ကယ်တင်ရလောက်အောင်လဲ ဘုရားသခင်၏ အလိုတော်ကျ လိုက်နာမှုရှိမှာ မဟုတ်ဘူး။ အဲဒါဟာ စဉ်းစားရခက်ပါတယ်။

ဒီလို ကလေးဟာ ဘာမျှ အပြစ်မရှိသေးတဲ့အတွက် ဘုရားသခင်က ချစ်လို့ စောစောခေါ်တော်မူတယ်လို့ ဒီလိုများ ယူရမလား၊ ဒီလို ယုံကြည်နိုင်လျှင်တော့ ကိုယ့်သားသမီးကလေး ကောင်းကင်ဘုံ မြန်မြန်ရောက်သွားအောင် မွေးလာကတည်းက မပြုစုဘဲ ပစ်ထားလိုက်ရလျှင် မကောင်းကြပေဘူးလား။ (ပြုံးကြ ရယ်ကြသည်)။

ယခုပြောခဲ့တဲ့အတိုင်း လူတွေရဲ့ အလိုမကျတာ အဆင်မပြေတာတွေ ဟူသမျှဟာ ဖန်ဆင်းတဲ့ပုဂ္ဂိုလ်ရဲ့ အပေါ်မှာ ချည်း ကျရောက်နေပါတယ်။ ဒါကြောင့်လဲ ဗုဒ္ဓဘာသာတရားတော်က "ဖန်ဆင်းတဲ့သူ မရှိဘူး၊ သတ္တဝါတွေဟာ မိမိတို့ ကိုယ်တိုင် ပြုထားတဲ့ ကံအကြောင်းတရားအားလျော်စွာ ဖြစ်နေကြရတယ်"လို့ ပြဆိုထားခြင်းဖြစ်ပါတယ်။

ဒီလို ဖြေရှင်းနေချိန်၌ နားထောင်နေသော ပရိသတ်မှာ အများအားဖြင့် ကောင်းကင်ဘုံက ဘုရားသခင်ကို ကိုးကွယ်သူတွေသာ များလိမ့်မည်ဟု ယူဆရပေသည်။ ထိုကြောင့် အရှင်နာရဒ ထိုပုဂ္ဂိုလ်တို့အား နှစ်သိမ့်ကြေနပ်စေရန် အတွက် "ယခုဖြေရှင်းချက်ထဲမှာ ဘုရားသခင်ကို ယုံကြည်တဲ့သူတွေနဲ့ ဆန့်ကျင်တဲ့စကားတွေလဲ ပါသွားပါတယ်၊ ယခုလို ပြောရတာကတော့ မေးခွန်းရှိလို့ မရှောင်မလွှဲသာတဲ့အတွက် ဗုဒ္ဓဘာသာ တရားတော်အရ ပြောရခြင်းဖြစ်ပါတယ်။

ဘုရားသခင်ရှိတယ်လို့ ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေမှာ မိမိတို့၏ ဘာသာတရားအတိုင်း ဖန်ဆင်းတဲ့ဘုရားသခင် ရှိတယ်လို့လဲ ယုံကြည်ယူဆနိုင်ပါတယ်"ဟူ၍ နိဂုံးချုပ်နှစ်သိမ့်ဖွယ် စကားကိုလည်း ပြောကြားလိုက်သေးသည်။

## ဗုဒ္ဓဘာသာဝင် လူကျင့်ဝတ်

၂။ မေးခွန်း။ ဗုဒ္ဓဘာသာဝင် ဥပါသကာများမှာ ဘယ်လို အကျင့်ကို ကျင့်ရပါသလဲ။

ဖြေရှင်းချက်။ ဗုဒ္ဓမြတ်စွာဘုရားကို ယုံကြည်တဲ့ သူဟာ ဗုဒ္ဓဘာသာအဖြစ်ကို ခံယူနိုင်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ လောဘ, ဒေါသ, မောဟ စိတ်အညစ်အကြေး ကင်းဝေးစင်ကြယ်တယ်။ တရားအလုံးစုံကို အကုန်သိတယ်။ မြတ်စွာဘုရား၏ တရားတော်ဟာ မှန်ကန်တယ်။ ထိုတရားအတိုင်း ကျင့်လျှင် မျက်မှောက်ဘဝမှာရော နောင်သံသရာမှာရော ကောင်းစားချမ်းသာသွားနိုင်တယ်။ အကျိုးများတယ်လို့ ဒီလိုယုံကြည်တဲ့သူဟာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏။ သံဃံ သရဏံ ဂစ္ဆာမိ-သံဃာတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏"ဟု သရဏဂုံ ဆောက်တည်ရတယ်။ ဒီလိုဆောက်တည်လိုက်လျှင် ဗုဒ္ဓဘာသာဝင် ဥပါသကာ ဥပါသိကာမ ဖြစ်ပါတယ်။ ဘုရား တရား သံဃာတော်ဟာ အမြတ်ဆုံးဘဲလို့ ယုံကြည်လေးစားမှု ရှိနေသမျှကာလပတ်လုံး ဒီဗုဒ္ဓဘာသာဝင် ဥပါသကာအဖြစ်ဟာ တည်တံ့နေပါတယ်။

ဥပါသကာ၏ ကျင့်ဝတ်ကတော့ အောက်ထစ်ဆုံးအားဖြင့် ငါးပါးသီလကို ကျင့်ရတယ်။ ခြင်, မှက်, ကြမ်းပိုး, သန်း, ကြမ်းပိုးဥ, သန်းဥ, ကြက်ဥ, ဘဲဥမှစ၍ အသက်ဝိညာဏ်ရှိတဲ့ သတ္တဝါကို မသတ်ဖြတ် မဖျက်ဆီးရဘူး။ သူတပါး ဥစ္စာကို မခိုးယူရဘူး။ ကိုယ်နှင့်မဆိုင်တဲ့ မိန်းမယောကျ်ားတို့နှင့် ကာမဂုဏ် မကျူးလွန်ရဘူး။ လိမ်လည်မပြောရဘူး။ မူးယစ်စေတတ်တဲ့ သေရည်အရက် ဘိန်းစသည်ကို မသောက်မစားရဘူး။ ဒီသိက္ခာပုဒ်ငါးခုကို အောက်ထစ်ဆုံးအားဖြင့် ကျင့်သုံးရတယ်။ ဒါထက် တတ်နိုင်လျှင်တော့ ရှစ်ပါးသီလ ဆယ်ပါးသီလ သမထ ဝိပဿနာအလုပ်များကိုလဲ အားထုတ်ရတယ်။ ဒါတွေဟာ ဥပါသကာ၏ ကျင့်ဝတ်တွေပါဘဲ။

## ဗုဒ္ဓဘာသာဝင် ရဟန်းကျင့်ဝတ်

၃။ မေးခွန်း။ ရဟန်းများမှာ ဘယ်လိုကျင့်ဝတ်တွေကို ကျင့်ရပါသလဲ။

ဖြေရှင်းချက်။ ထေရဝါဒ ဗုဒ္ဓဘာသာမှာ ရဟန်းပြုချင်တဲ့လူဟာ သပိတ်တစ်လုံး သင်္ကန်း ၃-ထည်နှင့်တကွ သံဃာတော်ထံမှာ ရဟန်းပြုပေးဘို့ တောင်းပန်ရတယ်။ ငါးပါးထက်မနည်း အရေအတွက်ရှိတဲ့ သံဃာတော်က ရဟန်းပြုမပေးထိုက်တဲ့ အပြစ်ရှိမရှိကို စစ်ဆေးပြီး အပြစ်မရှိလျှင် ရဟန်းပြုပေးတယ်။ ဒီလိုရဟန်းပြုပေးပြီးတဲ့ အချိန်မှစ၍ ဒီရဟန်းဟာ အကျဉ်းအားဖြင့် ၂၂၇-ပါး အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော် ရှိတဲ့ သီလ သိက္ခာပုဒ်တွေကို ကျင့်ရတယ်။ ၎င်းတို့ထဲမှ ထင်ရှားတဲ့ သိက္ခာပုဒ်အချို့ကို ဖော်ပြမယ်။

ရဟန်းဟာ မေထုန်အမှုကို မပြုရဘူး။ မိန်းမကို မထိရ မကိုင်ရဘူး၊ မိန်းမတို့၏ အဝတ်အစား အဆင်တန်ဆာများကိုလဲ မကိုင်ရဘူး၊ မိန်းမအရုပ်ကိုတောင် မကိုင်ရဘူး၊ သူတပါးဥစ္စာကို မခိုးယူရ မဖျက်ဆီးရဘူး၊ အသက်ဝိညာဏ်ရှိတဲ့ သတ္တဝါကို မသတ်ဖြတ်ရဘူး၊ မနိုပ်စက် မညှင်းဆဲရဘူး၊ ဓား သေနတ် စသော လက်နက်ကို မကိုင်ရဘူး၊ ဈာန် မဂ်ဖိုလ် တရားထူးများကို မရဘဲနဲ့ ရရှိလေဟန် ဝါကြွား၍ မပြောရဘူး၊ မလိမ်ရဘူး၊ မဆဲရဘူး၊ ဂုံးမတိုက်ရဘူး၊ သေရည်အရက် စသည်ကို မသောက်မစားရဘူး၊ နေ့ ၁၂-နာရီကျော် နေမွန်းလွဲချိန်မှစ၍ နံနက် အာရုဏ်တက်ချိန်အထိ ဒီကာလအတွင်း၌ ထမင်းဟင်း မုံ့သစ်သီး နွားနို့ လဘက်ရည်အချို ဒီလို အစာအာဟာရများကို မစားမသောက်ရဘူး၊ မိမိအတွက် ရည်ရွယ်၍ သတ်သည့် သားငါးကို မစားရဘူး၊ တီးမှုတ်ကခုန်ပွဲ ရုပ်ရှင်ပွဲ ဘောလုံးပွဲ ပြပွဲ ပြိုင်ပွဲ ဒီလိုပျော်ပွဲ ရွှင်ပွဲများကို မကြည့်ရှုရ နားမထောင်ရဘူး။ ရွှေ ငွေ ငွေစက္ကူများကို မခံယူရဘူး၊ မကိုင်ရဘူး၊ (ရွှေ ငွေ မကိုင်ခံအပ်ကြောင်းကို အရှင်နာရဒက ခပ်ကျယ်ကျယ် ပြောသည်။ သူဟာ တပါးတည်း ကမ္ဘာကိုတစ်ပတ်လှည့်လည်ပြီး သွားခဲ့သော်လည်း စရိတ်ငွေ မပါခဲ့ကြောင်း။ စရိတ်မပါသည်ကို သိ၍ ဒါယကာများက အလိုက်သိစွာ ထောက်ပံ့လှူဒါန်းကြသဖြင့် အစစ အရာရာ ပြည့်စုံခဲ့ကြောင်းများကိုပါ ဖော်ပြ၍ပြောသည်)။ တစုံတရာ ရောင်းခြင်း ဝယ်ခြင်းကို မပြုရဘူး၊ ဆွေမျိုးလဲ မတော် ဘိတ်မန်ထားခြင်းလဲ မရှိတဲ့ လူထံမှ မတောင်းရဘူး၊ ဆွမ်းသင်္ကန်း စသည်ကို စားသောက် သုံးဆောင်တဲ့အခါမှာ လောဘ ဒေါသ မဖြစ်ရအောင် အကျိုးကို ဆင်ခြင်ပြီး စားသုံးရတယ်။

အချုပ်အားဖြင့်ဆိုလျှင်တော့ ပညာရှိသူတော်ကောင်းတွေ မြင်လျှင် ကြားလျှင် ကဲ့ရဲ့ဖွယ် ဖြစ်သည့် ကိုယ်အမူအရာ ဟူသမျှကို မပြုရဘူး၊ နှုတ်အမူအရာ ဟူသမျှကို မပြောရဘူး၊ ဒီလို ကိုယ်ကျင့်သီလတွေကို ကျင့်ရတယ်။

ပြီးတော့ ဝိနည်းတော်နဲ့ တရားတော်တွေကို သင်ယူရတယ်။ သူတပါးကိုလဲ သင်ပြပေးရတယ်၊ ဒါယကာ ဒါယိကာမတွေကို တရားဟောရတယ်၊ သမထဝိပဿနာ အလုပ်တွေကို အားထုတ်ကျင့်ကြံရတယ်။ ဒါတွေဟာ ရဟန်းများ ကျင့်ရတဲ့ ကျင့်ဝတ်တွေပါဘဲ။

## ရဟန်းတော်များနှင့်သက်သတ်လွတ်

၄။ မေးခွန်း။ ဗုဒ္ဓဘာသာရဟန်းများမှာ သက်သတ်လွတ်ချည်း စားရပါသလား။

ဖြေရှင်းချက်။ ရဟန်းများမှာ သက်သတ်လွတ်ချည်း စားရမယ်လို့တော့ သိက္ခာပုဒ်မရှိပါဘူး၊ ဒါပေမဲ့ အထူးတားမြစ်ထားတဲ့ အသားကြီး ဆယ်မျိုးနှင့် ရည်ရွယ်တဲ့ အသားကိုတော့ မစားရဘူး၊ အသားကြီးဆယ်မျိုး ဆိုတာက လူသား၊ ဆင်သား၊ မြင်းသား၊ ခွေးသား၊ ကျားသား၊ ကျားသစ်သား၊ ဝက်ဝံသား၊ ဝံပုလွေသား၊ ခွေးသား၊ မြွေသား၊ ဒီဆယ်မျိုးဘဲဖြစ်ပါတယ်။ ရည်ရွယ်တဲ့ အသားဆိုတာကတော့ ရဟန်းသံဃာတော်များအတွက် ရည်ရွယ်ပြီး သတ်တဲ့ အသားဖြစ်ပါတယ်။ အဲဒီလို ရည်ရွယ်တဲ့ အသားဆိုလျှင်တော့ ကြက်ဥ, ဘဲဥ မှစပြီး ဘာသားမှမစားရဘူး။ မိမိအတွက် သို့မဟုတ် ရဟန်းများအတွက် ရည်ရွယ်ပြီး သတ်တာကို မြင်လို့ ဖြစ်စေ၊ ကြားရလို့ဖြစ်စေ၊ သိလျှင်မစားရဘူး၊ ပြီးတော့ ငါတို့အတွက် ရည်ရွယ်ပြီး သတ်လေသလားလို့ ယုံမှားမကင်းလျှင်လဲ အဲဒီလိုအသားကို မစားရဘူး၊ အဲဒီရည်ရွယ်ပြီး သတ်တဲ့အသားနှင့် အသားကြီးဆယ်မျိုးမှလွဲလျှင်တော့ အလိုရှိလျှင်စားနိုင်ပါတယ်။ ဒီလိုအသားတွေကိုတော့ ဘာကြောင့် မတားမြစ်ခဲ့သလဲဆိုလျှင်၊ ရဟန်းများမှာ ဒါယကာ ဒါယိကာမများက ပေးလှူတာကို စားရပါတယ်။ ရောက်ရာအရပ်မှာ ဆွမ်းခံပြီး စားကြရပါတယ်၊ ဒါယကာ ဒါယိကာမများကလဲ မိမိတို့ စားဘို့ အသင့်ချက်ပြုတ်ထားတာကို လှူကြပါတယ်။ သားငါးပါတဲ့အတွက် မစားရဘူးဆိုလျှင် အာဟာရအတွက် မပြည့်စုံဘဲ ဆင်းရဲဒုက္ခရောက်ဘို့က များနေပါတယ်။ ပြီးတော့ မိမိတို့အတွက် ရည်ရွယ်ပြီး သတ်တာမဟုတ်လျှင် မိမိတို့ကြောင့် သေတာမဟုတ်သောကြောင့် အပြစ်လဲ ကင်းနေပါတယ်။ ဒါကြောင့် ဒီလိုအပြစ်ကင်းတဲ့ သားငါးကို မြတ်စွာဘုရားက မတားမြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ မိမိတို့၏ အယူအဆကို ဖယ်ထားပြီး ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားဘို့ လိုပါတယ်။ ဆရာဖြစ်တဲ့ ပုဂ္ဂိုလ်မှာ တပည့်များအား အပြစ်ရှိတဲ့ အမှုဟူသမျှမှ တားမြစ်ရမယ်။ မတားမြစ်လျှင် ဆရာမှာ အပြစ်တင်စရာဖြစ်ပါတယ်။ အပြစ်မရှိတဲ့ အမှုမှ မတားမြစ်ရဘူး၊ တားမြစ်လျှင် အကျိုးမဲ့ ချုပ်ချယ်ရာ ရောက်သောကြောင့် အပြစ်တင်စရာ ဖြစ်ပြန်တာဘဲ။ ဒီအချက်တွေကို မြတ်စွာဘုရားက ထင်ရှားသိမြင်တော်မူပြီး ဖြစ်တဲ့အတွက် အပြစ်ရှိတဲ့ အမှုဟူသမျှကို တားမြစ်တော်မူခဲ့ပါတယ်။ အဲဒီတားမြစ်ချက်တွေထဲမှ အသားကြီး ဆယ်မျိုးနှင့် ရည်ရွယ်သတ်ထားတဲ့ အသားကို မစားဘို့ တားမြစ်ချက်လဲ ပါဝင်ပါတယ်။ ထိုမှတပါး အပြစ်ကင်းတဲ့သားငါးကိုတော့ အလိုရှိလျှင်လဲ စားနိုင်တယ်၊ အလိုမရှိလျှင်လဲ သက်သတ်လွတ် စားနိုင်တယ်လို့ ခွင့်ပြုတော်မူခဲ့ပါတယ်။

## ခေါင်းတုံးရိတ်ခြင်း၏ အကျိုး

၅။ မေးခွန်း။ ရဟန်းများမှာ ဘာ့ကြောင့် ခေါင်းတုံးရိတ်ထားပါသလဲ။

ဖြေရှင်းချက်။ ဒီအမေးကို မဖြေခင် ဒါယကာတို့ကိုဘဲ ရှေးဦးစွာ မေးလိုပါတယ်။ ဒါယကာတို့ လူတွေကတော့ ဘာ့ကြောင့် ဆံပင်ရှည်ထားကြပါသလဲ၊ (ရယ်ကြသည်)။ လူတွေက မိမိတို့၏ ဆံပင်ကို သာယာပြီး လှပတင့်တယ်ချင်လို့ ဆံပင်ရှည်ထားကြတယ်၊ ရဟန်းများမှာ လူများလို အလှအပ မလိုလို့ ခေါင်းတုံးရိတ်ထားကြတယ်။ ပြီးတော့ ဆံပင်ရှည်ထားလျှင် ခေါင်းလျှော်ရတယ်၊ ဖီးလိမ်းပြုပြင်ရတယ်၊ သန်း ရှာရတယ် စသည်ဖြင့် ကြောင့်ကြစိုက်စရာ ပလိဗောဓတွေ အများကြီး ရှိနေတယ်။ အဲဒီကြောင့်ကြစိုက်ရတဲ့ ဒုက္ခတွေ ငြိမ်းအောင်လို့လဲ ခေါင်းရိတ်ထားကြပါတယ်။ အကယ်၍လူတွေက ခေါင်းတုံးရိတ်ထားလျှင်တော့ ရဟန်းတော်များက ဆံပင်ရှည်ထားဘို့ ရှိပါတယ်။ (ရယ်ကြသည်)။

## အဝါရောင်သင်္ကန်း

၆။ မေးခွန်း။ သင်္ကန်းကို ဘာ့ကြောင့် အဝါရောင်ဆိုးထားရပါသလဲ၊ တစ်ပါးနှင့်တစ်ပါး သင်္ကန်းအရောင်ချင်းလဲ ဘာကြောင့် မတူပါသလဲ။

ဖြေရှင်းချက်။ လူတွေကတော့ ကြောင်ကြောင်ကျားကျား အဝတ်တွေ၊ သို့မဟုတ် ဆွတ်ဆွတ်ဖြူအဝတ်တွေကို ဘာ့ကြောင့် ဝတ်ကြသလဲ၊ လှပတင့်တယ်ချင်လို့ ဝတ်ကြတာဘဲ မဟုတ်လား၊ ရဟန်းများမှာ လူများလို အလှအပ မလိုလို့ သင်္ကန်းကို အဝါရောင်ဆိုးထားကြပါတယ်။ အများအားဖြင့် လူတွေက အသုံးမပြုတဲ့ အရောင်လဲဖြစ်ပါတယ်။ အညစ်အပေလဲ ခံပါတယ်။ ဒါကြောင့်လဲ အဝါရောင်ဆိုးထားကြပါတယ်။ ပြီးတော့ ရဟန်းများမှာ အကာအကွယ်မရှိတဲ့ တောကျောင်းမှာ နေရတာကဘဲ များပါတယ်။ လူတွေ အဝတ်နှင့်တူနေလျှင် သူခိုးများ ခိုးယူမည့် အန္တရာယ်ကလဲ ရှိပါတယ်၊ ဒါကြောင့် အဝါရောင် ဆိုးရုံတွင်တောင် မဟုတ်သေးဘူး၊ အပိုင်းပိုင်းဖြတ်ပြီးတော့ ချုပ်ရိုးတွေလဲ အများကြီး ချုပ်ထားပါသေးတယ်။

တစ်ပါးနှင့်တစ်ပါး သင်္ကန်းအရောင်ချင်း မတူတာကတော့ ဆိုးရည်က တစ်မျိုးတည်း မရနိုင်တဲ့အတွက်လဲ မတူဘဲ ဖြစ်နေပါတယ်။ မူလက အရောင်တူပေမဲ့ ဖွပ်လိုက် လျှော်လိုက်တဲ့ အခါကျတော့ အသွေးအရောင်ဟာ ပျော့သွားတတ်ပါတယ်၊ ဒါကြောင့်လဲ မတူဘဲ ဖြစ်နိုင်ပါတယ်။ ဒီလိုအနည်းငယ် အရောင်ကွဲတဲ့အတွက် ဘာမှုမချွတ်ယွင်းပါဘူး။

## ဒါလိုင်လားမားနဲ့ အရိမေတ္တေယျ

၇။ မေးခွန်း။ ဒါလိုင်လားမားဟာ အရိမေတ္တေယျဘုရားအလောင်းဆိုတာ ဟုတ်ပါသလား။ (မဟာယာနအနွယ်များ ရှိ၍ မေးဟန်တူသည်)။

ဖြေရှင်းချက်။ ဒါလိုင်လားမားကို အရိမေတ္တေယျ ဘုရားအလောင်းရယ်လို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေက မယူဆကြပါဘူး၊ သူဟာ တိဗက်နိုင်ငံ၏ အကြီးအကဲ အုပ်ချုပ်သူ၊ တိဗက်နိုင်ငံ ဗုဒ္ဓဘာသာရဟန်းအဖွဲ့၏ အချုပ်အချာ နာယက သာသနာပိုင်မျှသာ ဖြစ်တယ်လို့ ယူဆကြပါတယ်။ အရိမေတ္တေယျ ဘုရားအလောင်းကတော့ ယခုနေအခါမှာ တုသိတာနတ်ပြည်၌ ရှိနေတယ်လို့သာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များက ယုံကြည်ယူဆကြပါတယ်။ အကယ်၍ ဒါလိုင်လားမားဟာ ဘုရားဆုပန်ပြီး ပါရမီဆယ်ပါးကို အပြည့်အစုံ ဖြည့်ကျင့်မယ်ဆိုလျှင် နောင်အခါမှာတော့ ဘုရား ဖြစ်နိုင်ပါတယ်။ ဒါလိုင်လားမားသာ မဟုတ်ပါဘူး၊ မည်သူမဆို ဘုရားဆုပန်ပြီး ပါရမီဆယ်ပါးကို အပြည့်အစုံ ဖြည့်ကျင့်လျှင် ဘုရားဖြစ်ခွင့်ရှိတာ ချည်းပါဘဲ။

ထေရဝါဒ ဗုဒ္ဓဘာသာမှာ ရှေးရှေးကလဲ ဗုဒ္ဓမြတ်စွာဘုရားတွေ မရေမတွက်နိုင်အောင် များစွာပွင့်ခဲ့ပြီး၊ နောင်လဲ များစွာ ပွင့်မည်၊ ဒီဘုရားတွေထဲမှာ မည်သည့်ဘုရားက အကြီးဆုံး အချုပ်အချာရယ်လို့လဲ မရှိဘူး၊ မည်သည့်ဘုရားမှ သတ္တဝါတွေနှင့်အတူ နိဗ္ဗာန်ကို ဝင်လို့ စောင့်နေရတာရယ်လို့လဲ မရှိဘူး၊ အလျင် ပရိနိဗ္ဗာန်စံတဲ့ ဘုရားဟာ နိဗ္ဗာန်ကို အလျင်ဝင်သွားတာချည်းဘဲ၊ ပြီးတော့ ထေရဝါဒမှာ ပစ္စေကဗုဒ္ဓါအဖြစ်နှင့်လဲ နိဗ္ဗာန်ကို ဝင်နိုင်တယ်၊ သာဝကအဖြစ်နှင့်လဲ ဝင်နိုင်တယ်။ ဗုဒ္ဓမြတ်စွာဘုရား ဝင်စံရတဲ့နိဗ္ဗာန်နှင့် ပစ္စေကဗုဒ္ဓါ သာဝကတို့ ဝင်စံရတဲ့ နိဗ္ဗာန်ဟာလဲ အတူတူဘဲ၊ ဘာမျှ အကွဲအပြား မရှိဘူး၊ ထူးတာကတော့ ဗုဒ္ဓမြတ်စွာဘုရားများက တပည့်သာဝကများစွာတွေကို နိဗ္ဗာန်ရောက်အောင် ကျင့်စဉ် နည်းလမ်းကို ဟောပြပြီး ကယ်တင်နိုင်တာဘဲ ထူးတယ်။

ဒါယကာတို့လဲ ဒီလိုဗုဒ္ဓဘုရားဖြစ်ချင်လျှင် ဖြစ်နိုင်ပါတယ်။ ဗုဒ္ဓဘာသာမှာ ငါသာအမြင့်အမြတ်ဆုံး ဘုရားဖြစ်တယ်၊ အခြားသတ္တဝါတွေ ငါလိုမြင့်မြတ်တဲ့ အဆင့်ကို မရောက်နိုင်ဘူးလို့ ဒီလို ဘုရားရာထူးကို မူပိုင်လုပ်ထားတာ မရှိပါဘူး။ ကဲ လိုက်ဆိုကြပါ။ ဗုဒ္ဓေါ ဗောဓေယျံ၊ ငါကိုယ်တိုင် တရားမှန်ကို သိလျှင် သတ္တဝါများကိုလဲ သိစေမည်။ ဗုဒ္ဓေါ အဟံ ဘဝိဿာမိ၊ ငါဘုရားဖြစ်မည်၊ ဘုရားဖြစ်အောင်ကျင့်မည်။ (၃–ခေါက်လိုက်ဆိုစေသည်)။ ဟော ဘုရားအလောင်းတွေ အများကြီး ဖြစ်သွားပြီ။ (ပြုံးကြသည်)။

၈။ မေးခွန်း။ ဘုရားနှင့်ရဟန္တာ ဘယ်လိုထူးခြားပါသလဲ။

ဖြေရှင်းချက်။ ဗုဒ္ဓဘုရားဆိုတာက တရားကျင့်နည်းကို သူတပါးထံမှ နည်းမခံရဘဲ ကိုယ်ပိုင်ဉာဏ်နှင့် ရှာပြီး တွေ့တယ်။ အဲဒီနည်းအတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ပြီး ကိလေသာ အလုံးစုံလဲ ကင်းသွားတယ်။ တရားအလုံးစုံကိုလဲ အကုန်သိတယ်၊ တန်ခိုးဣဒ္ဓိပါဒ် အထူးတွေနဲ့လဲ အလုံးစုံ ပြည့်စုံတယ်။ ရဟန္တာပုဂ္ဂိုလ်ဆိုတာကတော့ တရားကျင့်နည်းကို ကိုယ်ပိုင်ဉာဏ်နှင့် မသိဘူး၊ ဗုဒ္ဓဘုရားထံမှ နည်းခံပြီး ကျင့်ရတယ်။ ကိလေသာအကုန်လုံး ကင်းတယ်။ ဒါပေမဲ့ ဘုရား

လိုတော့ တရားအလုံးစုံကို အကုန်မသိဘူး၊ တန်ခိုး ဣဒ္ဓိပါဒ်နှင့်လဲ ရဟန္တာတိုင်းမှာ ပြည့်စုံတာ မဟုတ်ဘူး။ ပြည့်စုံတဲ့ ရဟန္တာမှာလဲ ဘုရားလို အကုန်လုံး ပြည့်စုံတာမဟုတ်ဘူး။ တစိတ် တဒေသလောက်သာ ပြည့်စုံတယ်၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတဲ့အခါကျတော့ဖြင့် ခုနက ပြောခဲ့တဲ့အတိုင်း ထူးခြားခြင်း မရှိပါဘူး။ ဘုရားလဲ ဆင်းရဲခပ်သိမ်း ငြိမ်းတာဘဲ။ ရဟန္တာလဲ ဆင်းရဲခပ်သိမ်းငြိမ်းတာဘဲ၊ အတူတူပါဘဲ။

## တရားအားထုတ်ခြင်းနှင့် အတိတ်ဘဝ အနာဂတ်ဘဝ

၉။ မေးခွန်း။ တရားအားထုတ်လျှင် ရှေးဘဝ နောင်ဖြစ်မည့် ဘဝတွေကို သိမြင်နိုင်ပါသလား။

ဖြေရှင်းချက်။ သိမြင်နိုင်တာလဲ ရှိပါတယ်။ မသိမမြင်နိုင်တာလဲ ရှိပါတယ်။ ဘယ်လိုလဲဆိုလျှင် သမထ ဘာဝနာကို အားထုတ်လျှင် ဈာန်ရိုးရိုးလောက် ရတာလဲ ရှိတယ်၊ အဘိညာဉ်ပါ ရတာလဲရှိတယ်။ ဝိပဿနာဘာဝနာ အားထုတ်လျှင်လဲ မဂ်ဖိုလ်လောက်သာ ရတာလဲရှိတယ်။ အဘိညာဉ်ပါရတာလဲ ရှိတယ်၊ ဒီပုဂ္ဂိုလ်တွေထဲမှာ အဘိညာဉ်ခေါ်တဲ့ ဉာဏ်ထူးများပါ ရတဲ့သူဟာ ရှေးဘဝ နောက်ဘဝတွေကို သိမြင်နိုင်ပါတယ်။ ဈာန်မဂ်ဖိုလ်လောက်သာ ရတဲ့သူကတော့ မသိ မမြင်နိုင်ပါဘူး။

## သေပြီးနောက် ဘဝသစ်

၁၀။ မေးခွန်း။ လူ့ဘဝက သေပြီးတဲ့နောက်မှာ တဖန်ဘဝသစ် ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား၊ ဘယ်လိုဖြစ်ပါသလဲ။

ဖြေရှင်းချက်။ လောဘ ဒေါသစသော ကိလေသာ မကင်းသေးတဲ့သူဟာ သေပြီးတဲ့နောက်မှာ ဘဝအသစ်ဖြစ် ရတယ်။ ဖြစ်ပုံကတော့ စိတ်ဆိုတာ ရုပ်ကိုယ်ကိုမှီပြီးတော့ တခုပြီးတခု မပြတ်ဖြစ်နေပါတယ်။ ဓာတ်မီးလုံးထဲမှာ လျှပ်စစ် ဓာတ်အားတွေ အသစ်အသစ်လာပြီး မီးလင်းနေသလိုပါဘဲ။ အကယ်၍ ဘတ်သီးက ပျက်သွားလျှင် အဲဒီဘတ်သီးထဲမှာ မီးမလင်းတော့ဘူး။ ဒါပေမဲ့ ဓာတ်ကြိုးထဲမှာ ဓာတ်အားကတော့ လာနေလျက်ပါဘဲ။ အဲဒီ ပျက်နေတဲ့ ဓာတ်မီးလုံးကို ဖယ်ပြီး ဓာတ်မီးလုံး အသစ်ကို ထည့်ပေးလိုက်လျှင် အဲဒီ ဓာတ်မီးလုံးအသစ်ထဲမှာ မီးဟာ ယခင်ကလိုဘဲ လင်းမြဲလင်းနေ ပြန်ပါတယ်။ ဒါလိုဘဲ ရုပ်ကိုယ်အဟောင်းက ပျက်သွားတဲ့အခါမှာ စိတ်က အဲဒီ ကိုယ်ပျက်ထဲမှာ မဖြစ်နိုင်တော့ဘူး။ အဲဒါကို သေတယ်လို့ ခေါ်ကြပါတယ်။ ဒါပေမဲ့ စိတ်ကတော့ လုံးလုံးပျောက်သွားတာ မဟုတ်ပါဘူး။ တခြားကိုယ်ရုပ် အသစ်ထဲမှာ ဖြစ်သွားပြန်ပါတယ်။ ဘတ်သီးအသစ်ထဲမှာ မီးလင်းမြဲ လင်းနေပြန်သလိုပါဘဲ။

ဆက်လက်ပြီး ဖြစ်ပုံက ဘယ်လိုလဲဆိုလျှင် စိတ်ဆိုတာ အာရုံတစ်ခုခုကို စွဲလမ်းပြီး မပြတ်ဖြစ်နေတယ်။ အာရုံကို လုံးလုံးစွန့်လွှတ် မေ့ပျောက်မပစ်နိုင်ဘူး၊ သစ်ပင်ပေါ်က မျောက်ဟာ သစ်ကိုင်းကို လုံးလုံးစွန့်လွှတ်မထားနိုင်သလိုဘဲ။ ဒါကြောင့် သေခါနီးမှာ ကိုယ်ပြုခဲ့ဘူးတဲ့ အမှုကိစ္စတခုခုကို စွဲလမ်းနေရင်း သေသွားတယ်။ သေတယ်ဆိုတာကလဲ လက်ရှိ ရုပ်ကိုယ်ဟောင်းထဲမှာ စိတ်အသစ်မဖြစ်ပေါ်လာတော့ဘဲ ပြတ်စဲသွားတာကို ခေါ်ပါတယ်။ ဒီလိုပြတ်စဲသွားတဲ့အခါမှာ သေခါနီးက စွဲလမ်းခဲ့တဲ့ အာရုံကိုဘဲ စွဲပြီးတော့ ရုပ်ကိုယ်အသစ်ထဲမှာ စိတ်အသစ်ဖြစ်ပေါ်လာပါတယ်။ အဲဒါကို ဘဝ အသစ်ဖြစ်တယ်လို့ ခေါ်ပါတယ်။ ဥပမာ အိပ်မက်ထဲက စွဲလာခဲ့တဲ့ အာရုံကို နိုးလာသည့်တိုင်အောင် မပျောက်ဘဲ စွဲလမ်း နေတာနဲ့တူပါတယ်။ ပေးလှူခြင်းစသော ကောင်းမှုကို စွဲလမ်းပြီး သေလာခဲ့လျှင် မြင့်မြတ်တဲ့ဘဝမှာ ဖြစ်ရပါတယ်။ သတ်ဖြတ်ခြင်း စသော မကောင်းမှုကို စွဲလမ်းပြီး သေလာခဲ့လျှင် ယုတ်ညံ့တဲ့ဘဝမှာ ဖြစ်ရပါတယ်။ ဒီလိုဖြစ်ရတာကို ကုသိုလ်ကံက ကောင်းကျိုးကို ပေးတယ်။ အကုသိုလ်ကံက မကောင်းကျိုးကို ပေးတယ်လို့ ခေါ်ရပါတယ်။ ကံဆိုတာ ပြုမှုဘဲ။ ပြုမှုရှိလျှင် တန်ပြန်မှုရှိတယ်။ တောအုပ်ထဲမှာဖြစ်စေ၊ လိုဏ်ခေါင်းထဲမှာဖြစ်စေ ဟေး-လို့ ဟစ်အော်လိုက်လျှင် အဝေးကနေပြီး ဟေး-ဆိုတဲ့ ပဲ့တင်သံ ပြန်လာပါတယ်။ မြေကြီးပေါ်ကို ဘော့လုံးပေါက်လိုက်လျှင် အထက်ကို ပြန်တက်လာတယ်။ တစုံတခုကို ဒုတ်နှင့် ရိုက်လိုက်လျှင် အရိုက်ခံရတဲ့ ဝတ္ထုက အသံမြည်လာတယ်။ ဒါတွေဟာ တန်ပြန် မှုတွေဘဲ။ အခါးမျိုးစေ့စိုက်လျှင် အခါးသီး သီးတယ်။ အချိုမျိုးစေ့စိုက်လျှင် အချိုသီး သီးတယ်။ ခွေးကို ခဲနှင့်ပေါက်လျှင် အဲဒီခွေးက ပြန်ဟောင်တယ်။ ခွေးကိုချိုချိုသာသာခေါ်ပြီး ကျွေးလျှင် အဲဒီခွေးက အမြီးနံ့ပြီး အရိုအသေပြုတယ်။ လူ တစ်ယောက်ကို ဆဲလိုက်လျှင် အဲဒီလူက ပြန်ဆဲတတ်တယ်။ ပြုံးရွှင်ပြီး ချိုချိုသာသာနှင့် နှုတ်ခွန်းဆက်လျှင် အဲဒီလူကလဲ ပြုံးရွှင်ပြီး ချိုချိုသာသာနှင့် ပြန်ပြီး နှုတ်ခွန်းဆက်တယ်။ ဒါတွေလဲ တန်ပြန်လာတဲ့ အကျိုးတွေဘဲ။ ထို့အတူ ကောင်းသော ပြုမှုရှိလျှင် ကောင်းသော ဘဝအကျိုး တန်ပြန်လာပါတယ်။ မကောင်းသော ပြုမှုရှိလျှင် မကောင်းသော ဘဝအကျိုး တန်ပြန်လာပါတယ်။ ဒီနည်းဖြင့် သတ္တဝါတွေဟာ ကိလေသာ မကင်းသေးသမျှ ကာလပတ်လုံး တဘဝက သေပြီးလျှင် အခြားဘဝမှာ မိမိပြုထားတဲ့ အမှုကံအားလျော်စွာ အသစ်ဖြစ်ဖြစ်သွားပါတယ်။

ဝိပဿနာ ဘာဝနာအလုပ်ကို အားထုတ်ပြီး ရဟန္တာ ဖြစ်သွားတဲ့အခါမှာ ကိလေသာတွေ လုံးဝကင်းစင်သွားပါတယ်။ အဲဒီလို ကိလေသာ လုံးလုံးကင်းနေတဲ့ ရဟန္တာပုဂ္ဂိုလ်မှာတော့ ပရိနိဗ္ဗာန်စံသည်၏ အခြားမဲ့မှာ ဘဝအသစ်မဖြစ်ရတော့ဘဲ အစဉ်ထာဝရ ငြိမ်းအေးသွားပါတယ်။

## သေပြီးနောက် ဖြစ်မည့်နေရာ

၁၁။ မေးခွန်း။ နောက်ဘဝ ဘယ်မှာဖြစ်မယ်ဆိုတာ သိပါသလား။

ဖြေရှင်းချက်။ ဘယ်မှာဖြစ်မယ်လို့တော့ မသိပါဘူး။ ဒါပေမဲ့ ဗုဒ္ဓဘာသာ တရားတော်အရ ကိလေသာမကင်းသေးလျှင် ဘဝအသစ် ဖြစ်ရဦးမယ်လို့တော့ ပြောနိုင်ပါတယ်။ သီဟိုဠ်မှာလဲ ဖြစ်နိုင်တယ်။ ဗမာပြည်မှာလဲ ဖြစ်နိုင်တယ်။ အင်ဒိုနေးရှားမှာလဲ ဖြစ်နိုင်တယ်။ ဥရောပ အမေရိကန်တို့မှာလဲ ဖြစ်နိုင်တယ်။ ဗုဒ္ဓဘာသာ တရားတော်အရ ဘယ်နိုင်ငံက လူမျိုးဘဲဖြစ်ဖြစ်၊ ကောင်းမှုကုသိုလ်ကံ ရှိလျှင် ကိုယ်ဖြစ်လိုရာနိုင်ငံ ကိုယ်ဖြစ်လိုရာအရပ်မှာ ဖြစ်နိုင်ပါတယ်။ ဒီ အင်ဒိုနေးရှားမှာ ဖြစ်ဘို့တော့ နီးစပ်ပါတယ်ဟု အရှင်ပိယဒဿီက နိဂုံးသတ်လိုက်သောအခါ ပြုံးရယ်ကြသည်။

## ကောင်းတာလုပ်သူနှင့် ဘေးဒုက္ခ

၁၂။ မေးခွန်း။ မကောင်းတာကိုမလုပ်ဘဲ ကောင်းတာကိုချည်း လုပ်နေပါလျက်နှင့် ဘာ့ကြောင့် ဘေးဒုက္ခနှင့် တွေ့ကြုံရပါသလဲ။

ဖြေရှင်းချက်။ ဒီမေးခွန်းကတော့ ကောင်းမှုက ကောင်းကျိုးပေးတယ်၊ မကောင်းမှုက မကောင်းကျိုး ပေးတယ်ဆိုတာကို မရှင်းလင်းလို့ မေးတာပါဘဲ။ လောကမှာ လူတွေက ကျေးဇူးမသိတတ်ကြဘူး။ သရက်ပင်တစ်ပင်က သီးတယ်။ တစ်ပင်က မသီးဘူးဆိုလျှင် သီးတဲ့သရက်ပင်ကိုဘဲ ခဲနဲ့ ဒုတ်နဲ့ ပစ်ကြတယ်။ ကိုင်းကိုချိုးဖဲ့ ဖျက်ဆီးကြတယ်။ ပန်းပင်များမှာလဲ ပွင့်တဲ့ပန်းပင်ကိုဘဲ ချိုးဖဲ့ဖျက်ဆီးတတ်ကြတယ်။ ဂရိပညာရှိကြီး ဆိုကရေတီးဟာ လူအများအကျိုး နိုင်ငံအကျိုးကို ဟောပြနေတယ်။ သူ့ကို လူတစ်စုက အဆိပ်တိုက်ပြီး သတ်လိုက်တယ်။ ခရစ်တော်ဟာလဲ လူများအကျိုးကို ဟောပြောနေတယ်။ သူ့ကိုလဲ လူတစ်စုက ကားစင်တင်ပြီး သတ်လိုက်တယ်။ အိန္ဒိယက မဟတ္တမဂန္ဒီကြီးလဲ အိန္ဒိယလူမျိုးများအကျိုးကို ဆောင်ရွက်နေတယ်။ သူ့ကိုလဲ အယူသီးတဲ့ လူတစ်ယောက်က သေနတ်နှင့် ပစ်သတ်လိုက်တယ်။ ဗုဒ္ဓမြတ်စွာဘုရားလဲ သတ္တဝါများအကျိုးကို ဟောပြော ညွှန်ကြားနေတယ်။ ဒေဝဒတ်ဆိုတဲ့ ရဟန်းက ကျောက်လုံးနဲ့ လှိမ့်သတ်တယ်။ ဒါပေမဲ့ မြတ်စွာဘုရားမှာတော့ သူတစ်ပါး ပယောဂနဲ့ မပျက်စီးနိုင်တဲ့ ပုဂ္ဂိုလ်ထူးဖြစ်တဲ့အတွက် ဘာမျှ ကြီးကြီးကျယ်ကျယ် မဖြစ်ပါဘူး။ ခြေမတော်မှာ ကျောက်ခဲပိုင်းကလေးနဲ့ ထိမှန်ရုံလောက်ဘဲ ခံရပါတယ်။ အရှင်မဟာမောဂ္ဂလာန်ဟာလဲ တခြားလောကမှ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးပေးပုံ သတင်းထူးတွေကို ယူဆောင်လာပြီး လူများအား သိစေလျက် အကျိုးဆောင်နေတယ်။ သူ့ကိုလဲ တိတ္ထိတွေက ခိုးသားတွေ စေလွှတ်ပြီး ရိုက်သတ်ခိုင်းတယ်။ ဒါဟာ လောကရဲ့ ဓမ္မတာဘဲ။ အမြော်အမြင်နည်းတဲ့ လူတွေက အကျိုးများအောင် ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်ကို အမြင်လွဲပြီး အကျိုးမဲ့ပြုတတ်ကြတယ်။

ဒါပေမဲ့ ဒီလို မကောင်းပြု ခံရတာတွေဟာလဲ ဗုဒ္ဓဘာသာတရားတော်အရဆိုလျှင် အခြားသူတွေကိုချည်း အပြစ်တင်လို့ မဖြစ်ဘူး၊ မိမိကိုယ်တိုင် ပြုခဲ့တဲ့ မကောင်းမှုကံကြောင့်လဲ ခံရတယ်လို့ ယူရတယ်။ အရှင်မဟာမောဂ္ဂလာန်ဟာ ယခုနောက်ဆုံး ဘဝမှာတော့ ဘာမျှ မကောင်းမှု အပြစ်မရှိတာမှန်တယ်။ ဒါပေမဲ့ ရှေးတစ်ခုသော ဘဝတုန်းက မယားဖြစ်သူ၏ ဂုံးတိုက်တာကို ယုံပြီးတော့ မိခင် ဘခင်တွေကို ရိုက်သတ်ခဲ့ဘူးတယ်။ ဒါကြောင့် နောက်ဆုံးဘဝမှာ ခိုးသားတွေ အရိုက်သတ်ခံရတယ်။ ဗုဒ္ဓမြတ်စွာဘုရားလဲ နောက်ဆုံးဘဝ၌ ဘာမျှ မကောင်းမှု မရှိပေမဲ့ ရှေးတခုသော ဘဝတုန်းက အဘတူ အမိကွဲ ညီဖြစ်သူကို တောင်စောင်းမှာ ကျောက်တုံးနဲ့ လှိမ့်သတ်ခဲ့ဘူးတယ်။ အဲဒီ မကောင်းမှုကံကြောင့် နောက်ဆုံးဘဝမှာ ဒေဝဒတ်လှိမ့်ချလိုက်တဲ့ ကျောက်တုံးမှ ကျောက်ခဲပိုင်းစင်လာပြီး ခြေမတော်မှာ ထိမှန်ခံရတယ်။ အခြားပုဂ္ဂိုလ်တွေမှာလဲ ဒီနည်းချည်းပါဘဲ၊ ယခု မျက်မှောက်ဘဝမှာ မကောင်းမှု မရှိပါဘဲ မကောင်းကျိုးနှင့် ကြုံရလျှင် ရှေးရှေးဘဝက ပြုခဲ့ဘူးတဲ့ မကောင်းမှုကံကြောင့်ဘဲ ဖြစ်တယ်လို့ ယူရပါတယ်။

လောကမှာ ရာဇဝတ်မှုတွေ အကျိုးပေးပုံနှင့်လဲ တူပါတယ်။ ချက်ခြင်း ပြစ်မှုထင်ရှားပြီး ရာဇဝတ်အပြစ်ဒဏ် ခံရတာလဲ ရှိတယ်။ နှစ်ပေါင်းများစွာ ကြာပြီးနောက် လူကောင်း သူကောင်း ဖြစ်နေတဲ့အခါကျမှ သူ့အမှုဟောင်းက သက်သေနှင့်တကွ ထင်ရှားပေါ်လာလို့ ရာဇဝတ်အပြစ်ဒဏ် ခံရတာလဲ ရှိတယ်။ ရာဇဝတ်မှုဟာ ကျူးလွန်ထားတဲ့သူ အသက်ထင်ရှား ရှိနေသမျှ ကာလပတ်လုံး ဘယ်တော့မှ အလိုလိုပပျောက်မသွားဘူး။ အမှုပြစ် ထင်ရှားလာလျှင် ဘယ်ဘုရားသခင်ကမျှ မကယ်နိုင်ဘူး။ သူ့အပြစ်နဲ့သူ အပြစ်ဒဏ်ခံရတာချည်းဘဲ။ မကောင်းမှုအကုသိုလ် ကံကလဲ ဒါလိုပါဘဲ။

ပြုခဲ့ဘဝမှာ အကျိုးပေးတာလဲ ရှိတယ်။ သူတော်ကောင်းကြီးဖြစ်နေတဲ့ နောက်နောက်ဘဝတွေကျမှ လိုက်ပြီး အကျိုးပေးတာလဲ ရှိတယ်။ နိဗ္ဗာန်သို့ မဝင်ရသေးမီအတွင်းမှာ ဘယ်တော့မှ အလိုလို ပပျောက်မသွားဘူး။ အကြောင်း ညီညွတ်တဲ့ အခါမှာ မကောင်းကျိုးကို ပေးတာချည်းဘဲ။ ဒီနေရာမှာ စဉ်းစားဘို့ကတော့ မျက်မှောက်ဘဝမှာ ကျူးလွန်မိတဲ့ ရာဇဝတ်မှု ကိုမှ ပပျောက်အောင် ဘယ်ဘုရားသခင်ကမျှ မကယ်နိုင်လျှင် သေပြီးတဲ့ နောက်ကာလကျမှ မကောင်းမှုတွေက မကောင်း ကျိုးမပေးနိုင်အောင် ကယ်တင်တယ်ဆိုတာဟာ စဉ်းစားစရာဘဲ။ ဗုဒ္ဓဘာသာတရားအလိုကတော့ ရောဂါမဖြစ်ရအောင် စောစောက ရှောင်ကြဉ်တာ အကောင်းဆုံးဖြစ်သလို မကောင်းမှုကို စောစောကပင် ရှောင်ကြဉ်ဘို့ ညွှန်ကြားထားပါတယ်။ ကျူးလွန်ပြီးမှတော့ အဲဒီမကောင်းမှုကို အလိုလိုပပျောက်သွားအောင် ဘယ်ပုဂ္ဂိုလ်မှ မတတ်နိုင်ဘူးလို့ ဆိုထားပါတယ်။

သို့သော်လဲ ပပျောက်စေနိုင်တဲ့ နည်းလမ်းကိုတော့ ဗုဒ္ဓဘာသာတရားတော်က အတိအလင်း ဖော်ပြထားပါတယ်။ ဘယ်လိုလဲဆိုလျှင် ဒါန သီလစသော ကုသိုလ်တွေကို များများပြုရတယ်။ ကုသိုလ်တွေက များပြီး အားကောင်းနေလျှင် အဲဒီ ကုသိုလ်တွေကချည်း ဆက်ခါ ဆက်ခါ အကျိုးပေးသွားတယ်။ အကုသိုလ်က အကျိုးပေးခွင့်မရဘူး။ မိတ်ဆွေပေါများ ပြီး ဂုဏ်ထူး ရာထူးကြီးမြင့်နေတဲ့သူမှာ အသေးအမွှား ရာဇဝတ်မှုကလေးများမှ လွတ်မြောက်နေသလိုပါဘဲ။ သို့ပေမဲ့ လုံးလုံးတော့ စိတ်မချရသေးဘူး။ အဆင်မသင့်တဲ့အခါ ပြစ်မှုပေါ်လာနိုင်တာလို မကောင်းမှုက အခွင့်ရတဲ့အခါ မကောင်း ကျိုး ဝင်ပြီး ပေးတတ်သေးတယ်။ လုံးလုံးစိတ်ချရတဲ့ နည်းကတော့ ဝိပဿနာအလုပ်ဘဲ ဖြစ်ပါတယ်။ ဝိပဿနာ အလုပ်ကို အပြည့်အစုံ အားထုတ်လျှင်တော့ ရဟန္တာဖြစ်ပြီး ကိလေသာကင်းသွားတယ်။ အဲဒီရဟန္တာဟာ အသက်တမ်း ကုန်တဲ့အခါ ပရိနိဗ္ဗာန်ဝင်စံသွားတယ်။ ဒီလိုနိဗ္ဗာန်ဝင်သွားတဲ့ အခါကျတော့ ဘယ်မကောင်းမှုမှ အကျိုးမပေးနိုင်တော့ဘူး။ ဒါဟာ စိတ်ချရတဲ့ အကောင်းဆုံးနည်းပါဘဲ။

မူလမေးခွန်းက သူတော်ကောင်းတွေမှာ မကောင်းကျိုးပေးပုံကို မေးထားလို့ အဲဒါကိုဘဲ အရင်းခံပြုပြီး ဖြေရှင်းပြခဲ့ ပါတယ်။ ယခု ဘယ်လိုပုဂ္ဂိုလ်မှာ သာပြီး မကောင်းကျိုးပေးတတ်တယ် ဆိုတာကို ရှင်းပြချင်ပါသေးတယ်။ လူကောင်း သူကောင်းတွေမှာ မကောင်းကျိုးနှင့် တွေ့ရတယ်ဆိုတာက နည်းပါတယ်။ တစ်ဦးတလေလောက်ဘဲ ရှိပါတယ်၊ ဒါလဲ တခါ တရံလောက်သာ ရှိပါတယ်။ အများအားဖြင့်ဆိုလျှင် ကောင်းကောင်းနေတဲ့ လူတွေမှာ ဘေးရန်ကင်းပြီး ချမ်းသာနေတာက ဘဲ များပါတယ်။

မကောင်းကျိုးနှင့် တွေ့ရတဲ့ သူတွေဟာ ယခုမျက်မှောက်မှာ မကောင်းမှုကို ပြုထားတဲ့ သူတွေသာ များပါတယ်။ ရာဇဝတ်အပြစ်ဒဏ် ခံရတဲ့သူတွေကို သွားကြည့်ပါ။ မကောင်းမှုပြုထားတဲ့ သူတွေကိုသာ အများအားဖြင့် တွေ့ရပါလိမ့် မယ်။ အသတ်ခံရတဲ့ လူတွေ၊ အရိုက်ခံရတဲ့ လူတွေကိုလဲ မေးကြည့်ပါ။ အများအားဖြင့် စောင့်စည်းမှုမရှိတဲ့ လူတွေကိုသာ တွေ့ရပါလိမ့်မယ်။ ကံ၏အကြောင်းကို ရှေ့နားကလဲ ပြခဲ့ပြီ။ ဒါပေမဲ့ ဒီမေးခွန်းနှင့်လဲ ဆိုင်နေလို့ ထပ်ပြီး ပြရဦးမှာဘဲ။

ကံဆိုတာ ပြုတဲ့အမှုဘဲ၊ ပြုမှုကံရှိလျှင် အတုံ့ပြန်မှု အကျိုးလဲရှိတယ်။ ဘော့လုံးကို မြေကြီးပေါ် ပေါက်ချလိုက် လျှင် နည်းနည်းတက်တယ်၊ ပြင်းပြင်းကြီးပေါက်လျှင် အများကြီး ပြန်တက်လာတယ်၊ ပြင်းပြင်းကြီး ပေါက်လျှင်အများကြီး ပြန်တက်လာတယ်။ အခါးမျိုးစေ့ကို စိုက်လျှင် အခါးသီးကို ရတယ်။ လူတစ်ယောက်ကို ဆဲလျှင် အတုံ့ပြန်ပြီး ဆဲတတ် တယ်။ ခဲနဲ့ပေါက်လျှင်၊ ဒုတ်နဲ့ရိုက်လျှင်၊ ဓားနဲ့ခုတ်လျှင်၊ ခဲနဲ့ ဒုတ်နဲ့ ဓားနဲ့ အတုံ့ပြန်ပါလိမ့်မည်။ ရှေးခေတ်က စစ်ပွဲတွေ မှာ ဒုတ်, ဓား, လေးမြှားနဲ့ အတုံ့ပြန်တိုက်ကြတာဘဲ။ ယခုခေတ်မှာ သေနတ် အမြောက် ဗုံးတွေနဲ့ တိုက်ကြတယ်။ တဘက်ကလဲ သေနတ် အမြောက် ဗုံးတွေနဲ့ အတုံ့ပြန်လာတာဘဲ။ ဒုတိယကမ္ဘာစစ်ပွဲမှာ အဏုမြူဗုံးနဲ့ အဆုံးသတ်သွား တယ်။ ယခုအဏုမြူဗုံးတွေ အတုံ့ပြန်လာမှာ စိုးရိမ်နေစေ့ကြရတယ်။ အခါးမျိုးစိုက်လျှင် အခါးသီးရတယ်၊ ပြုမှုရှိလျှင် အတုံ့ပြန်မှုရှိတယ်။ ဒါလိုဘဲ အကုသိုလ်ကံရှိလျှင် မကောင်းကျိုးကို ရမယ်။

အချိုမျိုးစေ့စိုက်လျှင် အချိုသီးရတယ်။ လူတစ်ယောက်ကို ပြုံးပြုံးချိုချိုနှင့် နှုတ်ဆက်လျှင် အဲဒီလူကလဲ ပြုံးပြုံး ချိုချိုနှင့် ပြန်နှုတ်ဆက်ပါလိမ့်မယ်။ ဖော်ဖော်ရွေရွေနဲ့ ဧည့်ခံကျွေးမွေးပြုစုလျှင် အလားတူ ကျွေးမွေးပြုစုတာကို တွေ့ရပါ လိမ့်မယ်။ ဒါတွေဟာ ဘယ်သူကမှ ဖန်ဆင်းပေးတာ မဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ် ပြုလုပ်ထားတဲ့ အမှုကံမှ အတုံ့အပြန် လာတဲ့ အကျိုးတရားတွေဖြစ်ပါတယ်။

ဒါကြောင့် လူတစ်ယောက်ဟာ ယခုဘဝမှာ ကောင်းမှု မရှိပါဘဲ ကောင်းကျိုးကိုရနေလျှင် ရှေးဘဝက ပြုခဲ့တဲ့ ကောင်းမှုကြောင့် ရတယ်လို့ မှတ်ယူရပါတယ်။ ယခုဘဝမှာ မကောင်းမှုမရှိပါဘဲ မကောင်းကျိုးကို တွေ့ရလျှင်လဲ ရှေးဘဝက ပြုခဲ့တဲ့ မကောင်းမှုကြောင့် တွေ့ရတယ်လို့ မှတ်ယူရပါတယ်။

## ဆင်းတုစေတီ ရှိခိုးရခြင်း အကြောင်း

၁၃။ မေးခွန်း။ ဗုဒ္ဓဘာသာဝင်တွေဟာ ဆင်းတုကျောက်ပုံ အုဋ္ဌပုံ စေတီတွေကို ဘာ့ကြောင့် အရိုအသေပြုရ ရှစ်ခိုးရပါသနည်း။

ဖြေရှင်းချက်။ ။ ဆင်းတုတော်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ ပုံတော်ကို မှန်းဆ၍ အာရုံယူနိုင်ရန် ပြုလုပ်ထားပါတယ်။ စေတီတော်မှာ မြတ်စွာဘုရား၏ ဓာတ်တော်များကိန်းဝပ်ရန် တည်ဆောက်ထားပါတယ်။ ဒါကြောင့် ဆင်းတုစေတီတော်များကို မြင်ရလျှင် ဗုဒ္ဓဘာသာဝင်များမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀–ကျော်ကာလက ပွင့်ထွန်းတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရားကို အလိုလို သတိပေါ်တော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရားကို အလိုလို သတိပေါ်လာပါတယ်။ ဆင်းတုတော်စေတီတော်ရှေ့မှာ တည်ပြီး ရှိခိုးပူဇော်သောအခါမှာလည်း ထိုဗုဒ္ဓမြတ်စွာဘုရား အစစ်ကိုပင် အာရုံပြု၍ ရှိခိုးပူဇော်ကြပါတယ်။ ဗုဒ္ဓဘာသာဝင်များမှာ ဗုဒ္ဓမြတ်စွာဘုရားကို အာရုံပြုပြီး ရှိခိုးပူဇော်ရန် "ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် ပါဠိဘာသာနှင့်လည်း ဘုရား ရှိခိုးစာပိုဒ်များကို နှုတ်တက်ရနေပါတယ်။ "လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား၊ လောဘ ဒေါသ မောဟ အစရှိသော စိတ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာဘုရား၊ ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား" ဤသို့ စသည်ဖြင့် မိမိတို့၏ ဘာသာရင်းနှင့်လည်း ဘုရားရှိခိုးစာပိုဒ်များကို နှုတ်တက်ရနေပါတယ်။ အဲဒီစာပိုဒ်များကို ရွတ်ဆိုနှုတ်သွင်းပြီး လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀–ကျော် ကာလက ပွင့်ထွန်းတော်မူခဲ့တဲ့ ဗုဒ္ဓမြတ်စွာဘုရား အစစ်ကို ရှိခိုးကြပါတယ်။ အခြားဘာသာဝင်တွေက ဗုဒ္ဓဘာသာဝင်တွေဟာ အရုပ်ကို ရှိခိုးတယ်၊ အုဋ္ဌပုံ ကျောက်ပုံကို ရှိခိုးတယ် စသည်ဖြင့် ထင်မှတ်ပြောဆိုတတ်ကြပါတယ်။ အမှန်မှာတော့ ထိုသို့ ထင်မှတ်ပြောဆိုသလို မဟုတ်ပါဘူး။ ဆင်းတုတော် စေတီတော်ရှေ့မှာ တည်ပြီးတော့ ဗုဒ္ဓမြတ်စွာဘုရား အစစ်ကိုပင် အာရုံပြုပြီး ရှိခိုးကြ ပူဇော်ကြပါတယ်။

စေတနာဟာ အရေးကြီးပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေဟာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို သွားပြီး ရှိခိုးကြတယ်။ မူစလင်ဘာသာဝင်တွေဟာလဲ ဗလီသွားပြီး ရှိခိုးကြတယ်။ ဒီလူတွေဟာ အုဋ္ဌအင်္ဂတေနဲ့ဆောက်လုပ်ထားတဲ့ ဘုရားရှိခိုးကျောင်း ဗလီအဆောက်အဦကြီးတွေကို ရှိခိုးကြတာ မဟုတ်ဘူး။ ဂေါ့ဒ်, အလ္လာခေါ်တဲ့ ကောင်းကင်ဘုံက ဘုရားသခင်ကို မှန်းဆပြီး ရှိခိုးကြ အရိုအသေပြုကြတာဘဲ။ ဗုဒ္ဓဘာသာဝင်တွေကလဲ ဒါလိုပါဘဲ။ ဆင်းတုရုပ် အုဋ္ဌကျောက် စေတီကြီးတွေကို ရှိခိုးကြတာ မဟုတ်ပါဘူး။ ဗုဒ္ဓမြတ်စွာဘုရားကို မှန်းဆအာရုံပြုပြီး ရှိခိုးပူဇော်ကြပါတယ်။ ဒီလို ရှိခိုးပူဇော်တဲ့အခါမှာ ကြည်လင်သန့်ရှင်းတဲ့ စိတ်စေတနာတွေ များစွာဖြစ်ပါတယ်။ ဒီစေတနာတွေကို ကုသိုလ်လို့ ခေါ်ပါတယ်။ ဒီစင်ကြယ်တဲ့ စေတနာကုသိုလ်ကံ အမှုတွေမှ အတုံ့ပြန်ပြီး စင်ကြယ်တဲ့ အကျိုးတွေ ဖြစ်ပေါ်လာပါတယ်၊ ဆင်းတုတော် စေတီတော်က ကယ်တင်ဒါလဲ မဟုတ်ပါဘူး။ မိမိကိုယ်တိုင်ပြုတဲ့ ကြည်လင်သန့်ရှင်းသော စိတ်စေတနာက တုံ့ပြန်ပြီး ကောင်းကျိုးချမ်းသာတွေကို ဖြစ်ပေါ်စေပါတယ်။ ဥပမာ–ငယ်ရွယ်စဉ်က လေ့လာထားတဲ့ အသိအလိမ္မာပညာတွေနှင့် ကိုယ်ကျင့်တရားတွေက အရွယ်ကြီးလာတဲ့အခါကျတော့ အထက်တန်းကျတဲ့ လူကြီးလူကောင်း တစ်ယောက်ဖြစ်စေတာလိုပါဘဲ။

စဉ်းစားကြည့်ပါ၊ အထက်တန်းကျတဲ့ လူကြီး လူကောင်းတွေဆိုတာဟာ နိုင်ငံတကာက ဘာသာဝင်တိုင်းမှာ ရှိနေကြပါတယ်၊ ဘယ်ဘုရားကိုမှ မကိုးကွယ်တဲ့ လူတွေထဲမှာလဲ ရှိနေကြပါတယ်၊ ဒါကြောင့် အဲဒီလို လူတွေအထက်တန်းရောက်နေတာဟာ ဘယ်ဘုရားကမှ ကယ်တင်ရတာ မဟုတ်ကြောင်း ထင်ရှားပါတယ်၊ အမှန်မှာတော့ အဲဒီလူတွေဟာ ငယ်ငယ်ကစပြီး အသိအလိမ္မာ ပညာတွေကို ကောင်းကောင်းဆည်းပူးလာခဲ့တယ်၊ သူတို့နိုင်ငံ အရပ်ဓလေ့အရ ကိုယ်ကျင့်သိက္ခာကိုလဲ စောင့်ထိန်းခဲ့တယ်၊ တာဝန်ဝတ္တရားကိုလဲ ကြေပွန်အောင် ဆောင်ရွက်ခဲ့ပါတယ်၊ ဒါတွေဟာ ကောင်းတဲ့စေတနာတွေဘဲ၊ ဒီစေတနာတွေကြောင့် လူကြီး လူကောင်းတစ်ယောက် ဖြစ်လာရတယ်ဆိုဒါဟာ အလွန်ဘဲထင်ရှားပါတယ်၊ ဒါလိုဘဲ စိတ်အညစ်အကြေးဟူသမျှမှ စင်ကြယ်တော်မူတဲ့ မြတ်စွာဘုရားကို အာရုံပြုပြီး ရှိခိုးပူဇော်ဆဲမှာ ဖြစ်ပေါ်နေတဲ့ စေတနာတွေဟာ စင်ကြယ်ကောင်းမြတ်တဲ့ ပြုမှုကံတွေဖြစ်ပါတယ်၊ ဒီကံတွေကြောင့် တုံ့ပြန်ပြီး ကောင်းကျိုးချမ်းသာတွေ ဖြစ်ပေါ်လာပါတယ်၊ ဒါဟာ ဆင်းတုစေတီတော်များရှေ့မှာ တည်ပြီး ရှိခိုးခြင်း၏ ရည်ရွယ်ချက် အကျိုးတွေပါဘဲ။

ဆင်းတုစေတီရှေ့မသွားဘဲနဲ့ ရှိခိုးလျှင်ကော ဒီလိုအကျိုးတွေကို မရဘူးလားလို့ ဒီလိုလဲ မေးစရာရှိပါတယ်၊ ဘယ်အရပ်မှာနေပြီး ရှိခိုးသည်ဖြစ်စေ စေတနာထက်သန်ပုံချင်းတူလျှင် တန်းတူဘဲ အကျိုးကိုရပါတယ်၊ ဒါပေမဲ့ အများအားဖြင့် ဆင်းတုစေတီရှေ့မှာဆိုလျှင် စေတနာက ပိုပြီးထက်သန်တတ်ပါတယ်၊ ဥပမာ ကလေးများကို စာသင်ပေးတာဟာ မိမိတို့အိမ်တွင်လဲ ဆရာနှင့်သင်ပေးလျှင် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကလေးများမှာ စာသင်ကျောင်းသွားပြီး သင်ရတာလောက် စိတ်မထက်သန်ပါဘူး၊ ဒါလိုပါဘဲ အလွတ်နေရာကနေပြီး ဘုရားကို အာရုံပြုတာဟာ ဆင်းတုစေတီရှေ့မှာလောက် စိတ်မထက်သန်ဘဲ ရှိတတ်ပါတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေက တတ်နိုင်လျှင် ဆင်းတုစေတီတော်များရှေ့မှာ သွားရောက်ပြီး ရှိခိုးကြခြင်းဖြစ်ပါတယ်။

## မိတ်ဆွေပေါခြင်း မိတ်ဆွေရှားခြင်း

၁၄။ မေးခွန်း။ တချို့ပုဂ္ဂိုလ်မှာ မိတ်ဆွေပေါတယ်၊ တချို့မှာတော့ မိတ်ဆွေ မရှိဘူး၊ ဘာ့ကြောင့်ပါလဲ။

ဖြေရှင်းချက်။ မိတ်ဆွေ ပေါအောင် လုပ်ထုံးလုပ်နည်းများကို မြတ်စွာဘုရားက ၄–မျိုး ဖေါ်ပြထားပါတယ်၊ ထို ၄–မျိုးထဲမှာ ပဌမနည်းက ပေးကမ်းမှုပါဘဲ၊ အပေါင်းအသင်း အသိမိတ်ဆွေများအား အကူအညီ လိုနေတဲ့အခါများမှာ မိမိတတ်နိုင်သလောက် ရက်ရက်ရောရော ပေးကမ်းထောက်ပံ့ရမယ်၊ ကိုယ့်အိမ်ရောက်လာတဲ့ ဧည့်သည်ကို ဖေါ်ဖေါ်ရွေရွေနှင့် လက်ခံပြီး ကျွေးမွေးဧည့်ခံရမယ်၊ ဘိတ်မန္တကပြုပြီးတော့လဲ မိမိအင်အား ရှိသလောက် ကျွေးမွေးရမယ်။ အများစုပေါင်းပြီး ဆောင်ရွက်ရတဲ့ကိစ္စတွေမှာလဲ မိမိအင်အားအလိုက် ငွေကြေးကို ရက်ရက်ရောရော ထည့်ဝင်လှူဒါန်းရမယ်။ ဒါဟာ မိတ်ဆွေပေါအောင် လုပ်နည်း ၄–မျိုးထဲက ပဌမနည်းပါဘဲ။

ဒုတိယနည်းကတော့ နားဝင်ချိုအောင် သာယာချေင်စွာပြောဆိုမှုပါဘဲ။ မိမိနှင့်တွေ့ဆုံ ပြောဆိုလာတဲ့ လူများကို ငယ်ရွယ်သူဖြစ်ပေမယ့် မရိုမသေ မပြောရဘူး၊ ကြမ်းကြမ်းတန်းတန်း မပြောရဘူး၊ ချိုသာယဉ်ကျေးစွာ ပြောရမယ်၊ အရွယ်အားလျော်စွာ ဘကြီး ဦးကြီး ဦးလေး အရီး အဒေါ် အစ်မစသည်ဖြင့်၎င်း၊ ငါ့ညီ ငါ့တူ ဖွဲ့တူမ စသည်ဖြင့်၎င်း ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုရမယ်။ လူတွေက ကဲ့ရဲ့ရှုပ်ချပြောတာကို မကြိုက်ဘူး၊ ချီးမွမ်းပြောတာကို ကြိုက်တယ်၊ မိတ်ဆွေရုပ်တွေ တော်တော်ကျသွားပါပကောလို့ ပြောလျှင် ဟုတ်ပေမယ့် မကြိုက်ဘဲရှိတတ်တယ်။ မိတ်ဆွေရုပ်က တယ်တင့်ပါလား နဲနဲတောင်နုလာတယ်လို့ ထင်ရတယ် စသည်ဖြင့် ပြောလျှင် မဟုတ်ပေတဲ့ ပြုံးပြီး သဘောကျတတ်တယ်၊ ဒါကြောင့် ကဲ့ရဲ့ရှုတ်ချပြီး မပြောရဘူး။ ချီးမွမ်းပြီးတော့သာ ပြောရမယ်။ မိမိအပေါ်မှာ မကျေနပ်စရာ အပြစ်ရှိသည်ဟု မိတ်ဆွေတဦးတယောက်က ထင်လျှင် တကယ်မဟုတ်ပေမယ့် မငြင်းကွယ်ရဘူး၊ သူ့အလိုက်သင့် ဝန်ခံပြီး တောင်းပန်ရမယ်၊ ဒီလိုဆိုတော့ တကယ်အပြစ်ရှိနေတောင် စိတ်ပြေသွားတယ်၊ မိတ်မပျက်ဘူး။ ဒါကြောင့် ချိုချိုသာသာ ပြောတာဟာ မိတ်ဆွေပေါအောင် လုပ်နည်း ၄–မျိုးထဲက ဒုတိယနည်းပါဘဲ။

တတိယနည်းကတော့ မိမိနှင့်တန်းတူထားမှုပါဘဲ လူတွေက ကိုယ့်ကို အထင်အမြင်သေးပြီး အောက်တန်းချထားလျှင် မကြိုက်ဘူး၊ ဒါကြောင့် ပေါင်းသင်းဆက်ဆံရာမှာ မိမိက ရာထူးကြီးတယ် ဂုဏ်ကြီးတယ်ဆိုပြီး ဟန်ကြီး ပန်ကြီး လုပ်မနေရဘူး၊ သာတူညီမျှ သဘောထားပြီး ပေါင်းသင်းဆက်ဆံတာဟာ မိတ်ဆွေပေါအောင် လုပ်နည်း ၄–မျိုးထဲက တတိယနည်းပါဘဲ။

စတုတ္ထနည်းကတော့ သူတစ်ပါး၏အကျိုးကို ဆောင်ရွက်မှုပါဘဲ။ အခြားသူမှာ အကူအညီလိုနေလျှင် ကူညီရမယ်။ ထိုသူ၏ကိစ္စကို တတ်နိုင်တဲ့နည်းနဲ့ ဆောင်ရွက်ပေးရမယ်။ သွားဘို့လိုလျှင် သွားပြီးဆောင်ရွက်ရမယ်၊ စောင့်ရှောက်ဘို့လိုလျှင် စောင့်ရှောက်ရမယ်၊ နည်းကောင်း လမ်းကောင်းကို ညွှန်ကြားပေးရမယ်၊ စွမ်းနိုင်လျှင်တရားဓမ္မ ဟောပြရမယ်၊ ဒီလိုအကျိုးကို ဆောင်ရွက်တာဟာ မိတ်ဆွေပေါအောင် လုပ်နည်း ၄–မျိုးထဲက စတုတ္ထနည်းပါဘဲ။

ဒီမိတ်ဆွေပေါအောင် လုပ်နည်း ၄–မျိုးထဲက တစ်မျိုး နှစ်မျိုး သုံးမျိုးနှင့်ဖြစ်စေ ၄–မျိုးစလုံးနှင့်ဖြစ်စေ ပြည့်စုံတဲ့သူမှာ မိတ်ဆွေပေါပါတယ်။ ဒီနည်း ၄–မျိုးစလုံး ချို့ယွင်းနေတဲ့သူမှာ မိတ်ဆွေနည်းတတ်ပါတယ်။

ယခုထုတ်ပြခဲ့သော မေးခွန်းမျိုးမှာ တရားတပွဲ တပွဲ၌ ၂၀–ကျော် ၃၀–လောက် ဖြေရှင်းပြရသည်၊ ထိုသို့ ဖြေရှင်းပြနေသောအခါ ပရိသတ်မှာ အထူးသဖြင့် စိတ်ဝင်စားလျက် နားစိုက်နေကြသည်။ ထိုမေးခွန်းများကို ဖြေကြားပြီးသောအခါ ဓမ္မကထိက ဆရာတော်က ၄–နာရီလောက်ကြာအောင် သည်းခံပြီး ရှိရှိသေသေ တရားနာနေကြတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီးလျှင် ကြွရောက်လာသော သံဃာတော်အားလုံးက "ဘဝတု သဗ္ဗမင်္ဂလံ" စသော ဂါထာများကို ရွတ်ဘတ်ခါ အနုမောဒနာ ပြုလျက် တရားပွဲကို သိမ်းသည်။ ထိုသို့ ရွတ်ဘတ်နေသောအခါ ပရိသတ်က မတ်တတ်ရပ်လျက် အရိုအသေ ပြုနေကြသည်။

အားလုံးသော သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဗုဒ္ဓမြတ်စွာသာသနာတော် တိုးတက် ထွန်းလင်းပါစေ။

**အင်ဒိုနေးရှား သာသနာပြုမှတ်တမ်း**
**နောက်ဆက်တွဲ ပြီးပါပြီ။**

အရှင် သောဘန
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ ရန်ကုန်မြို့။